
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ငှါသားများ စစ်ထဲ ဝင်ရင်လေ

ငှါသားများစစ်ထဲဝင်ရင်လေ၊ သူ့ကိုပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာ လိုက်နာနိုင်ရင် တကယ့်ယောကျ်ားမြတ် ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့

စစ်သည်တော်ဟောင်းကြီးတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၃၇၄ / ၂၀၀၂ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၄၃ / ၂၀၀၂ (၆)
ထုတ်ဝေသည့်လ
၂၀၀၂ခုနှစ် အောက်တိုဘာလ
အကြိမ်
ပထမအကြိမ်
အုပ်ရေ
၁၀၀၀
တန်ဖိုး
၆၀၀ ကျပ်
ပန်းချီ ... မောင်မောင်သိုက်
ဒီဇိုင်း .... ချစ်ဆန်း
ကာလာခွဲ ... မြကျွန်းသာ
အတွင်းဖလင် .. ကိုလွင်
ကွန်ပျူတာစာစီ .. ရွှေထီးမိုး
စာအုပ်ချုပ် .. ကိုတင်အေး ( ချယ်ရီ )

ထုတ်ဝေသူ
ဦးခင်မောင်သိမ်းဆွေ ( ၀၇၄၇ )၊ သလ္လာဝတီစာပေ
တိုက် – ၂၄၀၊ အခန်း (၃)၊ ဗေယျာသုလမ်း ၂၅ ရပ်ကွက်၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဒေါ်စန်းမြင့် (၀၅၅၄၉)၊ ဟသ်ာပုံနှိပ်တိုက်၊ တိုက် ၁၂၊ ၁၂၅ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

# သောင်းဝေဦး

## ငါ့သားများစစ်ထဲဝင်ရင်လေ

လှုပ်ဆန်းကြယ်မဂ္ဂဇင်းတိုက်နှင့် မိုးဆမ်းပန်းစာပေ
အမှတ် ၁၉/၂၁၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့မှ ပြည်လုံးကျွတ်ဖြန့်ချီပါသည်။

☎ : 705483

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ စာမျက်နှာ (၅) စာရေးသူ၏အမှာစာ . . . .

၂။ စာမျက်နှာ (၉) တမာရိပ်ကကြိုနေမယ်

၃။ စာမျက်နှာ (၅၀) ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့ မပျောင်းနဲ့နှင့်

၄။ စာမျက်နှာ (၇၁) ဟောတော့ . . . ရေတွေရှဲကုန်ပြီ

၅။ စာမျက်နှာ (၈၃) ကျောင်းနေတုန်းက မြသဲညွှာရယ်

၆။ စာမျက်နှာ (၉၉) ကြင်နာခြင်းတဝက်နဲ့ ရှုပ်ထွေးခြင်းတဝက်မို့

၇။ စာမျက်နှာ (၁၁၃) မင်းသိစေချင်ပါသည် မြဒါလီ

၈။ စာမျက်နှာ (၁၂၉) လေးဂေကိုသတိရသည်။

၉။ စာမျက်နှာ (၁၅၁) ငါ့သားများ စစ်ထဲဝင်ရင်လေ ။


# တမာရိပ်က ကြိုနေမယ်

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာစာ

လွန်ခဲ့သည့် ရက်အနည်းငယ်က မိုးဆမ်းပန်းစာပေမှ ထုတ်ဝေသူ ကိုကျော်ကျော်ဆွေက ကျွန်တော်ရေးသည့် စစ်နှင့် အချစ် ဝတ္ထုတစ်အုပ် ထုတ်လိုကြောင်း ပြောလာ၏။ ကျွန်တော့်မှာ ဘာမှ အဆင်သင့်မရှိပါ။ နဂိုကတည်းက အချစ်ဝတ္ထုသက်သက်ရေးသည့်သူလည်း မဟုတ်၍ နည်းနည်းတော့ အခက်တွေ့ပါသည်။ စာစရေးစဉ်က အနည်းအကျဉ်း ရေးခဲ့ပြခဲ့တာလေးတွေ ရှိခဲ့ပါ၏။ ထို့ကြောင့် ထိုဝတ္ထုကလေးတွေကို စုစည်းပြီး ကိုကျော်ကျော်ဆွေကို ပေးလိုက်ပါသည်။ အသစ်လည်း မရေးနိုင်ပါ။

လစဉ် အခန်းဆက်ရေးနေသည့် "**စစ်သားဘဝ အမှတ်တရများ**" ဖြစ်ရပ်မှန် ဇာတ်လမ်းရှည်ကလည်း ရပ်ထား၍ မရ၊ ဟိုလှန် ဒီလှန်ဖြင့် လတိုင်းရေးနေရ၏။ ကြုံကြားကြုံကြား ခရီးသွားနေသဖြင့် ခရီးသွားဆောင်းပါးများလည်း ရေးရပါသေးသည်။ နိုင်ငံ့ဝန်ထမ်းဖြစ်၍ လုပ်ငန်းတာဝန်များကြားမှ ကြိုးစားရေးသားနေရ၏။ လုပ်ငန်းဆိုင်ရာ ဘာသာရပ်များကလည်း ရှုပ်ထွေးများပြောင်လှပါသည်။ တာဝန်ကိုက ပြည်သူ့ဝန်ထမ်းဖြစ်နေ၍ ဝန်ထမ်းဘဝမှ

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

အနားမယူနိုင်သေးမီတော့ ဒီလိုပဲ သွားဟယ် လာဟယ်၊ ဖတ်ဟယ် မှတ်ဟယ် ဖြင့် အချိန်တွေက လျင်မြန်စွာ ကုန်ဆုံးသွားနေသည်။ အရွယ်ကလည်း အတော် ရလာပါပြီ။ သားသမီးတွေပင် အသီးသီး အိမ်ထောင်ကျနေကြပြီ ဖြစ်သည်။

ထို့ကြောင့် သင်္ဂါရရသတွေကို ငယ်စဉ်ကလို သိပ်မခံစားနိုင်တော့ပါ။ ရေးပြန်တော့လည်း ရေးရင်း ရေးရင်း လက်က တွန့်လာ၏။ ဟိုတုန်းကလို သိပ်မသွက်ချင်တော့။ အဲဒီဘာသာရပ်ကလည်း အခက်သားလားခင်ဗျာ။ သူက Emotional ဖြစ်လာမှ လုပ်၍ရပါသည်။ ရံဖန်ရံခါ ခံစားချက်ကလေးများ ပေါ်လာသည်တွင် တစ်ပုဒ်စ နှစ်ပုဒ်စ ရေးလိုက်မိပါ၏။ ယခု ဤစာအုပ်၌ ထို တစ်ပုဒ်စ နှစ်ပုဒ်စ ရေးထားသော ဝတ္ထုအသစ်ကလေးများနှင့် ၁၉၉၅ ခုနှစ် ပတ်ဝန်းကျင်က ရေးထားသော ဝတ္ထုကလေးများ ပေါင်းပြီး ကိုကျော်ကျော် ဆွေ လိုချင်သော စစ်၊ အချစ်ဝတ္ထုတိုပေါင်းချုပ်အား တင်ဆက်လိုက်ရပါသည်။ ထိုဝတ္ထုများမှာလည်း စာစောင်နှင့် မဂ္ဂဇင်းအချို့တွင် ပါဝင်ပြီးဖြစ်ကြောင်းကိုပါ ဝန်ခံလိုက်ပါသည်ခင်ဗျား။

*ရှင်လန်းချမ်းမြေ့ပါစေ*

**သောင်းဆဦး**

၂၂-၁-၂၀၀၂



# တမာရိပ်က ကြိုနေမယ်

"နွေရောက်ပြန်ပြီ မောင်ရေ…မောင် သိပ်ချစ်တဲ့ တမာပန်းတွေ ပွင့်ကုန်ကြပြီ၊ လှိုင်တို့ ကျောင်းထဲက တမာပင်တွေမှာလဲ အပွင့်တွေ ဝေလို့၊ ကျောင်းသွားတဲ့ လမ်းတစ်လျှောက်က တမာတန်းကလေးကလဲ အပွင့်တွေဖွေး ပြီး အနံ့တွေမွှေးလို့၊ မောင် ပြန်လာနေကြ ရွှေဘိုမဟာနန္ဒာကန်တော်လမ်းက တမာပင်တန်းကြီးကတော့ အပွင့်တွေတောင် ကြွေနေပြီ မောင်ရဲ့"

မောင့်ကို သတိရစွာဖြင့် ကျွန်မစိတ်ထဲက ရေရွတ်နေမိပါတယ်။ မောင်နဲ့ ကျွန်မ ဝေးသွားကြတာ အနှစ်နှစ်ဆယ်တောင် ရှိခဲ့ပါပြီ။ မောင့်ကို တစ်နေ့တစ်ရက်မှ ကျွန်မ မမေ့ခဲ့။ မောင်ကတော့ နိုင်ငံ့တာဝန် ဦးထိပ်ရွက်လို့ တောအနှံ့၊ တောင်အနှံ့ သွားလာနေရတဲ့ စစ်သားပေမို့ ကျွန်မကို သတိရချိန်ရှိချင်မှ ရှိမှာပါ။ ပြီးတော့လည်း မောင့်မှာက ကြင်သူသက်ထား ဇနီးမယားနဲ့ပေါ့။ ကျွန်မမှာသာ ယခုအချိန်အထိ မောင့်ကို သတိရလို့ ကောင်းနေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



သြော်…‘ငယ်က ချစ်၊ အနှစ်တစ်ရာ၊ မမေ့သာ’ ဆိုတဲ့ စကားက ကျွန်မအတွက်တော့ အကြွင်းမဲ့ မှန်ကန်နေတဲ့ ရင်ထဲက ခံစားချက်ပါ။

* * *

မောင်နဲ့ ကျွန်မက အညာတမာတွေကြားထဲမှာ ကြီးလာကြတာပါ။ ကျွန်မတို့ မြို့လေးက စစ်ကိုင်းတိုင်းအတွင်း မူးမြစ်အနောက်ဘက်ကမ်းမှာပါ။ တစ်မြို့လုံး တမာပင်တွေနဲ့ နွေဆို တမာတွေက တအားပွင့်ပြီး အနံ့တွေကလည်း သင်းလို့၊ မောင်က အဲဒီတမာပင်၊ တမာပွင့်တွေကို သိပ်ချစ်သတဲ့။ မောင်တို့ အိမ်ဝင်းထဲက တမာပင်အကြီးကြီး တစ်ပင်ရှိလေရဲ့။ မောင်က ကလေးလေး ကတည်းက အဲဒီတမာပင်ကြီးအောက်မှာပဲ သူ အမြဲစာကျက်ခဲ့တာ။ ဆယ်တန်း အောင်တဲ့အထိပဲတဲ့။ ငိုစရာရှိရင်လည်း အဲဒီတမင်ပင်ကြီးအောက်ကို သွားငို မိသတဲ့။ ပြောစရာရှိရင်လည်း အဲဒီတမာပင်ကြီးကိုပဲ ပြောမိသတဲ့။

မွေးချင်း မရှိရှာတဲ့ မောင့်အတွက် တမာပင်ကြီးက သူ့အဖော်တဲ့၊ ဒီစကားက မောင့်ကို အကြင်နာပွားပြီး သနားမိစေတဲ့စကားပါ။

“ဆယ်တန်းဖြေတဲ့နှစ်က ဒီတမာပင်ကြီးအောက်မှာ တစ်ယောက်ထဲ အလူးအလဲ စာကျက်ရတာ၊ တစ်ခါတစ်ခါ စာကျက်ပြီး မရတဲ့အခါမျိုးမှ ကိုယ့်ဟာကိုယ် ဒေါပွပွနဲ့ တမာပင်ကြီးကို ခေါင်းနဲ့ ပြေးပြေးတိုက်တာ၊ ခေါင်း တောင်မူးတယ်” ဆိုပဲ။

အဲ့သလို မောင်က ဆယ်တန်းဖြေတဲ့နှစ်က သူ စာကျက်တာလေး ပြောပြတော့ ကျွန်မမှာ မောင့်ကို ရယ်ရ သနားရနဲ့။ သြော်…ဖြစ်မှဖြစ်ရလေ မောင်ရယ်။





ဆယ်တန်းအောင်စာရင်းတွေ ထွက်တော့လည်း ကျောင်းကြီးမှာ အောင်စာရင်းသွားကြည့်ပြီး အောင်သူတွေက ပြုံးကြ၊ ပျော်ကြနဲ့ ဆူလို့ညံလို့။ မောင်ကတော့ တစ်ယောက်ထဲ သွားကြည့်ပြီး ခပ်ကုတ်ကုတ်လေး ပြန်လာတယ်။ စာမေးပွဲအောင်တာတောင် ရှေ့ဆက် ကျောင်းတက်ရမယ့်အရေးတွေးပြီး သူများတွေလို ဝမ်းမသာနိုင်ခဲ့ဘူးတဲ့။ အိမ်ရောက်တော့ တမာပင်ကြီးအောက်မှာ ရပ်၊ တမာပင်ကြီးကို မော့ကြည့်လိုက်ပြီး…

“ကဲ…ရဲဘော်ကြီးရေ…ကျုပ်တော့ ဆယ်တန်းအောင်သွားပြီဗျာ၊ ဘာဆက်လုပ်ရမလဲ၊ အကြံပေးစမ်းပါဦးဗျာ၊ တက္ကသိုလ်တက်ဖို့ ကျုပ်အရိုးမှာလဲ ပိုက်ဆံမရှိတော့ဘူးဗျ” လို့ တမာပင်ကြီးကို တိုင်တည်တယ် ဆိုပဲ။

မောင်ပြောပုံကို ငေးကြည့်ရင်း ကျွန်မမှာ ပြုံးမိသေးတယ်။ ဒါပေမယ့် ရင်ထဲက အသည်းနှလုံးမှာတော့ မျက်ရည်တွေ ဝေလို့ပါ။

တမာပင်ကြီးကတော့ မိုးဦးကျအနောက်တောင်လေတိုးလို့ တဟဲဟဲ တရှဲရှဲမြည်ပြီး သစ်ရွက်စိမ်းတွေ တလှုပ်လှုပ်နဲ့၊ “ကောင်းပါ့၊ ကောင်းပါ့” နဲ့ မောင့်ကို အားပေးနေတယ်လို့ထင်သတဲ့။

သိပ်စိတ်ကူးယဉ်တတ်တဲ့ မောင်ပါပဲလေ။

* * *

အိမ်ချင်းကပ်နေလို့ ငယ်ငယ်က မောင်နဲ့ ကျွန်မ မကြာခဏ ကျောင်းအတူ သွားကြပါတယ်၊ အဲဒီအခါမျိုးမှာ ကျွန်မကို ‘ကျောင်းသွားဖော်ညီမလေး’ လို့လည်း ဆိုတတ်ပါတယ်။

တစ်ယောက်တည်း နေခဲ့ရတဲ့ မောင့်အတွက် ကျွန်မတို့ မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



တစ်တွေက သူ့ဆွေမျိုးသားချင်းတွေပါပဲ။ ရိုးသားကြိုးစားတဲ့ မောင့်ကို ကျွန်မ ဖေဖေနဲ့ မေမေကလည်း ခင်ကြပါတယ်။ ကျွန်မတို့ မောင်နှမတွေ တစ်အုပ် တစ်မကြီးနေကြတာကို မြင်တိုင်း မောင်က 'အဲ့ဒီလို ဘဝမျိုး ရချင်လိုက်တာ၊ အားကျလိုက်တာ' လို့ ခဏခဏ ပြောဖူးပါတယ်။

ပြီးတော့ မောင်က အားတဲ့အခါတိုင်း ကျွန်မတို့ မောင်နှမတစ်တွေကို စာပြပေးတတ်ပါတယ်။ မောင်နဲ့ ကျွန်မကလည်း အတန်းက သုံးလေးတန်းတောင် ကွာတော့ စာတော်တဲ့ မောင့်အတွက် သိပ်အခက်အခဲရှိပုံ မရပါဘူး။

ကျွန်မတို့ ရပ်ကွက်က မြို့တောင်ဘက် အထက်တန်းကျောင်းကြီးနဲ့ ကပ်ရပ်၊ ကျောင်းကြီးတောင်ဘက်မှာ ရှိတဲ့ ကွက်သစ်ပါ၊ ကျောင်းကို ကျွန်မတို့ ခြေလျင်ပဲ သွားကြပါတယ်။ အိမ်ကနေ ကျောင်းကို သွားတဲ့မြေလမ်းတစ်လျှောက်မှာ တမင်ပင်ပေါက်ကလေးတွေကလည်း ဘေးတစ်ဖက်တစ်ချက် ဘယ်ညာတန်းလို့၊ အဲဒီလမ်းကလေးအတိုင်း နာရီဝက်လျှောက်ရင် ကျောင်းကြီးကို ရောက်ရော။

မောင် တက္ကသိုလ်စတက်တော့ ကျွန်မ ခုနစ်တန်းနှစ်ပေါ့။ အဲဒီနှစ်တွေ ကျောင်းပိတ်လို့ မောင် ရန်ကုန်က ပြန်ရောက်လာတော့ ကျွန်မက အတန်းတင် စာမေးပွဲကြီး ဖြေနေတုန်း။ မောင်က သူ ကုပ်ကပ်စုထားတဲ့ မရှိမယ့် ရှိမယ့် မုန့်ဖိုးထဲက ကျွန်မအတွက် ပုသိမ်ထီးအပြာလေးတစ်လက် ဝယ်လာပြီး လက်ဆောင်ပေးပါတယ်၊ အဲဒီတုန်းက ကျွန်မတို့ မြို့မှာ မိန်းကလေးပျိုပျိုရွယ်ရွယ်လေးတွေက ပုသိမ်ထီးတွေ ဆောင်းနေကြတော့ ကျွန်မ အမှတ်မထင် အဲ့ဒီအကြောင်း မောင့်ရှေ့မှာ တစ်ခါ ပြောမိတာနဲ့ ဝယ်လာတာတဲ့လေ။ မောင်က ကျွန်မအပေါ် အဲဒီအထိ ဂရုစိုက်တာကို ကျွန်မ သိပ်ကျေနပ်ခဲ့မိပါတယ်။

စာမေးပွဲဖြေတဲ့ရက်တွေမှာ မောင်က ကျွန်မကို ကူညီပြီး စာပြပေးပါ





တယ်၊ ဒါတင်မကဘူး…အိမ်ကနေ ကျောင်းကို အပို့အကြိုလည်း လိုက်ပြီး လုပ်ပေးတယ်၊ ဖေဖေက ရုံးသမားမို့ သိပ်မအားတော့ ကျွန်မကို နေ့စဉ် အပို့အကြို မလုပ်ပေးနိုင်ပါဘူး၊ မေမေကလည်း သိပ်နေကောင်းတာ မဟုတ်ဘူးလေ၊ ဒီတော့ မောင် ရှိနေတာ ကျွန်မအတွက် အားကိုးကြီးတစ်ခုပါပဲ။

ကျွန်မကို နေ့တိုင်း ကျောင်းကြိုကျောင်းပို့ လိုက်လုပ်ပေးနေတာကို ကျွန်မ သဘောကျခဲ့ပါတယ်။ မောင်က သူ့ညီမအရင်းလေးလိုပဲ ကျွန်မကို အရိပ်တကြည့်ကြည့်နဲ့ပါ၊ ကျွန်မကသာ စာမေးပွဲကို အေးအေးဆေးဆေး ဖြေနေတာ၊ မောင်က သူဖြေနေရသလိုပဲ စိတ်ပူရှာတယ်၊ ညနေတိုင်းပဲ ကျောင်းပေါက်ဝက စောင့်ပြီး…

"လှိုင်လှိုင်…ဖြေနိုင်ရဲ့လား၊ ဖြေနိုင်ရဲ့လား" နဲ့ စိုးရိမ်တကြီး မေးတတ်ပါတယ်။

စာမေးပွဲကြီးပြီးသွားတဲ့နေ့ကတော့ ကျောင်းဂိတ်ဝမှာ ခါတိုင်းလိုပဲ မောင်က စောင့်ကြိုလျက်ပါ၊ ပြီးတော့ ကျွန်မကို အသေအချာကြည့်ပြီး…

"လှိုင်လှိုင်…ဖြေနိုင်တယ်နော်" တဲ့၊ မေးနေကြ မေးခွန်းပါပဲ။

"ဖြေနိုင်ပါတယ်"

ကျွန်မအဖြေကို ကြားလိုက်ရတဲ့နောက် မောင် ခဏငြိမ်သွားတယ်။

"ဖြေနိုင်ရင် သိပ်ဝမ်းသာတယ်၊ နေ့တိုင်း ဖြေနိုင်တော့ အောင်မှာပါ၊ ဖအေတော်ပဲ…စာမေးပွဲကြီးပြီးတဲ့နေ့မှာ လှိုင်လှိုင့်ကို ပြောစရာရှိတယ်၊ အဲဒါ ပြောမလို့"

"မောင့်အသံက နည်းနည်းတိုးသွားသလို မျက်နှာထားကလည်း မိုတည်သွားတယ်။

"ဘာလဲဟင် အစ်ကိုဦး"



www.burmeseclassic.com

www.burmeseclassic.com



''အဲ…ဟိုလေ…ကိုယ် လှိုင်လှိုင့်ကို ချစ်နေလို့…အဲဒါ လှိုင်လှိုင့် အဖြေသိချင်လို့''

ကတိုက်ကရိုက်ကြီး ပြောချလိုက်တဲ့ မောင့်စကား၊ ကျွန်မ မမျှော်လင့်မိတဲ့ စကားပါ။ ရုတ်တရက် ဖြစ်နေတော့ ကျွန်မ ဘာပြန်ပြောရမှန်းတောင် မသိပါဘူး၊ မျက်နှာတွေလည်း ထူပူသွားတာပဲ၊ မောင့်ကိုလည်း မကြည့်ရဲ၊ မောင့်ကို အဲဒီတုန်းက ကျွန်မစိတ်ထဲမှာ အစ်ကိုတစ်ယောက်လိုပဲ အောက်မေ့ထားတာ၊ ကိုယ့်ကိုကိုယ်လည်း အပျိုလို့မှ မထင်သေးတာ။

''ဟင့်အင်း…လှိုင် မသိဘူး အစ်ကိုဦး၊ လှိုင် မပြောတတ်ဘူး၊ အစ်ကိုဦးက လှိုင့်အစ်ကိုပဲဟာ''

ကျွန်မ အဲ့ဒီလိုပြောပြီး အိမ်ကို အပြေးကလေးပြန်ခဲ့ပါတယ်။ မောင့်ကို တစ်ချက်ပြန်ငဲ့ကြည့်လိုက်တော့ မောင်က မျက်နှာငယ်ကလေးနဲ့ တမာလမ်းကလေးမှာ တစ်ယောက်တည်း ငူငူကြီးကျန်ခဲ့ပါတယ်။

ကျွန်မ ရှက်လည်းရှက်၊ ရင်လည်းဖိုတယ်၊ ငိုလည်းငိုချင်တယ်၊ တစ်မျိုးကြီးပေါ့ရှင်။

* * *

''အဲဒီနှစ် နွေမှာ မောင် ရန်ကုန်ကို စောစောပြန်သွားခဲ့ပါတယ်၊ ကျွန်မကိုလည်း ''ညီမရင်းလေးတစ်ယောက်လို နေရာက မေတ္တာစကားဆိုမိတာ ခွင့်လွှတ်ပါ'' လို့လည်း ပြောသွားပါသေးတယ်၊ မောင် မေတ္တာစကားဆိုလာမှ ကျွန်မလည်း ကိုယ့်ဟာကိုယ် အရင်ကထက်ပိုပြီး ဂရုစိုက်လာမိတယ်၊ အဝတ်အစားဝတ်တာ ပြင်တာဆင်တာကလေးတွေကစပြီး လှလှပပဖြစ်အောင်





တတ်နိုင်သမျှ လုပ်လာမိတယ်၊ အိမ်ကာ နှင်းဆီခြံက နှင်းဆီပန်းနီနီကလေးတွေကိုလည်း ကျွန်မ ပန်တတ်လာပြီ၊ သနပ်ခါးပါးပါးလေးလည်း အမြဲလူးတတ်လာပြီ။

မောင် မရှိတဲ့ရက်တွေမှာ ကျောင်းကြီးရှေ့က တမာလမ်းကလေး ရောက်တိုင်း မောင်တစ်ယောက် စာမေးပွဲပြီးတဲ့နေ့က ရှက်ကိုးရှက်ကန်းနဲ့ ကျွန်မကို မေတ္တာစကားပြောသွားတာကိုလည်း သတိရနေမိပါတယ်။

ဪ…ဝေးသွားမှ ပိုသတိရနေတယ် ထင်ပါရဲ့။

မောင်က သူများတွေလို မိစုံဖစုံလည်းမရှိ၊ ကြီးတော်ကြီးနဲ့ နေရတာ၊ ငွေကြေးကလည်း သိပ်မပြည့်စုံဆိုတော့ ရန်ကုန်မှာ တက္ကသိုလ်တက်ရင်း ကျောင်းစားရိတ်ရှာရသတဲ့။ အဆောင်မှာ မနေနိုင်လို့ နေ့ကျောင်းသားရသတဲ့လေ။ ကျောင်းပိတ်ရက်တွေမှာလည်း မိုလ်ချုပ်ဈေးတို့ လဟာပြင်တို့ သိမ်ကြီးဈေးတို့မှာ စာအုပ်ထွက်ရောင်းသတဲ့။ နွေမှာ စာအုပ်ရောင်းလို့ သိပ်ကောင်းပြီး အညာမပြန်ပဲ မနေနိုင်လို့ ပြန်ပြန်လာရတာလို့ ကျွန်မကို ပြောရှာပါတယ်၊ ရိုးသားကြိုးစားသူဆိုတော့ မောင်ပြောတာ ဟုတ်မှာပါ။ ကြိုးစားလို့လည်း ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သွားခဲ့တာ၊ မောင်တို့ အောင်တဲ့နှစ်က တစ်နိုင်ငံလုံးမှာ သုံးရာခိုင်နှုန်းပဲ အောင်တာလေ၊ အောင်ချက် သိပ်နည်းတဲ့နှစ်ပေါ့။

တက္ကသိုလ်မှာ မောင်က စိတ်ကြိုက်မြန်မာစာပါတဲ့ ဘာသာတွဲကို ယူတော့ ပထမနှစ်မှာ မဟာနန္ဒာကန်တော်ဘွဲ့ကို သင်ရတယ်တဲ့။ ကျွန်မတို့ မြို့ကိုပြန်တိုင်း နွေဆို ဒီမဟာနန္ဒာကန်တော်လမ်းက ပြန်ကြရတာ၊ နွေပေါက်ပြီဆိုတိုင်း ဒီရွှေဘိုခင်ဦး မဟာနန္ဒာကန်တော်လမ်းက တမာပင်၊ တမာတန်းနဲ့ တမာပန်းတွေက သိပ်လှတာ၊ အရိပ်ကလည်း သိပ်ကောင်းတာပဲ၊ တမာရိပ်ကို ဝင်လိုက်ရင် အေးသွားတာ။ ကန်တော်လမ်းက တမာရိပ်က မွေးရုံအေးရုံမကဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မဟာနန္ဒာကန်တော်ဘွဲ့ကလည်း အဓိပ္ပာယ်ကောင်းလွန်းလို့ မောင်က ခဏခဏ ရွတ်ရင်း ရှင်းပြဘူးပါတယ်။

"ချစ်၍ခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းရွံ့နှင့်၊
အံ့ဘွယ့်အတိ၊ တိုင်းမသိသား၊ ပြည်ကြီးတန်ဆာ၊ ကန်နန္ဒာမှ၊
ရာဇာများပန်း၊ မှန်နန်းများရှင်၊ ဖန်စီရင်၍၊ ညာခွင်ချောင်းရိုး၊
ကိုးဆယ့်ကိုးက၊ ရေမိုးယှက်လည်၊
စီးလာသည်ကို၊ စီးညည်သယ်ဖို့၊ တောင်ကဲ့သို့ပင်၊
မို့မို့ညီရောင်၊ သင်းကန်ပေါင်နှင့်၊ ရေတောင်မောက်လာ၊
လွမ်းမောသာသည်၊ ကန်တော်သာသည် ရောက်ခါမြင်တော်မူလိမ့်
မည်" တဲ့။

ယောက်ျားကလေး သူ့ချစ်သူမိန်းကလေးကို ခေါ်တဲ့ ရတုကဗျာလေးပါ။ ကျွန်မတို့နှစ်ယောက်တည်း ကြုံတိုင်း မောင်က…

"ချစ်၍ ခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းရွံ့နှင့်" လို့လည်း သွယ်သွယ်ဝိုက်ဝိုက် ဆိုတတ်ပါတယ်၊ မြန်မာစာပေမြတ်နိုးသူမို့ ထင်ပါရဲ့။ မောင့်စကားတွေက ရှေးစာဆိုကြီးတွေရဲ့ ကဗျာစကား၊ စာ စကားတွေချည်းပဲ။

"ဘယ်ကိုလိုက်ရမှာလဲ မောင်ရဲ့" လို့ မေးချင်ပါရဲ့၊ မမေးဖြစ်ခဲ့ဘူးလေ။ မေးမှ မမေးရဲပဲ။

တကယ်တော့ ကျွန်မ မောင့်ကို ချစ်နေမိခဲ့ပြီထင်ပါတယ်၊ ဒါပေမယ့် မောင်က ဟိုးတစ်ခါ မေတ္တာစကားပြောခဲ့ဖူးပြီးတဲ့နောက် ထပ်ပြီး ပွင့်ပွင့်လင်းလင်း ဘာမှမပြောပါဘူး၊ နွေကျောင်းပိတ်ရက်တွေမှာလည်း မြို့မှာ ကြာကြာ မနေတော့ဘဲ ရန်ကုန်ကို မြန်မြန်ပြန်သွားတတ်ပါတယ်၊ ကျွန်မကိုလည်း ပါလာတဲ့လက်ဆောင်လေးတွေ ပေးပေမယ့် အရင်ကလောက်တော့ အရောတဝင်





မလုပ်တော့ပါဘူး၊ မောင်ပေးတဲ့ လက်ဆောင်ပစ္စည်းလေးတွေကိုလည်း တယုတယသိမ်းရင်း ကျွန်မမှာ မောင့်ကို တိတ်တခိုးသတိရနေပါတယ်။

စာကြိုးရလွန်းလို့လားတော့ မသိဘူး၊ မြို့ကို ပြန်ရောက်လာတိုင်း မောင့်ကြည့်ရတာ တစ်နေ့တခြား ပိုပြီး ပိန်ပိန်လာတယ်၊ ကျွန်မ မောင့်ကို ကြည့်ပြီး သနားနေမိတာအမှန်ပါ။

တစ်နှစ်မှာ ထူးထူးခြားခြား မောင်တို့ တက္ကသိုလ်ကျောင်းသားတွေ အားလုံး နယ်မှာ စာမေးပွဲဖြေရလို့ မြို့ကို စာမေးပွဲဖြေဖို့ မောင် ပြန်လာတယ်၊ ကျွန်မကို တွေ့တွေ့ချင်း မောင်က သေသေချာချာကြည့်ပြီး…

"သြော်…လှိုင်လှိုင် မတွေ့တာကြာလို့ ကိုယ့်ညီမလေးက သိပ်လှနေပြီပဲ" လို့ ဆိုတယ်။ သိပ်လှတယ်ပြောလို့ မိန်းကလေးတို့ သဘာဝအတိုင်း ကြည်နူးမဆုံး ဖြစ်ခဲ့ရပါတယ်ရှင်။

* * *

မောင်တို့ အဲဒီနှစ်စာမေးပွဲကို ရွှေဘိုသွားဖြေရကြပါတယ်၊ ကျွန်မတို့ တစ်တွေလည်း တက္ကသိုလ်စာမေးပွဲနဲ့ မရှေးမနှောင်း ကိုယ့်မြို့မှာ ကိုယ် စာမေးပွဲဖြေကြရတယ်။

အောင်စာရင်းထွက်တယ် ကြားကြားချင်း ကျောင်းကို ကျွန်မ အပြေးအလွှားသွားပြီး ကြည့်တယ်၊ လက်ထဲမှာလည်း မောင်ပေးထားတဲ့ ပုသိမ်ထီးကလေးနဲ့၊ ကျွန်မ အောင်ပါတယ်၊ သူငယ်ချင်းတွေလည်း အောင်ကြတယ်၊ ယောက်ျားလေးသူငယ်ချင်းတွေထဲက အရင်းနှီးဆုံးသူငယ်ချင်း တင်မောင်ဝင်းနဲ့ မောင်မောင်လည်း အောင်တယ်၊ စာမေးပွဲအောင်လို့ ပျော်လိုက်တာ၊ ပျော်ရင်း မောင့်ကို သတိရနေမိတယ်။

www.burmeseclassic.com



စာမေးပွဲအောင်စာရင်းကြည့်ပြီးအပြန် ဘယ်ကနေ ဘယ်လိုသတင်းကြားလာလည်းမသိဘူး၊ ကျောင်းပေါက်ဝ တမာလမ်းကလေးကနေပြီး ကျွန်မကို မောင် လာစောင့်နေတယ်၊ နေ့ခင်းမို့ နေကပူနေပါပြီ၊ မောင့်ကို တွေ့တွေ့ချင်း ကျွန်မက နေပူတာကို သတိမရနိုင်ဘဲ…

"အစ်ကိုဦး…လှိုင် အောင်ပြီ သိလား"

မောင်က စိုက်ကြည့်နေရင်း…

"သိပါတယ်ကွယ်၊ သိလို့ ဝုဏ်ပြုပြီး လာကြိုတာ"

"လှိုင် သိပ်ဝမ်းသာတာပဲ"

"ကိုယ်လဲ ဝမ်းသာပါတယ်"

ဝမ်းသာတယ်သာ ပြောတာ၊ မောင့်ကို ကြည့်ရတာ သိပ်ရွှင်ရွှင်ပျပျမရှိ။

"အစ်ကိုဦး…အစ်ကိုဦး ကြည့်ရတာ တစ်မျိုးပဲ…ဝမ်းသာတယ်သာ ပြောတယ်၊ ငိုင်တိုင်တိုင်ကြီး"

ဒီတော့မှ မောင်က ပြုံးဖို့ ကြိုးစားရင်း…

"ကိုယ် မနက်ဖြန် ရန်ကုန်ပြန်တော့မလို့၊ လှိုင်လှိုင့်အောင်စာရင်း မထွက်သေးလို့ စောင့်နေတာ၊ လှိုင်လှိုင် စာမေးပွဲအောင်ပြီး ဝမ်းသာတာ၊ ပျော်တာ မြင်ရပြီးမှ ပြန်မယ်လို့ ဆုံးဖြတ်ထားတယ်၊ အခုမြင်ရတော့ ကိုယ်ပြန်လို့ ရပါပြီ၊ ကိုယ့်ညီမလေးပျော်တာ မြင်ရတော့ ကိုယ်သိပ်ကျေနပ်တာပဲ"

"ဒီလောက်တောင်ပဲလား အစ်ကိုရယ်"

"ဒီ့ထက်မကပါဘူး ညီမရယ်"

"ဩော်….အစ်ကိုရယ်၊ ကဲ…လာ နေပူနေပြီ"

ကျွန်မက မောင့်ကို ထီးအောက်ခေါ်လိုက်မိပါတယ်၊ မောင်က ပုသိမ်ထီးလေးအောက် ငုံ့ဝင်ရင်း ကျွန်မလက်ကို အသာဖမ်းဆုပ်ပြီး…





"လှိုင့်ကို ချစ်ခဲ့ရတာ ကြာပါပြီညီမလေးရယ်၊ ဒီတစ်ခါတော့ အစ်ကို့ကို ဝမ်းသာရမယ့်အဖြေပေးလိုက်ပါတော့"

မောင့်အသံက တိုးညှင်းတုန်ခါလို့ နေပါတယ်။

"ဖြေစရာလိုသေးလို့လား မောင်ရယ်"

ကိုယ့်ကို ကိုယ် သတိမထားလိုက်နိုင်ခင် လွှတ်ခနဲ ကျွန်မ ပါးစပ်က ထွက်သွားပါတယ်။

"အို…ဘယ်လို…ဘယ်လို…မောင်တဲ့လား"

မောင်က ရုတ်တရက် ချက်ချင်းဝမ်းသာသွားတဲ့အသံနဲ့၊ မောင့်အသံအဆုံးမှာတော့ ရင်ခုန်သံတွေ မြန်နေကြတဲ့ ကျွန်မတို့နှစ်ယောက်၊ ပုသိမ်ထီးပြာပြာအောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် နားလည်သဘောပေါက်စွာနဲ့ ကြည့်မိကြပါတယ်။

အဲဒီနေ့ဟာ မောင်နဲ့ ကျွန်မတို့ရဲ့ တရားဝင်ချစ်ခရီးအစ ပထမနေ့ပေါ့

ဩော်…ကြာတော့ ကြာခဲ့ပါပြီလေ။

ကျွန်မတို့ အိမ်မှာ မောင်နှမငါးယောက်ရှိပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် အသက်သိပ်မကွာကြပါဘူး၊ တစ်နှစ် နှစ်နှစ်စီလောက်ပဲ ကွာပါတယ်၊ ကျွန်မအောက် နှစ်ယောက်က မောင်တွေဆိုတော့ မေမေ့ကို ကျွန်မကပဲ ကူရတယ်လေ၊ မီးဖိုချောင်ဝင်တာ၊ လျှော်တာဖွတ်တာ၊ မနက်ဈေးသွားတာ၊ မောင်လေး ညီမလေးတွေ ကျောင်းသွားဖို့က အစပေါ့။

မောင်လေးတွေက ယောကျ်ားလေးတွေဆိုတော့ စားမယ်သောက်မယ်၊ သွားမယ်လာမယ်ပေါ့။ အိမ်မှာ ရှိတာ မရှိတာ သူတို့ဘာမှ မသိကြဘူး၊ သူတို့က ဖေဖေ့လို့လည်း မဟုတ်ဘူး၊ မောင့်လို့လည်းမဟုတ်ဘူး၊ မှုပတ်နိ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားဘဝကတည်းက တစ်ယောက် လေးဌတစ်လက်နဲ့ ရပ်ကွက်ထဲမှာ လှည့်ပြီး ကြက်ပစ်ငှက်ပစ်သောင်းကျန်းနေကြလို့ အဖေ အမေ မျက်နှာပျက်ရ ပေါင်းများပြီ။ တစ်ခါတလေ အိမ်တွေဘာတွေ လေးဌမှန်သွားလို့ သွားသွား တောင်းပန်ရတဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ဘူး၊ အဖေက ရုံးအလုပ်နဲ့၊ အမေက ကျန်းမာရေး မကောင်းတော့ ကျွန်မပဲ လူကြီးလုပ်ပြီး သွားသွားတောင်း ပန်ရတယ်၊ မောင်နှစ်ယောက်က နေရာတကာပါ နေရာတကာစွာတော့ ရပ်ကွက် ထဲမှာ ထစ်ခနဲဆို သူတို့ပါလာကြတယ်၊ အရွယ်နဲ့မလိုက်အောင် နာမည်ကြီး နေကြတာ၊ သူတို့အတွက်လည်း ဖေဖေနဲ့ မေမေကို သနားပါတယ်။ ကလေး ကတည်းက ဆေးလိပ်ခိုးသောက်လို့ သောက်၊ ကြက်ခိုးချက်စားလို့ စားနဲ့၊ ပေါင်းတာတောင် သူတို့ထက်ကြီးတဲ့ လူပေလူတေတွေနဲ့ ပေါင်းတာလေ၊ ရပ် ကွက်ထဲမှာတော့ သူတို့ဆိုးတာ အားလုံးက သိကြပါတယ်။

သူတို့အတွက် ဂုဏ်မတက်ပဲ အရှက်ရခဲ့ပေါင်းများလှပါပြီ။ ဘဝအကျိုး ပေးကိုက မကောင်းခဲ့တာ ထင်ပါရဲ့။

အရွယ်မရောက်သေးတဲ့ အငယ်ဆုံးညီမလေးကိုလည်း အမေ့ကိုယ်စား ပြုစုရတာပဲလေ။ အစ်မကြီး အမိအရာဆိုတဲ့ စကားအတိုင်းပါပဲ။ ကျွန်မမှာလည်း သူတို့အတွက် အစစအရာရာ တာဝန်ခံပြီး ပူပန်နေရတာ ငုံးဆူး လူမသိပါ။

* * *

**"ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော် လိုက်တာ"** ဆိုတဲ့ စကားလို ချစ်သူဘဝမှာ နေ့ရောက်တိုင်း ကျွန်မ မောင့်ကို **တမ်းတမ်းတတ** မျှော်ရပါတယ်။





မူးမြစ်နဲ့ အိမ်ကလည်း သိပ်မဝေးတော့ တစ်ခါတလေ မောင် ပြန်လာ မယ်ဆိုတဲ့ စာလာရင် မူးမြစ်ကို ကူးထားတဲ့ နွေယာယီတံတားထိပ်ကနေပြီး ပြေးကြိုချင်စိတ်တွေ တအားပါပဲ။ ဒါပေမယ့်လည်း တစ်ခါမှ မကြိုဖြစ်ခဲ့ပါ ဘူး၊ အလုပ်တွေ မအားတာရယ်၊ ရှက်တာရယ်ပေါ့၊ ကျွန်မတို့ နယ်မြို့ကလေး မှာက သိတယ်မဟုတ်လား၊ မိုင်းကောင်းကျောက်ဖိနေတတ်မှလည်း တော်ကာ ကျတာလေ။

"လှိုင်လှိုင် ဆိုတဲ့ ကောင်မလေး၊ သူ့ရည်းစား ကိုဦးကို မူးမြစ်တံတား ထိပ်ကတောင် သွားကြိုသတဲ့" ဆိုရင် ဒီလိုသတင်းမျိုးက ခဏလေးပျံ့နှံ့သွား တတ်တာ။ ပြီးတော့ အဲဒါကို တစ်မြို့လုံးက ပြောမဆုံးတော့ဘူးလေ။

ကျွန်မတို့မြို့က မန္တလေးတက္ကသိုလ်မှာ မယ်ရခဲ့ဖူးတဲ့ မမစိုးဆိုရင် သိပ်ဆိုရှယ်ကျတာ၊ ယောက်ျားလေးမိတ်ဆွေတွေနဲ့ တစ်တွဲတွဲပဲ၊ သဘောလည်း ကောင်းတယ်၊ ရုပ်လည်းချောတယ်၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း အရပ် မြင့်မြင့်နဲ့ တအားလှတာ၊ ဒါပေမယ့် ကျွန်မတို့မြို့က သူ့ကို နှာခေါင်းရှုံ့ကြ တယ်၊ အဲ...ဘယ်သူကမှလည်း မယူရဲကြဘူး၊ မမစိုးကတော့ ခပ်ပျော်ပျော် ပဲလေ၊ ဘယ်သူတွေဘာပဲပြောပြော သူ့ဟာ သူတွဲချင်သူနဲ့ တွဲနေတာပဲ၊ နောက် တော့ မြို့ပိုင်လေးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားပါတယ်၊ သူက သတ္တိရှိ ဟယ်လေ၊ ကျွန်မကတော့ မမစိုးလို မလုပ်ရဲဘူး၊ မလုပ်ဝံ့ဘူး၊ သတ္တိမရှိဘူး။

မောင့်ကို လူမြင်ကွင်းမှာ မကြိုရဲပါဘူးရှင်။

လူမြင်ကွင်းမှာ သူ့ကို မကြိုရဲမှန်းသိလို့ ပြန်ရောက်ရင် မောင်က အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် လာတတ်ပါတယ်၊ သူလာရင်လည်း ညပိုင်းကျမှ လာတတ်တာ၊ အညာနွေညတွေက တမာနံ့တွေနဲ့သင်းပြီး လရောင်လေးတွေ ဖွေးပြက်နေလို့ သိပ်ရင်ခုန်စရာကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလည်း မသွားရ၊ အိမ်အလုပ်တွေကလည်း များဆိုတော့ မောင်နဲ့ ကျွန်မ စကားပြောဖို့ဆိုတာလည်း ညကျမှ အချိန်ရတာမဟုတ်လား။

မောင် တက္ကသိုလ်နောက်ဆုံးနှစ်ဖြေပြီး ပြန်လာတဲ့တစ်ည။

ကျွန်မတို့အိမ်ရှေ့က တမာပင်နဲ့ မယ်ဇလီပင်အုပ်ကလေးတွေကြားမှာ မောင်နဲ့ စကားပြောခဲ့ရတာလေးကိုလည်း ကျွန်မ မမေ့ပါဘူး။

မောင်က သူ့ရဲ့ ရန်ကုန်အတွေ့အကြုံနဲ့ စွန့်စားခန်းတွေကို ပြောပြပါတယ်၊ တက္ကသိုလ်မှာ မကြာခဏ ငွေပြတ်လို့ ကျောင်းလခမသွင်းနိုင်တာ၊ ဘတ်(စ်)ကားခတောင် မပေးနိုင်လို့ ခြေလျင်လျှောက် ကျောင်းတက်ရတာ၊ ထမင်းနပ်မမှန်တာ၊ ဒီကြားထဲက အသည်းအသန် စာကြိုးစားခဲ့တာ၊ ဒါတွေအားလုံးဟာ ကျွန်မကိုချစ်လို့၊ ကျွန်မကို အဆင့်အတန်းရှိရှိ လက်ထပ်ချင်လို့ သူကြိုးစားခဲ့တာတဲ့။ အားလုံး ကျွန်မအတွက်ပါပဲတဲ့။

ပြီးတော့လည်း ကျွန်မ လက်ကလေးကို အသာကိုင်ပြီး မောင်က လွမ်းမောတဲ့လေသံနဲ့…

"မောင် ပြောတာတွေကို ယုံရဲ့လားလှိုင်ရယ်" တဲ့။

"ယုံပါတယ် မောင်ရယ်၊ ယုံလွန်းလို့ ခက်နေတာပါ"

"ဘာကို ခက်တာလဲ လှိုင်"

"မောင် ချစ်တာကိုသိလို့ ခက်တာပေါ့ မောင်ရယ်"

မအားတဲ့ကြားက ကပိုကရိုဝတ်စားထားပြီး သနပ်ခါးပါးကွက်ကြားနဲ့ စပယ်ကုံးလေး လျှော့ရိလျှော့ရဲ ပန်ထားတဲ့ ကျွန်မကို မောင်က…

"စိတ်မဆိုးနဲ့နော် လှိုင်၊ လှိုင့်ကိုကြည့်ပြီး စာဆိုတော်ကြီးဦးကြီးရဲ့ လွမ်းချင်းတစ်ပုဒ်ကို သွားသတိရတယ်"

"ပြောပါဦး မောင်ရဲ့၊ စိတ်မဆိုးပါဘူး"





ဪ…ဦးကြီးရဲ့ "ရွှေလိပ်ပြာ ရှင်စေ့မယ်" ဆိုတဲ့ လွမ်းချင်းမှာဘာတဲ့။

**"အမိတို့ တောရွာအိမ်၊ သည်ရိုန်ကို ပဲခင်းအောက်**

**လပျောက်မှာ မိုင်းငင်၊ ရွှေရင် အင်္ကျီသိုင်းလို့၊**

**တစ်ပိုင်း ပိုတရှိနှင့်၊ အစ်ကိုတို့ ဘန်းပြလိုက်မယ်လေး" တဲ့။**

"ဟင်…ဘာဆိုင်လို့လဲ မောင်ရဲ့"

"ဪ…လှိုင်က မိသားစုကိစ္စနဲ့ အလုပ်တွေများတဲ့ကြားက မောင့်ကို အပြေးအလွှားတွေ့ရတာဆိုတော့ ကပိုကရိုလေးမို့ ပိုတောင်လှနေပါသေးတယ်၊ အဲ…လွမ်းချင်းကလဲ မဆုံးသေးဘူး"

"ဟင်…ဟင်း…လှတယ်ပြောတော့ ကျေနပ်ရမှာပေါ့၊ ကဲ…မဆုံးသေးလဲ ဆုံးအောင် ပြောပါအုံး"

**"တစ်ဖက်ကယ်မှောင်တာ၊ တစ်ခြမ်းဟာမှာ၊**

**နံ့သာလိမ်းကွက်၊ လရောင်ပြက်မှာ၊**

**အသက်တယ်နှင်းဆောင်၊ နွားခွံခင်းတဲ့၊**

**တလင်းပြောင်းဝယ်၊ ရိပ်ယောင်မထင်၊**

**လှခြေတိတ်ကိုမှ၊ ရွှေလိပ်ပြာရှင်စေ့မယ်၊**

**ဦးရင်တို့ မြို့သူလို၊ ဒို့တောမှ တယ်မကြမ်းပါဘူး၊**

**ခြေရေကုန်လည်ဆံတမ်းချိန်မှ၊ ဖမ်းပါ့မယ်လေး" တဲ့။**

"အမလေး…မောင်ရယ်၊ လှိုင်က မောင့်ကို ကြမ်းလဲမကြမ်းပါဘူး၊ ဖမ်းလဲမဖမ်းပါဘူး၊ ကြောက်ပါတယ်နော်"

"ကြမ်းချင်တာ ဖမ်းချင်တာက မောင်ပါ လှိုင်ရဲ့၊ အခုလို စကားပြောရတာက ဇာပုဝါတစ်ကမ်းဆိုတော့ အားမလိုအားမရနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်…တော်…ဆရာကြီး"

အဲဒီညက ရွှန်းမြမြလရောင်ရိပ်မှာ မောင်က ကျွန်မလက်ကလေးကို အသာဆုပ်ကိုင်ပြီး ခပ်ဖွဖွကလေးနမ်းလို့ ပြန်သွားခဲ့တယ်လေ၊ ကျွန်မ ရှက်တတ်မှန်း မကြိုက်မှန်းသလို ကြမ်းလည်း မကြမ်းသွားပါဘူး၊ ရမ်းလည်း မရမ်းသွားပါဘူး၊ မောင်က တကယ့်လူကြီးလူကောင်းပါ။

ဒါပေမယ့် ကျွန်မအတွက်တော့ မမေ့နိုင်တဲ့ ရင်ခုန်ရတဲ့ညလေးပါ။

* * *

တက္ကသိုလ်က ဘွဲ့ရသွားတော့ မောင်တစ်ယောက် မပြောမဆိုနဲ့ တပ်မတော်ထဲ ဝင်သွားခဲ့ပါတယ်၊ ကျွန်မတို့ အညာသုံ့အညာသားတွေမှာ စစ်ဗိုလ်စစ်သားဆိုတာ ခပ်ရှားရှားပါ။ ကျွန်မတို့ မူးမြစ်ဝှမ်းမှာက အေးချမ်းတယ်၊ သူပုန်သူကန်လည်း မရှိတော့ မိရိုးဖလာ လယ်ယာလုပ်ပြီး အားလုံးက အိုးမကွာ အိမ်မကွာ နေကြတာ၊ ဘယ်သူမှ ကိုယ့်အိမ်ကိုယ့်ယာ ပစ်ပြီး စစ်ထဲမလိုက်ကြဘူး၊ ရှိတော့ရှိတယ်…ရှားတယ်ပေါ့လေ။

ရှားတာမှ အဖိုးတန်လို့ထင်ရဲ့၊ မောင်ကတော့ ဘာမပြောညာမပြောနဲ့ စစ်ထဲလိုက်သွားတာ ကျွန်မကိုတောင် အသိမပေးခဲ့ပါဘူး၊ မောင့်ကြီးတော်သွားမေးတော့လည်း သူလည်း မသိလိုက်ရပါဘူးလို့ မျက်ရည်ဝဲဝဲနဲ့ ပြောရှာတယ်။

မောင်ရယ်…လှိုင့်ကိုတော့ အသိပေးဖို့ ကောင်းပါတယ်၊ တိုင်ပင်ဖို့ ကောင်းပါတယ်။

မောင် ဗိုလ်သင်တန်းဆင်းတော့ ကျွန်မလည်း မန္တလေးတက္ကသိုလ်





ရောက်နေပါပြီ။ ကရင်ပြည်နယ်မှာ တာဝန်ကျတဲ့ မောင်က တပ်မှာ စစ်ဆင်ရေးတစ်ပတ်လိုက်ပြီးလို့ ခွင့်ရတာနဲ့ မန္တလေးမှာ ကျွန်မကို လာတွေ့ပါတယ်။

အဲဒီညနေက ရွှေမန်းဆောင်ဧည့်ခန်းထဲမှာ ကျွန်မရဲ့ ဧည့်သည်ရောက်နေတယ်ဆိုတော့ ဧည့်သည်မရှိဘူးတဲ့ ကျွန်မအတွက် အထူးအဆန်းပေါ့၊ ဧည့်ခန်းမှာ ထိုင်ပြီး စောင့်နေတာက မောင်ရယ်လေ။ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာတဲ့ မောင့်အတွက် ကျွန်မ အံ့သြရပါတယ်၊ အရင်က ပိန်တဲ့ မောင်က အခု ဝပြီး အသားတွေ ပိုညိုလာတယ်၊ ဆံပင်တွေကတော့ ကျောင်းသားတုန်းကထက် ပိုပြီးတိုသွားတယ်၊ စစ်သားမို့ ထင်ပါရဲ့။

ကျွန်မကို မြင်မြင်ချင်း မောင်က "လှိုင်က ပိုပြီးလှလာတယ်နော်" တဲ့။

"အင်း…ဟုတ်လားတော့မသိဘူး၊ လှတယ်ပြောတာတော့ သဘောကျပါတယ်"

ကျွန်မအတွက် အမှတ်တရဝယ်ထားတဲ့ ဖင်းမယ်လုံချည်လေးတွေကို ပေးပြီး အပြင်ထွက်ရအောင်လို့ပြောတော့ ကျွန်မက 'ဟင့်အင်း' လို့ ငြင်းလို့ ကျွန်မတို့ အပြင်မထွက်ဖြစ်ခဲ့ကြပါဘူး။ ဧည့်ခန်းဆောင်မှာပဲ စကားပြောကြပါတယ်၊ နန်းတွင်းမှာတည်းနေတဲ့ မောင်က ညနေတိုင်း အဆောင်ရောက်လာပြီး ကျွန်မတို့ရှေ့ရေးကို ဆွေးနွေးဖြစ်ကြပါတယ်၊ မောင်ကတော့ ကျွန်မ သိပ်လှလို့ တက္ကသိုလ်မှာ သူ စိတ်မချနိုင်တဲ့အကြောင်း၊ ဖြစ်နိုင်ရင် အမြန်လက်ထပ်ချင်တဲ့အကြောင်း၊ သူ့ဘဝမှာ တစ်သက်လုံးတစ်ယောက်တည်း နေခဲ့ရလို့ သားသမီးတွေ သိုက်သိုက်ဝန်းဝန်းနဲ့ နေချင်ကြောင်း ကျွန်မသာ လိုက်မယ်ဆိုရင် လက်ထပ်ပြီး သူ့တပ်ကို တစ်ခါတည်း ခေါ်သွားချင်တယ်ဆိုတဲ့အကြောင်းတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် သူ့ရဲ့ မကြာသေးလှတဲ့ စစ်သားဘဝအတွေ့အကြုံလေးတွေကိုလည်း ပြောပြပါသေးတယ်၊ မောင့်ကို ချစ်ပေမယ့် အခုချက်ချင်း မောင့်နောက် မလိုက်နိုင်သေးပါဘူး၊ ချို့ချို့တဲ့တဲ့နဲ့ တက္ကသိုလ်ပို့ပေးထားတဲ့ ကျွန်မမိဘရဲ့ စေတနာကို စာနာထောက်ထားရအုံးမှာပါ၊ ဖေဖေက ကျွန်မတို့ မောင်နှမတွေကို ပညာသိပ်တတ်စေချင်တာ၊ မောင်လည်း ဒါကိုသိပါတယ်လေ၊ ကျွန်မ စာကြိုးစားပေမယ့် မောင်လေးတွေက စာမကြိုးစားဘူး၊ အဲဒါကြောင့်လည်း ဖေဖေက ''ဖေဖေ့ကတော့ သမီးကြီးပဲ အားကိုးတယ်'' လို့ မကြာမကြာ ပြောတတ်တယ်၊ တက္ကသိုလ်ရောက်ကတည်းက မေမေ့အဲဒ္ဒီအသံကို အမြဲကြားနေတာ၊ ဒီကြားထဲ မေမေ့ကျန်းမာရေးကလည်း ကောင်းမလာဘူးလေ၊ အငယ်ဆုံးမလေး မွေးပြီးကတည်းက တရှောင်ရှောင်ပဲ၊ ရွှေတစ်နေ့ ငွေတစ်နေ့။ အဲဒါကြောင့် ကျွန်မမှာ မိသားစုပစ်ပြီး မောင့်နောက် လိုက်ဖို့ဆိုတာ လောလောဆယ်တော့ ခက်လှပါတယ်၊ နောက်တော့ ကျွန်မ ဘွဲ့ရတဲ့အထိ စောင့်ကြဖို့ သဘောတူခဲ့ကြပါတယ်၊ ဒီအဖြေထွက်အောင် မောင့်ရဲ့ခွင့်ရက်တွေ အကုန်နီးပါးလောက် ဆွေးနွေးခဲ့ရတာပါ။

သံယောဇဉ်နှောင်ကြိုးတွေကလည်း အရှုပ်သားပါလား။

မပြန်ခင် တစ်ရက်မှာတော့ မောင်ကျေနပ်သွားအောင် မောင်နဲ့ ဘုရားတွေ လိုက်ဖူးလိုက်ပါတယ်။

မောင်နဲ့ အပြင်ထွက်တဲ့နေ့က မဟာမြတ်မုနိဘုရားကြီးကို အရင်ဝင်ဖူးဖြစ်ပါတယ်၊ ပြီးတော့ မန္တလေးတောင်ကို သွားတက်ကြတယ်။

''စခန်းမဝေးပေါင် မန္တလေးတောင်၊ မြေကြီးနှစ်ကောင်သွားလို့ ကြည့်ရအောင်'' လို့ ကျွန်မ ငယ်ငယ်က ဆိုခဲ့ဘူးတယ်၊ ဒါပေမယ့် တစ်ခါမှ ကျွန်မ မရောက်ဖူးသေးပါဘူး၊ မောင်နဲ့ကျမှသွားဖြစ်တော့တာ၊ တောင်အတက်





လမ်းမှာ မောလာတော့ မောင်က ကျွန်မကို ဖေးဖေးမမနဲ့ စောင့်ခေါ်ရှာတယ်၊ ပြီးတော့ မေးသေးတယ်။

''မောလား လှိုင်'' တဲ့။

မောတာပေါ့ မန္တလေးက ပူက ပူသနဲ့၊ ဒါပေမယ့် ကျွန်မက ''ဟင့်အင်း'' လို့ ခေါင်းရမ်းပြလိုက်ပါတယ်၊ မမောဘူးပေါ့။

နဖူးမှာ ချွေးဥလေးတွေ သီးနေတဲ့ ကျွန်မကို မောင်ကကြည့်ပြီးပြုံးတယ်။

''မောင်ရော...မောလား'' ကျွန်မက မေးတော့...

''မောင်က ဘယ်မောမှာလဲ လှိုင်ရဲ့ စစ်သား့ပဲ၊ မောင်တို့က ဒီလိုတောင်တက်တောင်ဆင်းတွေ လေ့ကျင့်ထားတာပဲဟာ၊ ပြီးတော့ အခုလိုသာ လှိုင်နဲ့သွားနေရရင် ကမ္ဘာကုန်ကျယ်သရွေ့ ဘယ်တော့မှ မမောဘူး''

''ဟင်...ကိုပိုကြီး၊ ပိုနေပြန်ပြီ''

တောင်ပေါ်မှာ ဘုရားဖူးပြီး မြေကြီးနှစ်ကောင်ကြည့်ဖြစ်ပါတယ်၊ အမှတ်မထင် အနောက်ဖက်ကြည့်လိုက်တော့ စစ်ကိုင်းတောင်နဲ့ ရေညီညီရစ်သန်းစီးဆင်းနေတဲ့ မြစ်မင်းဧရာဝတီကို မြင်မိပါတယ်၊ သိပ်လှမ်းစရာကောင်းတဲ့ ရှုခင်းပါ''

ဒါ့ထက်ပိုပြီး ဟိုးအနောက်ဖက်ကို ကြည့်လိုက်ရင်တော့ ကျွန်မတို့ မြို့ကလေးနဲ့ မူးမြစ်ရှိမယ်ထင်ပါရဲ့၊ ဖေဖေ မေမေနဲ့ ညီမလေးတွေ နေမှကောင်းကြရဲ့လား။ ကျွန်မကတော့ ချစ်သူနဲ့ လျှောက်သွားလို့ ပျော်လို့၊ သူတို့တစ်တွေရော ပျော်မှ ပျော်နိုင်ကြရဲ့လား၊ ဘယ်လိုများနေကြပါလိမ့်။

''မောင့်ကိုချစ်လွန်းလို့ လိုက်လာတာပါ၊ စာမေးပွဲလဲနီးပြီ၊ အခုလို မောင်နဲ့ သွားလာနေတာ ဖေဖေသာသိရင် စိတ်မကောင်းဖြစ်မှာ၊ ဖေဖေက လှိုင့်ကို သိပ်ပြီးယုံတာ''



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဖြုန်းဆို ရုတ်တရက် လန့်သွားသလိုပဲ၊ ကွက်ခနဲ မျက်နှာ တစ်ချက်ပျက်သွားတယ်၊ ပြီးတော့…

"သိပ်စိတ်ပူနေလား လှိုင်၊ ကဲ…ဒါဆိုရင်လဲ မောင်တို့ပြန်ကြရအောင်နော်'

ကျွန်မတို့ မန္တလေးတောင်က ပြန်ဆင်းဖြစ်ခဲ့ကြပါတယ်။ အဆောင်အထိ လိုက်ပို့ပေးပြီး မောင် နှုတ်ဆက်ပြန်ထွက်သွားတော့ ဘယ်က ရောက်လာမှန်းမသိတဲ့ မျက်ရည်တွေ ပါးပေါ်လိမ့်ဆင်းလာကြပါတယ်၊ ကျွန်မ စိတ်မကောင်းဖြစ်မိပါတယ်။

ဩော်…ခွဲကြရဦးမှာပေါ့ မောင်ရယ်။

* * *

ကျွန်မ မန္တလေးတက္ကသိုလ်မှာရှိနေတဲ့ အချိန်တွေမှာ မောင့်ဆီက စာတွေကတော့ မကြာမကြာ ရောက်နေပါတယ်၊ အများအားဖြင့် ရှေ့တန်းကနေပြီး ရေးတဲ့စာတွေပါပဲ၊ ခွင့်လည်း ခဏခဏယူလို့မရတဲ့အတွက် မောင်နဲ့ ကျွန်မက လူချင်းမတွေ့ကြရပဲ စာနဲ့ပဲ လွမ်းနေကြရပါတယ်၊ မောင့်စာတွေထဲမှာ-

**"ကိုယ်တိုင်လှရာရာ ရွေးလို့ ဆင်မပေးရ ဆံမြညာခေ၊ စစ်မြေမှာ ကြာညောင်းရက်ရှည်" ဆိုတဲ့ စကားကလေး မကြာမကြာ ပါလာပါတယ်။**

ဒါ့အပြင်လည်း **'ဝသုန်မြေဝယ်၊ စုံခြေဝါမောင်း၊ ပန်းပေါင်းတွေ လည်း၊ မနှောင်းခါသင့်၊ ပင်တိုင်းဝင့်ကာထည်၊ နှံ့အောက် မိုးမြေ၊ မျှော်မျှော်လေတိုင်း၊ မောင်ကြီးရေ ခေါ်မြည်တမ်း၊ ယော်ကျွမ်းရဲ့အသံ တြားပြန်ပါတယ်၊ ဆင့်ပွားဆယ်ဆလွမ်းရတယ်"** ဆိုပြီး အဆိုတော်ကြီး မောင်မောင်ညွန့်လို့လည်း လွမ်းပြတတ်ပြန်ပါတယ်။





မောင့်ရဲ့ ဂီတစာပေဝါသနာတွေက စစ်သားဖြစ်မှ ပိုပြီး အသုံးတည့်သွားတယ် ထင်ပါရဲ့။ ကျွန်မကတော့ မောင့်စာတွေဖတ်ပြီး မောင့်ကို ပိုလို့သာ လွမ်းနေရပါတယ်။ မချစ်စဖူး အချစ်ဦးမို့ နူးညွှတ်ရင် လှမ်းလွမ်းရတာပါပဲရှင်။

ကျွန်မ တက္ကသိုလ်နောက်ဆုံးနှစ်တက်နေတုန်း မိုးတွင်းကြီးတစ်ရက်မှာ မောင်တစ်ယောက် ဖြုံးစားကြီး ကျွန်မဆီ ရောက်လာပါတယ်၊ သူ့ကြီးတော်ကြီး ဆုံးသွားလို့တဲ့၊ မူးရေတွေ ကြီးနေလို့ မန္တလေးကို မုံရွာဘက်က လှည့်ပြန်လာရသတဲ့၊ အင်မတန် သံယောဇဉ်ကြီးတဲ့ မဟာနန္ဒာကန်တော်လမ်းတောင် မရောက်ခဲ့တော့ဘူးဆိုပဲ၊ ကျွန်မလည်း မြို့နဲ့ အဆက်အသွယ်ပြတ်နေတော့ မောင့်အဒေါ်ဆုံးတာတောင် မသိလိုက်ရပါဘူး၊ မောင်က ရောင်တခင်ခွင့် ယူလာတာတဲ့၊ ကျွန်မ တက္ကသိုလ်တက်နေတာ ဒီနှစ်နောက်ဆုံးနှစ်မို့ ကျွန်မကိုလည်း ဖြစ်နိုင်ရင် သူလက်ထပ်သွားချင်သတဲ့လေ။

"မောင့်ဘဝမှာ သံယောဇဉ်ဆိုလို့ ဒီအဒေါ်နဲ့ လှိုင်ပဲ ရှိပါတယ်၊ အဒေါ်မရှိတဲ့နောက်မှာ သံယောဇဉ်ဆိုတာ လှိုင်ပဲ ကျန်ပါတယ်၊ ဒါကြောင့် အေးအတူ ပူအမျှ မောင်နဲ့ ဝေမျှခံစားဖို့ မောင်တို့ တပ်ထဲလိုက်ခဲ့ပါတော့၊ မောင်တစ်ယောက်ထဲ သိပ်အထီးကျန်ဖြစ်နေပါပြီ လှိုင်ရယ်"

လို့လည်း ဆိုရှာပါတယ်။

ဩော်…ခက်ပါပြီနော်၊ မိသားစုကို ပစ်ပြီး မောင့်နောက် ကျွန်မ မလိုက်နိုင်သေးပါဘူး၊ အိမ်မှာ အမေကလဲ နေကောင်းတာမဟုတ်ဘူး၊ မလိမ္မာတဲ့ မောင်လေးနှစ်ယောက်၊ ပြီးတော့ ညီမငယ်လေးတွေကလည်း အခုအလယ်တန်းရောက်လာကြပြီ၊ အဖေတစ်ယောက်တည်း ဒီမိသားစုတစ်ခုလုံးအတွက် ရုန်းကန်ပြီး ရှာကျွေးနေရတာ ကျွန်မ မကြည့်နိုင်ပါဘူး၊ ဒါကြောင့် မောင့်ကို တောင်းတောင်းပန်ပန်နဲ့ နောက်ထပ်သုံးနှစ်လောက် စောင့်ဖို့ ပြောရပါတော့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ရပြီး သုံးနှစ်လောက်တော့ မီဘကို ပြန်ပြီး ပြုစုချင်ပါသေးတယ်။

"သုံးနှစ်ကြီးများတောင်လား လှိုင်ရယ်" လို့ မချင့်မရဲနဲ့ ဆိုရှာတယ်၊ နောက်ဆုံးတော့လဲ မောင့်ခမျာ ကျွန်မပြောတဲ့အတိုင်း သုံးနှစ်ကို စိတ်မပါ့တပါနဲ့ သဘောတူသွားရှာပါတယ်၊ ပြီးတော့ စစ်ဝတ်စုံနဲ့ မော်လမြိုင်လေဆိပ်မှာ ရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံလဲ ကျွန်မအတွက် ပေးသွားခဲ့ပါတယ်၊ ဓာတ်ပုံထဲမှာ မောင်က မပြုံးမရယ်ခပ်တည်တည်နဲ့။

ဪ…လှိုင်လည်း ငါ့သိချစ်သူနဲ့ အတူနေချင်တာပေါ့ မောင်ရယ်၊ ဒါပေမယ့်…

* * *

မန္တလေးတက္ကသိုလ်က ကျောင်းပြီးတော့ ကံကောင်းထောက်မစွာနဲ့ ကိုယ့်မြို့မှာ ကိုယ်ကျောင်းဆရာမလေး ပြန်လုပ်ရပါတယ်။ ကိုယ်တစ်သက်လုံး နေခဲ့တဲ့ ကျောင်းမှာ ကိုယ်ပြန်လုပ်ရလို့လည်း ကျေနပ်လှပါတယ်၊ အလုပ်ခန့်ပေးတဲ့ လူကြီးတွေကိုလည်း ကျေးဇူးတင်ရပါတယ်၊ ဖေဖေနဲ့ မေမေကလည်း ဝမ်းသာရှာကြပါတယ်၊ ကျွန်မအတွက် မိသားစုကို အနီးကပ်စောင့်ရှောက်ခွင့်ရတာပါပဲ၊ မောင်တွေ ညီမတွေကိုလည်း အထိုက်အလျောက် ထောက်ပံ့သွားနိုင်ပါပြီ၊ ဒါ့ကြောင့် အလုပ်ကိုလည်း သိပ်ကိုကြိုးစားခဲ့ပါတယ်။

ညီမနှစ်ယောက်ဖြစ်တဲ့ မတူးနဲ့ မခြူးက စာတော်ကြပါတယ်၊ မောင်နှစ်ယောက်ကတော့ ဆယ်တန်းကျတာ နှစ်ခါရှိနေပြီ၊ ကျွန်မ အလုပ်ဝင်တဲ့နှစ်မှာပဲ အကြီးကောင်က အဖေနဲ့ စိတ်ဆိုးပြီး အိမ်က ထွက်သွားလေရဲ့၊ မိုးကုတ်ဘက်တက်သွားတယ် ပြောတာပဲ၊ အဖေကတော့ မနေချင်လို့သွားတာ လိုက်





ခေါ်မနေနဲ့လို့ အပြတ်ပြောပါတယ်၊ မောင်အကြီးကောင်အတွက် ကျွန်မတို့ညီအစ်မတွေရော အမေပါ မျက်ရည်ကျခဲ့ရပါတယ်။

ကျောင်းဆရာမလေးဘဝနဲ့ ကျွန်မ အခြေကျလာပါတယ်၊ အိမ်ကနေပြီး ကျောင်းအသွား တမာလမ်းကလေးမှာ ရေးဖြစ်ပေါင်း အောက်မေ့ဖွယ်ရာများကြောင့် မကြာခဏ မောင့်ကို သတိမရဘဲ မနေနိုင်အောင် ဖြစ်ရပါတယ်၊ မောင့်ဆီက စာတွေတော့ အရင်ကလောက် မရောက်လာတော့ပါဘူး။

မောင်တို့ တာဝန်ကျတဲ့ဘက်မှာ လမ်းပန်းအဆက်အသွယ်တွေပြတ်ပြီး တော်တော်ခေါင်တယ်လို့ ပြောကြတယ်၊ အဖျားအနာကလည်း များ၊ အစားအစာကလည်း ရှားတယ်တဲ့။ မောင်နဲ့ တွေ့တုန်းက ပြောသွားတာနဲ့ မောင့်ရဲ့ စာတွေထဲမှာ ပါလာတတ်တာတွေလေ။ ကျွန်မတော့ ဒီလောက်ပဲ သိပါတယ်၊ ဘာပဲဖြစ်ဖြစ် အသက်နဲ့ရင်းပြီး "**ကျားကို ခလုတ်၊ သစ်ငုတ်ကို သင်ဖြူး၊ ဆူးကို မွေ့ရာဆိုသလို**" အလုပ်လုပ်ရတာဆိုတော့ မောင့်ခမျာ သိပ်ပင်ပန်းရှာမှာပဲ။

မောင်တစ်ယောက် ဘေးဘယာဝေးကွာစေကြောင်း ကျွန်မ အမြဲပဲဆုမွန်ကောင်းတောင်းနေရပါတော့တယ်။

ကျွန်မ ဘွဲ့ရတဲ့နှစ်က ကျွန်မနဲ့အတူ ဆယ်တန်းအောင်ခဲ့ကြတဲ့သူငယ်ချင်း တင်မောင်ဝင်းနဲ့ မောင်မောင်ဝင်းတို့လည်း ဘွဲ့ကိုယ်စီရကြပါတယ်၊ မောင်မောင်က ကျွန်မလိုပဲ ကျောင်းဆရာဝင်လုပ်တယ်၊ တင်မောင်ဝင်းကတော့ ဝါသနာပါလို့ဆိုပြီး မောင့်လိုပဲ တပ်ထဲဝင်သွားပါတယ်၊ သူလည်း သင်တန်းဆင်းပြီးတော့ ကြာအင်းဆိပ်ကြီးမှာ တာဝန်ကျတယ်လို့ သိရပါတယ်၊ သူ့အိမ်ပြန်လာတော့ ကျွန်မနဲ့ ခဏတဖြုတ်တွေ့ပြီး ရေးပေါင်းနှောင်းဖြစ်တွေ ပြောခဲ့ကြပါသေးတယ်၊ သူကတောင်–



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်လှိုင်ရေ…ငါလဲ တရင်ပြည်နယ်မှာ တာဝန်ကျတာကွ၊ နှင့်ကိုဦးကြီးနဲ့ တွေ့အုံးမယ်ထင်တယ်၊ ဘာမှာအုံးမလဲလို့လဲ" မေးသေးတယ်။

နေကောင်းကြောင်း ပြောပေးပါလို့ပဲ ပြောလိုက်ပါတယ်၊ စာတော့မပေးဖြစ်ပါဘူး၊ တင်မောင်ဝင်းကတော့ စကားစပ်ရင် သူ့ဗိုလ်သင်တန်းပါတာကံကောင်းလို့တဲ့၊ ဗိုလ်သင်တန်းက လူတိုင်းလွယ်လွယ်နဲ့ ရတာမဟုတ်ဘူးတဲ့၊ တကယ် ကြိုးစားပြီး တကယ်တော်မှ ပြီးတော့ ကံကောင်းမှတဲ့၊ မောင့်ကိုလည်းတော်လို့သာ ဗိုလ်သင်တန်းတက်ရတာဖြစ်ကြောင်း ချီးကျူးသွားပါသေးတယ်၊ မောင့်ကို ချီးကျူးသံကြားတော့ ကျွန်မလည်း မောင့်အတွက် ဂုဏ်ယူမဆုံးဖြစ်ရပါတယ်။

သင်တန်းတက်ရတာ သူတို့ကံကောင်းတယ်ဆိုရင် ကျွန်မလည်း ကံကောင်းတယ်ဆိုရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဆရာလုပ်သက်နှစ်နှစ် သုံးနှစ်နဲ့ကျွန်မ ကြိုးစားမှုကိုသဘောကျလို့ အထက်လူကြီးတွေ ရွေးချယ်ခွင့်ပြုချက်နဲ့ကျွန်မ ဘီအီးဒီသင်တန်းတက်ရလို့ပါပဲ၊ ကျွန်မ ဘီအီးဒီတက်ဖို့ အရွေးခံရပြီးရန်ကုန်ပညာရေးတက္ကသိုလ်မှာ ဘီအီးဒီ တက်ရပါပြီ၊ သင်တန်းတက်နေတဲ့ကာလမှာ မောင့်ကို ကတိပေးတဲ့ သုံးနှစ်ဆိုတဲ့ အချိန်က ပြည့်ပြီပဲ၊ သင်တန်းကာလမှာ ကျွန်မ မောင့်ကို တွေ့ရမှာ မဝံ့မရဲဖြစ်နေပါပြီ။

* * *

ဘီအီးဒီသင်တန်းဆင်းခါနီး နေ့တစ်ရက်မှာ ခါတိုင်းလိုပဲ ရုတ်တရက်ကျွန်မဆီ မောင် ရောက်လာပါတယ်၊ ရှေ့တန်းကနေပြီး ခွင့်သုံးလေးရက်ပဲရတယ်တဲ့။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



မောင်က ဗိုလ်ကြီးဖြစ်နေပါပြီ၊ လေဆိပ်ကနေပြီး ကျွန်မရှိတဲ့ ပညာရေးတက္ကသိုလ်ကို တစ်ခါတည်း လာခဲ့တာတဲ့။ အချိန်လည်း သိပ်မရလို့ ကျွန်မနဲ့တွေ့ပြီး ဆွေးနွေးစရာလေးတွေ ဆွေးနွေးစီစဉ်ပြီးရင် ချက်ချင်းရှေ့တန်းပြန်ရမှာဆိုပဲ၊ စစ်ဆင်ရေးအရေးကြီးလို့တဲ့၊ လွတ်လွတ်လပ်လပ် စကားပြောရအောင်အဆောင်ကထွက်ပြီး ပုဂံလမ်းဘက် လမ်းလျှောက်ရင်း စကားပြောဖြစ်ကြပါတယ်၊ ကျွန်မတော့ မောင့်ကို တွေ့ရတာ ဝမ်းသာပေမယ့် ကျွန်မရင်ထဲကပြောရခက်တဲ့ စကားတွေကြောင့် ဘာကစပြီး ပြောရမှန်းတောင် မသိတော့ပါဘူး။

"ကဲ…လှိုင်ရေ…လှိုင်ပြောတဲ့အချိန်ရောက်လို့ မောင်တော့ ရှေ့တန်းကနေ ခွင့်မရအရ လူကြီးတွေဆီက တောင်းပြီး လာတာ၊ မောင်တို့ လက်ထပ်ကြစို့၊ လိုအပ်တာတွေ မောင်အားလုံး စီစဉ်ထားပြီးပါပြီ"

မောင်က အားရပါးရ တက်တက်ကြွကြွ ပြောပါတယ်၊ ပျော်နေပုံပါပဲ။

ဒီစကားပြောမယ်ဆိုတာ ကျွန်မ သိပြီးသားပါ၊ ဘီအီးဒီစာမေးပွဲကြီးကလည်း မပြီးသေးပါဘူး၊ သင်တန်းက အစိုးရစားရိတ်နဲ့ တက်နေရတာ၊ မေမေ့ကျန်းမာရေးကလည်း ပိုပြီး ဆိုးလာနေတယ်၊ ဖေဖေကလည်း ပင်စင်နီးနေပြီ၊ မောင်အကြီးကောင်လိုပဲ မောင်အငယ်ကလည်း ကျွန်မ သင်တန်းတက်နေတုန်း စာမေးပွဲကျလို့ ဖေဖေဆူတာနဲ့ စစ်ထဲဝင်မယ်ဆိုပြီး အိမ်က ထွက်သွားပြန်ပြီ၊ ဒီလိုအချိန်မျိုးမှာ ကျွန်မမောင့်ကို လက်ထပ်ပြီး အိမ်ကထွက်ရမှာ ဝန်လေးလှပါတယ်။

"လောလောဆယ်တော့ မောင့်ကို လှိုင် လက်မထပ်ပါရစေနဲ့အုံးမောင်ရယ်"

မဝံ့မရဲနဲ့ မောင့်ကို တောင်းပန်မိပါတယ်။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဘယ်လိုဖြစ်ရတာလဲ လှိုင်ရယ်၊ မောင့်ကို လှိုင် မသနား တော့ဘူးလား၊ လှိုင် ပြောခဲ့တဲ့အတိုင်း လှိုင့်ကို မောင်စောင့်လာခဲ့တာ သုံးနှစ် သုံးမိုးတောင် မကတော့ပါဘူး၊ ဘာလဲ မောင့်ကို လက်မထပ်ချင်တော့ဘူးလား၊ စိတ်သားမို့ မချစ်ချင်တော့ဘူးလား၊ လှိုင့်ကို တင့်တောင့်တင့်တယ် မထားနိုင် ဘူးထင်လို့လား၊ မောင့်ကို အထင်သေးနေလို့လား"

"ဒီလို မခံနဲ့ပါနဲ့ မောင်ရယ်၊ မောင်က စစ်ဗိုလ်ကြီးပါ၊ လှိုင်တစ် ယောက်တည်းအတွက် ပြဿနာမရှိပေမယ့် ဖေဖေ မေမေနဲ့ ညီမလေးတွေ အတွက်တော့ စဉ်းစားရအုံးမှာပါ မောင်"

မောင်က ဝဲကျနေတဲ့ သူ့နဖူးပေါ်က ဆံပင်ရှည်တွေကို သပ်တင်ရင်း-

"မဟုတ်သေးပါဘူး လှိုင်ရယ်၊ မောင်တို့ဇာတ်လမ်းက သိပ်ရှည် လျားနေပြီ၊ မောင်က စစ်သား၊ သွားရင်းလာရင်း တိုက်ရင်းခိုက်ရင်းနဲ့ အချိန် မရွေး အသက်ပေးသွားနိုင်တယ်၊ လှိုင်နဲ့ အတူနေဖို့တောင် အချိန်ရလိုက်မှာ မဟုတ်ဘူး၊ အခုလဲ တစ်မှာ သိပ်နေရတာမဟုတ်ဘူး၊ ရှေ့တန်းချည်းပဲ သွားနေ ရတာ၊ ဒါကြောင့် လှိုင့်ကို အမြန်ဆုံးလက်ထပ်ချင်ပြီ၊ လှိုင့်မိသားစုတစ်ခုလုံး မောင် တာဝန်ယူပါမယ်လေ၊ ဘာလဲ မောင့်ကို မယုံလို့လား"

မောင့်အသံက မာလာပါတယ်။

မောင့်ကြည့်ရတာ အရင်ကထက်ပိုပြီး ပိန်သွားတယ်၊ မောင့်မျက်နှာက ညိုနေပြီး ချွေးမြေ့တဲ့အရိပ်အရောင်တွေလည်း မြင်နေရတယ်။

မောင် ပြောတာတွေ ဟုတ်မှာပါ၊ ဒါပေမယ့် ကျွန်မမိသားစုတစ်စု လုံး မောင်က ဘာဝန်ယူမယ်ဆိုတာတော့ သဘာဝမကျပါဘူး၊ ကျွန်မပဲ တာဝန် ယူရမှာပေါ့၊ အဖေပြီးရင်တော အစ်မကြီး အမိအရာပဲ၊ ညီမလေးနှစ်ယောက် ကို ကျွန်မဆက်ပြီး ကျောင်းပြီးတဲ့အထိ တာဝန်ယူချင်ပါတယ်၊ ကျွန်မတုန်းက





အဖေက သူ့လခလေးနဲ့ မလောက်ရှာလို့ သူ့ရွာမှာ ကျန်ခဲ့တဲ့ အမွေဆိုင်လယ် ကွက်ကလေးကို ရောင်းပြီးတောင် တက္ကသိုလ်ပို့ခဲ့တယ်၊ ဒါတွေကို မောင် သိစေချင်ပါတယ်။

"မောင့်ကို ယုံပါတယ် မောင်ရယ်၊ ဒါပေမယ့် ညီမလေးနှစ်ယောက် က အခုတက္ကသိုလ် တက်နေကြတယ်၊ သူတို့ ကျောင်းမပြီးပဲနဲ့တော့ မောင့်ကို လက်မထပ်ပါရစေနဲ့ဦး၊ သူတို့ကို ကျောင်းထားပေးပြီး ဖေဖေ့ကို ကျေးဇူးဆပ် ပါရစေ မောင်ရယ်၊ ဒါလေးတစ်ခုပဲ မောင် ခွင့်ပြုပါတော့နော်"

ကျွန်မ မောင့်ကို လက်မထပ်သေးဖို့ တောင်းတောင်းပန်ပန်နဲ့ ပြောမိ ပြန်ပါတယ်၊ မောင့်မျက်နှာကတော့ ညိုရာက မည်းလာသလိုပဲ၊ ချက်ချင်း အသက်နှစ်ဆယ်လောက် ပိုအိုသွားသလိုပဲ၊ မတတ်နိုင်တော့ပါဘူးလေ၊ ဒီစကား ကို ကျွန်မ ရင်နဲ့ရင်းပြီး စွန့်စားပြောလိုက်ရတာပါ၊ ကျွန်မ မောင့်ကို သိပ်သနား မိပါတယ်။

"သြော်…လှိုင်…လှိုင်၊ တကယ်တော်ပါပေတယ်၊ မိသားစုအပေါ် တကယ်သံယောဇဉ်ကြီးပြီး တာဝန်ကျေပါပေတယ်"

မောင်က ကျွန်မကိုကြည့်ပြီး မချင့်မရဲပြောရှာတယ်၊ ပြီးတော့လည်း-

"လှိုင့်ဆုံးဖြတ်ချက်က ဒါပဲလား၊ မပြင်တော့ဘူးလား၊ မောင်တို့ လက်ထပ်ထားပြီးမှ လှိုင် အိမ်ပြန်နေရင်ရော"

"ဒီလိုလဲ သဘာဝမကျပါဘူး မောင်ရယ်၊ စောင့်လက်စနဲ့သာ စောင့် ပေးပါဦး"

"လှိုင်ရယ်…ဒါကလေးကစားတာမှ မဟုတ်ပဲ၊ မောင့်ကိုလဲ ကိုယ် ချင်းစာပါအုံး၊ တကယ်တော့ လှိုင့်ကို မောင်ချစ်သလို မောင့်ကို လှိုင်မချစ်တော့ ပါဘူး၊ လှိုင့်မိသားစုလောက် မောင့်ကို ဦးစားမပေးနိုင်ပါဘူး၊ သိရပြီ လှိုင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်က သူ့စကားကို ချွေးချွေးမြည့်မြည့်နဲ့ အဆုံးသတ်လိုက်ပါတယ်။

ကျွန်မကတော့ ဘာပြန်ပြောရမှန်း မသိတော့ပါဘူး၊ မျက်ရည်များကသာ ပါးပေါ်မှာ တလိမ့်လိမ့် ကျလာပါတော့တယ်။

"ကဲ…လှိုင့်ဆုံးဖြတ်ချက် မပြင်နိုင်ဘူးဆိုရင်လဲ မောင်သွားမယ် လှိုင်"

မောင်က ရေတမာပင်တန်းက ဖြုံးကနဲလှည့်ပြီး ထွက်သွားပါတော့တယ်၊ ကျွန်မ ဘာမှမပြောနိုင်တော့ပါဘူး၊ တဖြည်းဖြည်းဝေးသွားတဲ့ မောင့်ရဲ့ ကျောပြင်ကိုကြည့်ပြီး ကျွန်မရင်ထဲတော့ ဟာကျွန်ရစ်ခဲ့ပါတယ်။

မောင်နဲ့ တကယ်ပဲ ဝေးကြရတော့မှာလား၊ ဒါက မောင်နဲ့ ကျွန်မ နောက်ဆုံးတွေ့ကြတာလား၊ ကျွန်မစိတ်တွေ ဝေဝါးထွေပြားနေပါတယ်။

အဲဒီညက ကျွန်မအခန်းပြန်ရောက်တော့ မျက်နှာနဲ့ ခေါင်းအုံးအပ်ပြီး ကြုံကြုံပါအောင် ငိုလိုက်မိပါတော့တယ်။

မောင့်အလို မလိုက်နိုင်တာ ခွင့်လွှတ်ပါ မောင်။

* * *

ပညာရေးတက္ကသိုလ်က ဘွဲ့ရပြီးတော့ ဒီတစ်ခါလည်း ကျွန်မ ကံကောင်းပြန်ပါတယ်၊ ကိုယ့်မြို့လေးမှာ ကိုယ်ပြန်ပြီး အလုပ်ရတော့ ကျွန်မ သိပ်လိုလားနေတဲ့ မိသားစုကို စောင့်ရှောက်ဖို့ ဆန္ဒပြည့်ဝသွားပါပြီ။

ပင်စင်ယူခါနီးတဲ့ အဖေရယ်၊ ကျန်းမာရေးမကောင်းတော့တဲ့ အမေရယ်၊ ပညာရေးမဆုံးသေးတဲ့ ညီမလေးတွေရယ်၊ အို…တာဝန်တွေက အများကြီးပါ။ တာဝန်တွေကြားက မောင့်ဆီက စာတွေလည်း မျှော်ရပါတယ်၊ စာတွေက အလာတော့ ကျဲသွားပြီ။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



"သြော်…သူလဲ စစ်သားဆိုတော့ စစ်မြေပြင်သွားနေရလို့ ဖြစ်မှာပေါ့၊ ရှေ့တန်းမှာ မောင်တစ်ယောက် ဘေးမသီ ရန်မခရှိပါစေ"

မောင့်အကြောင်းကို စဉ်းစားရင်း ဆုတောင်းမိပါတယ်။

ဘာလိုလိုနဲ့ မောင်နဲ့ မတွေ့ကြတာ တစ်နှစ်ကျော်သွားပြီထင်ပါရဲ့။ မကြာခင် ညီမလေးတွေလည်း ဘွဲ့ရကြတော့မယ်၊ ဒါဆိုရင် မောင်နဲ့ နီးပြီပေါ့၊ ကျွန်မ ပိုကံကောင်းလာပြီ ထင်ပါတယ်။

လောကကြီးက ကိုယ်ထင်သလို ဖြစ်တတ်တဲ့ အမျိုးမဟုတ်ဘူးလေ၊ သူဖြစ်ချင်သလို ဖြစ်နေတာပဲ၊ ကျွန်မက ကိုယ့်ကိုကိုယ် ကံကောင်းပြီထင်နေတုန်း ဖြုံးဆို မေမေ ဆုံးသွားတယ်၊ မေမေ မသေခင်က…

"သမီးရယ်…အဖေကြီးနဲ့ ညီမလေးတွေကို ဂရုစိုက်နော်"

လို့ မှာသွားခဲ့တယ်။ အစ်မကြီး အမိအရာဆိုတော့ ဂရုစိုက်ရမှာပေါ့ မေမေရယ်လို့ ပြန်ပြောတော့…

"သာဓုကွယ်…သာဓု…ငါ့သမီးကြီး ဘုန်းကြီးလို့ အသက်ရှည်ပါစေ"

လို့ ဆုပေးသွားတယ်၊ မေမေ့ အသုဘအတွက် ကျောင်းကခွင့်ယူလိုက်ရတယ်၊ အသုဘပြီးတော့ ကျောင်းပြန်တက်ပြီး သိပ်မကြာပါဘူး၊ တစ်ရက်မှာ လုပ်ဖော်ကိုင်ဘက် ဆရာမ ဒေါ်ခင်ခင်တင့်နဲ့ ဒေါ်တင်တင်အုံးတို့က ကျွန်မကို လာခေါ်တယ်၊ သူတို့က မောင့်သူငယ်ချင်းတွေလေ၊ သူတို့လည်း မောင်နဲ့ ကျွန်မအကြောင်း သိထားကြသူတွေမို့ ကျွန်မကို ဂရုဏာသက်ကြသူတွေပါ။

"လှိုင်ရေ…လှိုင့်သူငယ်ချင်း ဗိုလ်တင်မောင်ဝင်း ပြန်ရောက်နေတာ သိလား"

"ဟင့်အင်း…မသိပါဘူး မမတင့်ရယ်"

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြတယ်၊ မျက်နှာတွေကလည်း သိပ်မကောင်းကြဘူး။

"ဘာကိစ္စလဲ မမတင့်ရယ်၊ ဘာကြောင့်လို့လဲဟင်"

မောင် ရွှေ့တန်းမှာ ဒဏ်ရာများရသွားလေမလား၊ မပြောကောင်း မဆိုကောင်းတိုက်ပွဲများ ကျသွားလို့လား၊ အို…မဟုတ်သေးပါဘူးလေ။

"လှိုင်နဲ့ဆိုင်ရင် ပြောပါ မမရယ်၊ ဘာများလဲ လှိုင် သိပါရစေ"

"စိတ်ကောင်းကောင်းထားပြီး နားထောင်နော် လှိုင်၊ ဗိုလ်တင်မောင်ဝင်း ပြောနိုင်းလိုက်တယ်၊ လှိုင့် ကိုဦး အိမ်ထောင်ပြုသွားပြီတဲ့"

"ဟင်"

ကျွန်မ လုံးဝမမျှော်လင့်တဲ့စကားပါ၊ ကြားကြားချင်း ခေါင်းထဲမှာ မိုက်ခနဲနဲ့ အရာအားလုံး ချာချာလည်သွားသလိုပါပဲ၊ မောင် ဒီလိုလုပ်သွားမယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ပါ။ ကျွန်မကို တစ်သက်လုံး ချစ်သွားလိမ့်မယ်လို့သာ ယူဆထားခဲ့တာ၊ ခုတော့…

"ဟုတ်ရဲ့လား မမတင့်ရယ်"

"ဗိုလ်တင်မောင်ဝင်းသာ သွားမေးကြည့်တော့ လှိုင်ရေ…မမတို့လဲ စိတ်မကောင်းလို့ မပြောဘူးနေတာ၊ လှိုင်က ရိုးရိုးအေးအေး၊ ပြီးတော့ မိသားစုကိစ္စတွေကလဲ ရှိနေတော့ မမတို့မှ မပြောရင် လှိုင် သိမှာမဟုတ်ဘူးထင်လို့ ပြောရတာ ညီမရေ"

စက်ဘီးနဲ့ တင်မောင်ဝင်းအိမ် ကျွန်မ ပြေးမိပါတယ်၊ ဗိုလ်သင်တန်းဆင်းကတည်းက တင်မောင်ဝင်းက ကြာအင်းဆိပ်ကြီးမှာနေပြီး ဘယ်မှမပြောင်းရသေးဘူး၊ အဲဒီမှာ လေးငါးနှစ်ရှိနေပြီ၊ မောင်နဲ့ ရွှေ့တန်းတွေမှာ မကြာခဏ တွေ့နေကြသူတွေ။





တင်မောင်ဝင်းကို တရုတ်တန်းက သူ့အဖေ အမေအိမ်မှာ အဆင်သင့် တွေ့ပါတယ်၊ ကျွန်မကို မြင်မြင်ချင်း…

"လာ…လှိုင်လှိုင်၊ နင်လာမယ်ဆိုတာ ငါသိပြီးသားပါ၊ နင့်ကို မမတင့်တို့ ပြောလိုက်ပြီ မဟုတ်လား"

"ဟုတ်တယ်…မောင် လက်ထပ်သွားပြီဆိုတာ တကယ်ပဲလား သူငယ်ချင်းရယ်"

"ဟုတ်တယ် လှိုင်လှိုင်၊ ကိုဦး ရွှေ့တန်းမှာ နေမကောင်းဖြစ်ပြီး ဘားအံမှာ အတော်ကြာအောင် ဆေးရုံတက်ရတယ်၊ ဆေးရုံက အဆင်းမှာ အဲဒီဆေးရုံက ဆရာမလေးနဲ့ပဲ ရုံးတက်လက်မှတ်ထိုးသွားတာ၊ အဲဒီနေ့က ငါလဲ ဘားအံဗျူဟာရုံးမှာ တပ်ကိစ္စနဲ့ ရောက်နေလို့ သိခဲ့ရတာ၊ ကိုဦးနဲ့တော့ မတွေ့ခဲ့ဘူး၊ အဲဒီနေ့မှာပဲ သူ့အမျိုးသမီးခေါ်ပြီး သူ့တပ်ကို လေယာဉ်နဲ့ ပြန်သွားတယ်၊ နင့်အတွက် ငါ စိတ်မကောင်းပါဘူး လှိုင်လှိုင်ရယ်"

သြော်…တကယ်ရက်စက်သွားပြီလား မောင်ရယ်၊ ကျွန်မ ဘာမှ မပြောလိုတော့ပါ၊ ပြောစရာ ခွန်အားလည်းမရှိတော့ပါ။ ရင်ထဲမှာ ဆို့နင့်နေပါတယ်၊ မျက်ရည်ပေါက်ကြီးများကတော့ ပါးပြင်က လိမ့်ဆင်းလာကြပါတယ်။

နောက်တစ်နေ့မှာ ကျွန်မ ဘယ်သူမှ မပြောတော့ဘဲ ခွင့်ရက်ရှည်တင်ပြီး မူးမြစ်ဘေးက အဖေ့ရွာကလေးကို ထွက်ခဲ့မိပါတယ်၊ ကျွန်မနဲ့ မောင့်အကြောင်းကို သိထားတဲ့ ဖေဖေကတော့ ကျွန်မကို နားလည်သနားပြီး…

"လောကဓံပဲ သမီးရယ်၊ သက်သာသလို ဖြေ" လို့ ပြောရှာပါတယ်။

ဘယ်လိုဖြေရမှာလဲ ဖေဖေရယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

မိသားစုသံယောဇဉ်ကြောင့် မောင့်ကို ကျွန်မ လက်မထပ်နိုင်ခဲ့ပေမယ့် ကျွန်မညီမတွေကတော့ အလျှိုလျှိုပဲ လက်ထပ်သွားကြပါတယ်၊ လူတွေရဲ့ ဖွဲ့စည်းပုံ စိတ်နေသဘောထားတွေက တူမှ မတူကြဘဲ လူတစ်ကိုယ်စိတ်တစ်မျိုးစီ မဟုတ်လား။

ညီမအကြီး မတူး၊ ကျောင်းနာမည် တင်တင်ထွေးက မန္တလေး တက္ကသိုလ်က ဘွဲ့ရတဲ့နှစ်မှာပဲ အလုပ်တောင် မဝင်ရသေးဘူး၊ လုပ်အားပေးနေတုန်း သူလုပ်အားပေးနေတဲ့ ဌာနက အရာရှိငယ်လေးတစ်ယောက်နဲ့တွေ့ပြီး သူတို့ချင်း သဘောကျသွားကြရင့်၊ သူ့ဌာနလူကြီးတွေက ဖေဖေ့ရုံးကို သွားစကားကြောင်း တောင်းရမ်းကြတယ်၊ အဲဒါနဲ့ မတူးတစ်ယောက် ကောက်ကာငင်ကာ အိမ်ထောင်ကျသွားပါရော၊ အဲ့ဒီနေ့က ဖေဖေ့မျက်နှာ မကောင်းဘူး၊ ညီမချောကတော့ ပျော်ပျော်ပဲ၊ အဖေ စိတ်မကောင်းနေတာ သိပ်ပြီး အလေးအနက်ထားပုံမရဘူး၊ ယောကျ်ားယူရတာကိုပဲ ကျေနပ်နေတယ်ထင်ပါရဲ့၊ သူ့ခင်ပွန်းလေးကတော့ ရည်မွန်ပါတယ်၊ လက်ထပ်ပြီး မကြာခင်မှာပဲ မြစ်ဝကျွန်းပေါ်ဘက် သူ့ယောကျ်ားလေး ပြောင်းသွားတာနဲ့ မတူးလည်း လိုက်သွားပါရော၊ အိမ်က လူတစ်ယောက် လျော့သွားပြန်ပြီပေါ့။

အငယ်ဆုံးမလေး မခြူး၊ ကျောင်းနာမည် ခင်ခင်ထွေး၊ သူက ကျွန်မတို့ မောင်နှမတွေထဲမှာ စာအတော်ဆုံး၊ လူရည်ချွန်တောင် သုံးထပ်ကွမ်းရထားတာ၊ ဖေဖေကလည်း အချစ်ဆုံးမို့ အစွမ်းကုန် အလိုလိုက်ထားတာ၊ ဒီကောင်မလေး ဘယ်ကနေ ဘယ်လိုဖြစ်တယ်မသိဘူး၊ ရွှေဘိုဒေသကောလိပ် ဒုတိယနှစ်မှာ ရွှေဘိုတပ်နယ်က စစ်ဗိုလ်လေးတစ်ယောက်နဲ့ သူ့ဟာသူ ရုံးတက်လက်မှတ်ထိုးလို့ ကျွန်မလည်း ကြားကြားခြင်းလိုက်သွားပါတယ်၊ တာဝန်ရှိတဲ့ တပ်က လူကြီးတွေက ကောင်းကောင်းမွန်မွန် ရှင်းပြကြပြီး အရာရှိလေးက တပ်ပြောင်း





တော့မှာမို့ မြန်မြန်စားကြီးလုပ်ကြတာတဲ့၊ မစောင့်နိုင်ကြတော့လို့တဲ့၊ သူတို့တပ်မှာ မင်္ဂလာဧည့်ခံပွဲ လုပ်ပေးကြပါတယ်။

ဖေဖေကတော့ စိတ်ဆိုးလွန်းလို့ မခြူးမင်္ဂလာဧည့်ခံပွဲကို မသွားပါဘူး၊ ကျွန်မကပဲ ညီမငယ်လေးမျက်နှာမငယ်ရအောင် အစစအရာရာ လိုက်ပြီး လုပ်ပေးခဲ့ရပါတယ်၊ နောက်နေ့ မခြူးနဲ့ သူ့ယောကျ်ားလေးမြို့လာပြီး ကန်တော့တော့ ဖေဖေက စကားလုံးဝမပြောဘူး၊ မခြူးကတော့ နောက်နေ့ သူ့ယောကျ်ားပြောင်းတဲ့ ရှမ်းပြည်နယ်ဘက်ကို ကောက်ကောက်ပါအောင် လိုက်သွားပြန်တာပါပဲ၊ ညီမလေးက အသက် (၁၈)နှစ်၊ အိမ်မှာ အငယ်ဆုံးမို့ အလိုလိုက်ခံထားရတော့ ထမင်းတောင် ကောင်းကောင်းချက်ဖူးတာမဟုတ်ဘူး၊ ထမင်းမချက်တတ်၊ ဟင်းမချက်တတ်နဲ့ သူ့ယောကျ်ားလေးနဲ့ ဘယ်လိုများနေကြလည်းတော့ မသိဘူး၊ သူ့ယောကျ်ားဗိုလ်ပေါက်စလေးကလည်း ရှိလှမှ အသက် (၂၀) ကျော်ကျော်ပါ။ တကယ့်ကလေးလေး လင်မယား၊ သူတို့အစား ကျွန်မ စိတ်ပူလှပါတယ်၊ ဘယ်လိုများနေကြမှာပါလိမ့်၊ သူတို့တစ်တွေကတော့ ဘာမှ အပူအပင်မရှိကြဘူး ထင်ပါရဲ့။

မောင်တွေ ညီမတွေကတော့ တစ်ယောက်ပြီး တစ်ယောက် ထွက်သွားကြပါပြီ။ အသိုက်အမြုံကနေ အတောင်မစုံတစ်စုံ ပျံကုန်ကျပြီ။ နောက်ဆုံးတော့ ဖေဖေနဲ့ ကျွန်မပဲ ကျန်ခဲ့ပါတော့တယ်၊ သူတို့တစ်တွေကတော့ ပြတ်သားလိုက်ကြတာ၊ လုပ်ရဲလိုက်ကြတာ၊ ကိုယ်လုပ်ချင်တာတွေကို အကုန်လုပ်သွားကြတာပါပဲ၊ ကျွန်မမှာသာ ဟိုလူအတွက် စဉ်းစားရ ဒီလူ့အတွက် စဉ်းစားရနဲ့၊ မောင်တွေ ညီမတွေအတွက် အဖေ့အတွက် မိသားစုအားလုံးအတွက် အမြဲထည့်တွက်ခဲ့ရတာ။

မောင့်အပေါ် ကျွန်မ တရားမှ တရားခဲ့ပါရဲ့လား၊ မောင့်ကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်ခဲ့တာရော ဟုတ်ပါရဲ့လား၊ မောင့်အတွက် မစွန့်စားခဲ့တာ၊ သစ္စာမရှိခဲ့တာ၊ မောင့်ဆန္ဒအတိုင်း လက်မထပ်နိုင်ခဲ့တာတွေက မောင့်မေတ္တာကို တန်ဖိုးမထားခဲ့သလို ဖြစ်သွားခဲ့လေသလား၊ ကျွန်မ တစ်ကိုယ်ကောင်းဆန်ခဲ့ပါသလား၊ မိသားစုအတ္တတွေ များသွားခဲ့သလား၊ ဝေခွဲမရနိုင်ပါပြီ။

မောင်နဲ့ တွေ့တဲ့အခါတိုင်း ကျွန်မက ကိုယ့်မိသားစုနဲ့ ကိုယ့်အလုပ်ကလေးအကြောင်း၊ ကျွန်မရဲ့ ကမ္ဘာကျဉ်းကျဉ်းလေးအကြောင်းလောက်သာ စိတ်ဝင်တစား မောင့်ကို ပြောခဲ့ပေမယ့် မောင်ကတော့ ဒီလိုမဟုတ်ခဲ့ရှာပါ၊ ကျွန်မ ပြောတာတွေကို စိတ်ရှည်ရှည်နားထောင်ရုံသာမက သူရောက်ခဲ့တဲ့နေရာက အတွေ့အကြုံတွေ၊ ပြည်နယ်က တိုင်းရင်းသားတွေရဲ့ လူနေမှုဘဝ အခြေအနေ၊ နယ်စပ်ဒေသက လူမှုရေး၊ စီးပွားရေးအခြေအနေတွေကို မကြာခဏ ရှင်းပြတတ်ပါတယ်၊ ရှေ့တန်းရောက် တပ်မတော်သားတွေရဲ့ စွန့်လွှတ်စွန့်စားတဲ့အကြောင်းတွေကို သူကြုံခဲ့တဲ့ တိုက်ပွဲလေးတွေနဲ့ ဆက်စပ်ပြီး ပြောပြတတ်ပါတယ်၊ တကယ်တော့ မောင်က အရာရာကို ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတတ်တဲ့သူမို့ သူ့အတွက် ပြောစရာတွေ အများကြီးရှိနေပြီး မောင့်ရဲ့ကမ္ဘာက ကျွန်မထက် ကျယ်ပြန့်လှပါတယ်။

ကျွန်မကတော့ ကိုယ့်အိမ်နဲ့ကျောင်း။ ပြီးတော့ အမေအိုကြီး၊ ပြီးတော့ ကိုယ့်ရပ်ကိုယ့်ရွာလေးကိုသာ ခင်တွယ်နေတဲ့ဒေသစွဲ၊ ဒါတွေက ကျွန်မ ကမ္ဘာလေးကို ကျဉ်းမြောင်းစေခဲ့ပြီပဲ၊ ဒါကြောင့်လည်း မောင်နဲ့ ကျွန်မ မဆုံစည်းကြတော့ဘဲ အသွင်မတူ အိမ်သူမဖြစ်ခဲ့ရတာ ထင်ပါရဲ့။

ဩော်…ချစ်သော မောင်ရယ်။

* * *





အနှစ်နှစ်ဆယ်စာ စဉ်းစားစရာတွေက ကျွန်မစိတ်ထဲမှာတော့ သိပ်မကြာသေးသလိုပါပဲ၊ ဒီလိုနေ့ဆို ပိုလို့တောင် စဉ်းစားမိတယ်၊ ကျောင်းသူကျောင်းသားတွေ မရှိတော့ စာမသင်ရလို့ နည်းနည်းတွေးချိန်လေးလည်း ရနေတယ်။

ဟော…အပြင်က သီချင်းသံကြားတယ်၊ ဘာတဲ့…

**ငယ်က ချစ် အနှစ်တစ်ရာ မမေ့သာသည် ××× တည်ကြည်နိုင်မြဲ ချစ်ခဲ့ကြသည်မို့လဲ ××× ရေမြေနယ်ခြား ဘဝဆိုတာများ မရေမရာ ××× အခြေအနေခြားတာလဲ ချစ်ခြင်းမေတ္တာ ယုံကြည်ချက်နဲ့ မဆိုင်ပြီ ××× ဒီဘဝ ဒီကမ္ဘာဆီ ××× ဩော်-ဒီတစ်ယောက်ကိုမှ ချစ်တတ်လေသည် အမြဲ ××× နောင်လဲချစ်လို့နေမည် ×××**

မကြားရတာ ကြာနေပြီဖြစ်တဲ့ နှောင်းခေတ်တေးတစ်ပုဒ်ပါ၊ ကျွန်မအဖြစ်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ရှားရှားပါးပါး ပျံ့လွင့်နေပါတယ်၊ အတန်းတင်စာမေးပွဲတွေ ပြီးသွားပေမယ့် ကျွန်မတို့ ဆရာ၊ ဆရာမတွေကတော့ တရားဝင်ကျောင်းမပိတ်မချင်း ကျောင်းတက်နေကြရဆဲပါ။ ကျောင်းခန်းထဲမှာ အလုပ်လုပ်နေရင်း ပျံ့လွင့်နေတဲ့သီချင်းသံကို ကြားတော့ မောင့်ကို မြင်ယောင်လာပြန်ပါတယ်၊ ခုချိန်မှာ မောင်တစ်ယောက် တောကြိုအုံကြားသွားနေရတုန်းပဲလား မသိ။

တကယ်တော့ ကျွန်မ မောင့်ကို စိတ်မနာနိုင်ခဲ့ပါဘူး၊ မောင်ကလွဲပြီး ဘယ်သူကိုမှလည်း ထပ်ပြီး မချစ်နိုင်ပါဘူး၊ မောင့်အပေါ်ထားခဲ့တဲ့ ကျွန်မရဲ့ ချစ်ခြင်းမေတ္တာက တမာတောမှာ ရှာတဲ့မိုးလို မေတ္တာမိုးပြေးလည်း မဟုတ်ခဲ့ရပါ။ ကျွန်မတစ်သက်မှာ တစ်ခါပွင့်တဲ့ မေတ္တာပုလဲပန်းပါ။ မောင်နဲ့ပေးခဲ့တဲ့ အနှစ်နှစ်ဆယ်လုံးလုံး ဘဝကို စာသင်ခန်းထဲမှာ နစ်မြှုပ်ပြီး အလုပ်ကိုပဲ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်မ အခုဆို အထက်တန်းပြဆရာမဘဝက နေ တစ်ဆင့်မြင့်ရာထူးနဲ့ ဒီကျောင်းကြီးက ပြောင်းရပါတော့မယ်၊ ကျွန်မ သံယောဇဉ်ကြီးခဲ့တဲ့ ကျောင်းကြီးနဲ့ တမာလမ်းကလေးကို ခွဲရပါတော့မယ်။

အထက်တန်းကျောင်းသူဘဝက ဒီကျောင်းကြီးရှေ့က တမာလမ်း ကလေးမှာ မောင်နဲ့ မကြာခဏ ကျောင်းသွားကျောင်းပြန်ခဲ့ကြတာတွေ၊ လမ်း တစ်လျှောက် မောင့်ကို ကျောင်းစာမေးရတာတွေ တစ်ခါတစ်ခါ စိတ်ကောက် ရတာလေးတွေ၊ မောင်က ပြန်လာချော့တာတွေ၊ မောင်က တက္ကသိုလ်က မြို့ပြန်ရောက်တိုင်း ကျွန်မကို ကျောင်းပေါက်ဝက နေ့တိုင်းလာကြိုပြီး အိမ်နား ရောက်မှ ဖေဖေနဲ့ မေမေ မတွေ့အောင် လမ်းခွဲသွားခဲ့တာတွေ၊ သူငယ်ချင်း တင်မောင်ဝင်းတို့၊ မောင်မောင်တို့က ကျွန်မကို 'ကိုဦးရဲ့ ရည်းစားကြီးကလဲ' လို့ မောင်နဲ့စတဲ့အခါတိုင်း 'မဟုတ်ရပါဘူးဟယ်' ဆိုပြီး ရှက်ရှက်နဲ့ ကျွန်မ အကြောက်အကန်ငြင်းခဲ့တာတွေ အားလုံးကို ကျွန်မနလုံးသားမှာ အမြဲသိမ်း ဆည်းထားလျက်ပါ။

ဩော်…ငယ်ကကျွမ်းလို့ လွမ်းရပါတယ် မောင်။

＊ ＊ ＊

"**ငယ်က ချစ်၊ အနှစ်တစ်ရာ မမေ့သာ**" ဆိုတဲ့ သီချင်းသံလေးကြား တော့ လှိုင့်မှာ ပြောစရာတွေ ရင်နဲ့အပြည့်မို့ ပြောချင်တာလေးတွေ ဆုံးအောင် တော့ ပြောပါရစေ မောင်။

နွေဦးမို့ လေရူးပွေနှောက်၊ ရွက်ခြောက်လေးတွေ ကြွေနေပြီ မောင်။ လှိုင်တို့ ကျောင်းဝင်းထဲက မောင် သိပ်ချစ်တဲ့ တမာပန်းနဲ့ ကျောင်းအထွက်က





တမာလမ်းလေးကလည်း မောင့်ကို လွမ်းနေကြပါတယ်၊ နွေရောက်တိုင်း မောင် နဲ့ လှိုင်တို့အတွက် မမေ့နိုင်စရာလေးတွေ ဖြစ်ခဲ့ကြတယ်မဟုတ်လား၊ ဒီလို နွေတစ်နေ့မှာပဲ ဒီကျောင်းကြီးအထွက်က တမာလမ်းကလေးမှာ မောင်နဲ့ လှိုင် တို့ ချစ်ခရီးစခဲ့ကြပြီ၊ ရန်ကုန်တက္ကသိုလ်က ရေတမာပင်တွေနဲ့ ကံ့ကော်ပင်တွေ ကြားမှာ မောင်က လှိုင့်ကို ထားသွားခဲ့ပြီ မဟုတ်လား၊ အနှစ်နှစ်ဆယ်တောင် ရှိခဲ့ပြီပဲ။

အခုလည်း ဒီနွေမှာ လှိုင် သံယောဇဉ်ကြီးခဲ့တဲ့ ဒီကျောင်းကြီးနဲ့ ဒီ တမာလမ်းကလေးတွေကနေပြီး ခွဲရတော့မယ်၊ တစ်ဆင့်မြင့်တာဝန်နဲ့ ရွှေဘို ခရိုင်အတွင်းက တခြားမြို့ကလေးကို သွားရတော့မယ်၊ နိုင်ငံတော်က ပေးအပ် တဲ့တာဝန်ကို လှိုင် ကျေပွန်စွာ ထမ်းဆောင်သွားမှာပါ၊ မောင်တောင်မှ အနှစ် အစိတ် သုံးဆယ်လောက် တစ်နိုင်ငံလုံး တောအနှံ့ တောင်အနှံ့ နိုင်ငံ့တာဝန် နဲ့ သွားလာနေခဲ့သေးတာပဲ၊ လှိုင်လည်း ဒီလောက်တော့ စွန့်စားရမှာပေါ့၊ ဒါပေမယ့် တစ်သက်လုံး သံယောဇဉ်ကြီးခဲ့ရတဲ့နေရာလေးကို စွန့်ခွာသွားရတော့ မှာကိုတော့ စိတ်မကောင်းပါဘူး၊ ဒီနေရာလေးမှာ မောင့်ရဲ့ အငွေ့အသက်တွေ က ရှိနေသေးတယ်လေ၊ ဒီနေ့ မနက်ကတည်းက မောင့်အကြောင်း တရစ်ဝဲဝဲ နဲ့ ခေါင်းထဲက မထွက်ဘူး မောင်၊ ထူးထူးခြားခြားကို သတိရနေမိတယ်။

မမျှော်လင့်တာတွေက သိပ်ပြီး တိုက်ဆိုင်ပါတယ် မောင်၊ ဒီနေ့တစ်နေ့ လုံး မောင့်အကြောင်းပဲ တွေးနေမိတာ၊ တိုက်တိုက်ဆိုင်ဆိုင် အခုပဲ သူငယ်ချင်း ဗိုလ်မှူးတင်မောင်ဝင်း ကျောင်းကို မမျှော်လင့်ဘဲ ရောက်လာတယ်၊ တပ်ရင်းမှူး တာဝန်နဲ့ မိတ္ထီလာကနေပြီး ရန်ကုန်ပြောင်းရမှာမို့ သူ့အဖေ အမေတွေ လာ ကန်တော့တာတဲ့၊ တစ်နေ့ကမှ အထက်တန်းပြနဲ့ ဒီကျောင်းပြန်ပြောင်းလာတဲ့ သူငယ်ချင်း မောင်မောင့်ဆီ လာရင်း တခြားသူတွေ နှုတ်ဆက်ပြီး လှိုင်နဲ့ စကားလာပြောတော့ မောင့်အကြောင်း သူကပဲ စပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင် အိမ်ထောင်ကျပြီး မကြာခင် ရှမ်းပြည်နယ်ဘက်ပြောင်းသွားကြောင်း၊ လွန်ခဲ့တဲ့ လေးငါးနှစ်က မောင့်ဇနီးဆုံးသွားပြီး သားတစ်ယောက်ကျန်ခဲ့ကြောင်း၊ သားက အခု စစ်တက္ကသိုလ်တက်နေတဲ့အကြောင်း၊ ရာထူးတွေသာ ရှိနေပေမယ့် မောင့်ဘဝမှာ အထီးကျန်နဲ့ ခြောက်သွေ့နေတဲ့အကြောင်း စုံလို့ပါပဲ၊ နောက်ဆုံးတော့ ဗိုလ်မှူးတင်မောင်ဝင်းက-

"ကဲ…လှိုင်လှိုင်၊ ငါ နောက်ဆုံးပြောချင်တာကတော့ တခြားမဟုတ်ဘူးကွ၊ ကိုဦး အခု မန္တလေးပြောင်းရပြီ၊ နန်းတွင်းထဲမှာ ရောက်နေတယ်၊ ဒီအလာမှာ သူနဲ့တွေ့ခဲ့တယ်၊ သူလာလည်း နင်နဲ့ သိပ်တွေ့ချင်တာတဲ့၊ အဲဒါငါ့ကို နင့်ဆီ ဆက်ဆက်ဝင်ခဲ့ပါလို့ မှာလိုက်လို့ နင့်ကို ငါ လာတွေ့တာ၊ ငါအခုပြန်မယ်…အပြန်မှာလည်း ကိုဦးနဲ့ တွေ့ဦးမယ်၊ သူ့ခမျာ သနားစရာပါဟာ၊ နင် ဘာမှာဦးမလဲ"

လှိုင် ခေါင်းရမ်းပြလိုက်ပါတယ်။ ဗိုလ်မှူးတင်မောင်ဝင်း ပြောတဲ့ "ကိုဦးက လှိုင်နဲ့ သိပ်တွေ့ချင်တယ်" ဆိုတာ တကယ်လား မောင်ရယ်… လှိုင်က အနှစ်နှစ်ဆယ်ကြာတာတောင် မောင့်အပေါ် အချစ်မပြယ်ခဲ့သေးပါဘူး၊ အခုအချိန်အထိ မောင်ပေးခဲ့တဲ့ ပုသိမ်ထီးလေးရော ဇင်းမယ်လုံချည်လေးတွေပါ အမြတ်တနိုး သိမ်းထားဆဲပါ၊ ညီမလေးတွေက တောင်းတာတောင် မပေးခဲ့ဘူး၊ မန္တလေးတုန်းက မောင်ပေးခဲ့တဲ့ ယူနီဖောင်းနဲ့ မောင့်ဓာတ်ပုံကလည်း လှိုင့်အိပ်ရာဘေးမှာ ရှိနေဆဲပါ၊ မောင့်ကို ပါရမီဖြည့်ဆည်းပြီး ဟိုအရင်ကာလတွေကို အတိုးချလို့ ပြုစုချင်ပါတယ်။

ဒါပေမယ့် မောင်ရယ်…လှိုင်က မိန်းမသားပါ၊ မောင့်ဆီလာချင်လည်း မောင်က မခေါ်ဘဲ လာလို့မရပါဘူး၊ မျှော်ယုံသာ မျှော်နိုင်တဲ့ဘဝပါ၊ အညာက တမာတွေကို အခုအထိ ချစ်နေတုန်းပဲလား မောင်၊ ချစ်နေသေးတယ်ဆိုရင်တော့





အညာက တမာလမ်းကလေးကို ပြန်ခဲ့စေချင်တယ်၊ အညာကို မပစ်ဘဲ တမာကို ချစ်နေတုန်းမို့ မောင့်ဘဝမှာ လှိုင်လည်း လိုအပ်ဦးမယ် ဆိုရင်တော့ မောင့်ကို တမာရိပ်က ကြိုနေပါ့မယ် မောင်။

(အညာက တမာချစ်သူတစ်ဦးအတွက် ၁၉၉၅ ခုနှစ်တွင် ခံစားရေးဖွဲ့ပါသည်။)

သောင်းဝေဦး

၁-၆-၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com

# ချစ်၍ ခေါ်သည်း လိုက်တော်မူခဲ့ မပျောင်းနွဲ့နှင့်

www.burmeseclassic.com

www.burmeseclassic.com

## ချစ်၍ ခေါ်သည်၊ လိုက်တော်မူခဲ့ မပျောင်းနွဲ့နှင့်

ရှေ့ဘိုရောက်သည်ဆိုလျှင်ပင် မသိစိတ်၏တိုက်တွန်းမှုကြောင့် မြို့မြောက်ဘက်ကို ထွက်လာခဲ့မိပါသည်။ ခပ်လှမ်းလှမ်းက သစ်ပင်တန်းများကို လှမ်းမြင်ရသည်။ ထို့နောက်တော့ တင့်မောသာယာသည့် မဟာနန္ဒာကန်တော်ကြီး၊ ကန်ထိပ်ရှိ ဥယျာဉ်တော်ရွာမှသည် မြောက်ဘက် တမျှော်တခေါ်ထိ တမာ၊ ထနောင်း၊ မန်းကျည်း စသည့် အညာဒေသသစ်ပင်ကြီးများက အစီအရီ မဆုံးနိုင်တော့၊ လွမ်းမောဘွယ်ရာပါ။

"သြော်…ဒီဒေသနဲ့ ကျွန်တော် ဝေးခဲ့တာ အနှစ်သုံးဆယ်တောင် ကြာပေါ့"

ကားပေါ်မှ အသာဆင်းပြီး မတွေ့ရတာကြာပြီဖြစ်တဲ့ နန္ဒာကန်တော်ရဲ့ ရှုခင်းအလှကို လွမ်းတဲ့စွာ ကြည့်မိပါသည်။ သက်ဆိုင်ရာတို့က ပြန်လည်ပြုပြင်ထား၍ ကန်ရေပြင်က ကျွန်တော်တို့ ငယ်ငယ်ကထက် ပိုမိုကြည်လင်

**လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်**

www.burmeseclassic.com

www.burmeseclassic.com



လှပနေ၏။ အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီမှာက ကိုးပင်ချောင်းရေလျှောင်ကန်တမံနဲ့ ရွှေဘို-မြစ်ကြီးနားမဟာဗျူဟာလမ်းမကြီးအား ပျပျမြင်နေရသည်။ အနောက်ဘက် ဟိုးအဝေးဆီမှာတော့ ကျွန်တော်နဲ့ ချစ်ဦးသူ လှိုင်တို့ရဲ့ ဇာတိ ချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ မူးမြစ်ရဲ့ အနောက်ဘက်ကမ်းက မြို့ငယ်ကလေး။ စိတ်ဖြင့် တွေးပြီး မျှော်ငေးမိပါသည်။ တွေးငေးနေမိပြီးမှ ဘေးဘီကို စောင်းငဲ့ကြည့်မိပြန်၏။

သြော်…ဒီမှာလဲ အရင်က မရှိဘူးတဲ့ ကျောက်စာတိုင်ကြီးတစ်ခုပါလား၊ အခု ဘာတွေများ ရေးထိုးထားပါလိမ့်၊ ကုန်းဘောင်ခေတ်စာဆိုတော်ကြီး စိန္တကျော်သူ ဦးဩရဲ့ မဟာနန္ဒာကန်တော်ဘွဲ့ပေပဲ။

**"ချစ်၍ ခေါ်သည်၊ လိုက်တော်မူခဲ့၊ မပျောင်းနွဲ့နှင့်"** တဲ့။

ဟုတ်ပါသည်။ ကျွန်တော် ကြိုက်လှတဲ့ ဆရာကြီး ဦးဩရဲ့ ရတုပိုဒ်စုံ အစလေး။

တက္ကသိုလ်မှာ စိတ်ကြိုက်မြန်မာစာယူခဲ့စဉ်က တဖွဖွ ရွတ်ခဲ့ရပါသည်။ ကျောင်းထွက်ပြီးနောက် တပ်မတော်ထဲဝင်ရောက်ပြီး လှိုင်နဲ့ တွေ့ကြသည့်အခါတိုင်း ကျွန်တော်က ဒီစာပိုဒ်ကလေးကိုပဲ ခဏခဏရွတ်ပြမိခဲ့ပါသည်။ ပြီးတော့လည်း လှိုင့်ကို ကျွန်တော် ခေါ်မိပါသည်။

**"ချစ်၍ ခေါ်သည်၊ လိုက်တော်မူခဲ့"** ဟု။

ယခုလည်း ဒီစာပိုဒ်လေးကိုပဲ ပြန်ရွတ်ရင်း ကျွန်တော်နဲ့ လှိုင်တို့ရဲ့ ငယ်စဉ်က ဟိုအတိတ်ကိုပဲ ပြန်လည်းလွမ်းတ စဉ်းစားမိပါသည်။ တကယ်ဆိုတော့…။

* * *





လှိုင်နှင့် ကျွန်တော်က ရွှေဘိုခရိုင်အတွင်းရှိ မူးမြစ်ဘေး မြို့လေးတစ်မြို့က ဖြစ်ကြပါသည်။

တစ်မြို့ထဲ တစ်ရပ်ကွက်ထဲသားတွေပဲလည်း ဆိုရပါမည်။ ကျွန်တော်ဆယ့်လေးနှစ်သားအရွယ်လောက်မှာ ကျွန်တော်တို့ ကွက်သစ်ကို လှိုင်တို့မိသားစု ပြောင်းလာကြသည်။ လှိုင့်ဖေဖေက ကျွန်တော်တို့ မြို့ကလေးရှိ အစိုးရုံးတစ်ရုံးက စာရေးလေး၊ ကျွန်တော်တို့ အိမ်ဘေးမှာ မြေကွက်ရ၍ မြို့ထဲတွင် အိမ်ငှားနေရာက ကွက်သစ်ရွှေ့လာပြီး ကိုယ်ပိုင်အိမ်ကလေးနဲ့ အခြေလာချခြင်းဖြစ်သည်။

လှိုင်တို့ မိသားစုတွင် မောင်နှမငါးယောက်ရှိသည်။ လှိုင်က အကြီးဆုံး၊ လှိုင့်အောက်က မောင်ငယ်နှစ်ယောက်ပြီးတော့ ညီမငယ်လေးနှစ်ယောက်၊ အားလုံး နှစ်နှစ်ကြီး နှစ်နှစ်ငယ် အရွယ်တွေ၊ ထိုစဉ်က လှိုင်က ဆယ့်နှစ်နှစ်ခန့်ဖြစ်မည်ထင်သည်။ လှိုင့်ညီမ အငယ်ဆုံးလေးကတော့ နှစ်နှစ်ကျော် သုံးနှစ်ခန့်သာ ရှိဦးမည်။ လှိုင့်မေမေက ကောင်းစွာ မကျန်းမာ၍ ၄င်းကလေးမလေးကို လှိုင်ပင် ထိန်းနေရသည်။ ထိုစဉ်ကတည်းကပင် လှိုင့်မှာ အစ်မကြီး အမိအရာ ဖြစ်နေပေပြီ။

ကျွန်တော်ကတော့ လှိုင့်လို မဟုတ်ခဲ့ပါ။ ငယ်စဉ်ကတည်းက အဖေအမေ ဆုံးပါးသွားခဲ့၍ သုံးနှစ်သားအရွယ်ခန့်ကပင် အဖေ့အစ်မကြီးက ခေါ်ယူမွေးစားခံခဲ့ရသည်။ ကျွန်တော့်ကြီးတော်ကြီးက အိမ်ထောင်မရှိ အပျိုကြီး၊ ကျွန်တော်တို့ မြို့ကလေးက မြို့မဈေးမှာ ဆိုင်ကလေးဖွင့်ထားရင်း ဈေးရောင်း၍ ကျွန်တော့်ကို ကျောင်းထားပေးခဲ့သည်။ မိဘမဲ့သားဖြစ်၍ ကျွန်တော်က စာကြိုးစားခဲ့သည်။ တစ်နှစ်တစ်တန်း မှန်မှန်အောင်သည်။

လှိုင်နှင့် စတွေ့ချိန်တွင် ကျွန်တော်က အစိုးရစစ် ခုနစ်တန်းအောင်



www.burmeseclassic.com

www.burmeseclassic.com



သည့်နှစ်၊ လှိုင်က လေးတန်းအောင်ပြီးကာစ၊ စကောလားရှစ်ပါ ရထားသည်။ စာတော်သော လှိုင့်ကို လှိုင့်ဖေဖေက ပညာတတ်ဖြစ်စေချင်သည်။ သူငယ်ငယ်က အထက်တန်းကျောင်းလောက်မှာသာနေခဲ့ရ၍ စာရေးဘဝလောက်နဲ့ အရိုးထုတ်ရတော့မည်၊ သူ့သားသမီးများ သူ့လိုမဖြစ်စေချင်၊ စာတတ်ပြီး အရာရှိအရာခံဖြစ်စေချင်သည်။ သမီးကြီး လှိုင့်ကိုလည်း လှိုင့်ဖေဖေက များစွာမျှော်လင့်အားထားရှာသည်။

ထိုနှစ်က ကျောင်းပြန်ဖွင့်တော့ ကျွန်တော်က ရှစ်တန်း၊ လှိုင်က ငါးတန်း၊ တစ်ကျောင်းတည်းသာရှိသည့် ကျွန်တော့်တို့မြို့က အထက်တန်းကျောင်းကြီးမှာ လှိုင်နှင့် ကျွန်တော် ကျောင်းတက်ကြရပါသည်။ မကြာခဏ ကျောင်းအတူ သွားဖြစ်ကြပါသည်။

ဩော်…ကျောင်းသွားဖော် ညီမလေး လှိုင်ရယ်။

* * *

ကျွန်တော် ဆယ်တန်းအောင်ပြီး တက္ကသိုလ်စတက်သည့်နှစ်တွင် လှိုင်က ခုနစ်တန်းတက်ရသည်။

စာကြိုးစားသော ကျွန်တော့်ကို လှိုင်က ခင်တွယ်သလို စာတော်သော လှိုင့်ကိုလည်း ကျွန်တော်က ညီမရင်းချာ မရှိ၍ ညီမသဖွယ် သံယောဇဉ်တွယ်ခဲ့ရပါသည်။ လှိုင်က ငယ်စဉ်ကပင် ဖြူဝင်းသော အသားအရေ၊ ဝိုင်းစက်သော မျက်လုံး၊ ကော့ညွတ်သောမျက်တောင်၊ နက်မှောင်ရှည်လျားသောဆံပင်များနှင့် **"မွှင့်စ ယန်းဦး၊ ဖူးစ ရွှေဒုံ၊ လှိုင်တို့"** ဟုပင် ဆိုရမည်ထင်ပါသည်။ တက္ကသိုလ်ရောက်ပြီးစနှစ် နွေကျောင်းပိတ်ကာလတွင်တော့ ကျွန်တော်က ကလျာဖူးစသစ် လှိုင့်ကို ချစ်ရေးဆိုမိပါသည်။ လှိုင်က ရှက်ရွံ့စွာဖြင့် မစဉ်းစားတတ်သေးကြောင်း၊ ကျွန်တော့်ကို အစ်ကိုလိုသာ ခင်မင်နေကြောင်း ပြောရှာသည်။





ဟုတ်ပါလိမ့်မည်။

ဘာလိုပဲဖြစ်ဖြစ် လှိုင့်သံယောဇဉ်နှင့် ကြီးတော်ကြီးသံယောဇဉ်ကြောင့် နွေကျောင်းပိတ်တိုင်း ကျွန်တော့်မြို့ကလေးကို မှန်မှန်ပြန်ဖြစ်ပါသည်။ ရန်ကုန်မြို့ကြီးမှာ ပျော်သော်လည်း မနေနိုင်ပါ။ နွေကျောင်းပိတ် အိမ်အပြန် ရွှေဘို၊ ခင်ဦး မဟာနန္ဒာကန်တော်လမ်းက အမြဲတမ်း လွမ်းစရာကောင်းလှ၏။ လမ်းတစ်လျှောက် တမာပန်းရနံ့များက သင်းပျံ့လှသည်။ မဟာနန္ဒာကန်တော်ကြီးအတွင်းက ကြာဖြူ၊ ကြာနီ၊ ကြာပြာများကလည်း လှပလှပါသည်။ ကန်တော်လမ်းရောက်လို့ တမာပန်းရနံ့သင်းပျံ့ပျံ့ကို တမေ့တမော ရှူမိပြီဆိုက ချစ်သောလှိုင်နှင့် တွေ့ရတော့မည်ဆိုသည့် အသိကလည်း ကျွန်တော့်ရင်ကို ခုန်စေခဲ့ပါသည်။ မင်းကုသထုံး နှလုံးမူသည့် ကျွန်တော်၏ မလျှော့သော ဇွဲ့လုံ့လကြောင့် ဘီအေအနောက်ဆုံးနှစ်တွင်တော့ လှိုင်က ကျွန်တော့်အချစ်ကို လက်ခံခဲ့ပါသည်။

လှိုင်ကိုယ်တိုင်လည်း တက္ကသိုလ်ဝင်တန်းရောက်ပြီး အပျိုကြီးဖားဖားအရွယ် ရှိုက်ဖိုကြီးငယ် အသွယ်သွယ်နှင့် လှသွေးကြွယ်နေပါပြီ။

ချစ်သူဘဝတွင်တော့ ကျွန်တော်က လှိုင့်ကို တက္ကသိုလ်တွင် ကျွန်တော် သင်ခဲ့ရသည့် ကဗျာ၊ လင်္ကာများအား မကြာခဏ ရွတ်ပြလေ့ရှိပါသည်။

ကျွန်တော် အရွတ်မိဆုံးကား ကုန်းဘောင်ခေတ်က နာမည်ကျော်စာဆိုတော်ကြီး စိန္တကျော်သူ ဦးဩရဲ့ မဟာနန္ဒာကန်တော်ဘွဲ့ပင် ဖြစ်ခဲ့ပါ၏။

* * *

တက္ကသိုလ်ကို ကျွန်တော် သူများတွေလို မတက်နိုင်ခဲ့ပါ။

ချို့တဲ့သော မိဘမဲ့သားမို့ တက္ကသိုလ်က အဆောင်များတွင် မနေနိုင်၊ ရန်ကုန် ပုဇွန်တောင်ရှိ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာသာ မှီခို



www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ရသည်။ ထိုနေရာမှ ရန်ကုန်တက္ကသိုလ်သို့ တက်ရသည်မှာ ဝေးလှပါ၏။ တမေ့တမော ဘတ်(စ်)ကား စီးရသည်။ အိုင်အေ အောင်ပြီးချိန်တွင်တော့ ပုဖွန်တောင်မှ တက္ကသိုလ်နှင့် ပိုနီးသည့် မြေနီကုန်းသို့ ရွှေ့ဖြစ်သည်။ မြေနီကုန်းအဝိုင်းကြီးအနီး တပ်မတော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် ကျွန်တော်တို့ နယ်မှ တပ်ကြပ်ကြီး အညာသား သန်းလွင်ရှိသည်။ သူနှင့် ဆွေမျိုးသဖွယ် ရင်းနှီးခဲ့ဖူး၍ ကျွန်တော့်ကို ပညာပါရမီဖြည့်ဆည်းသည့်အနေဖြင့် သူက သူ့ထံခေါ်ထားသည်။ သဘောကောင်းသည့် စခန်းတာဝန်ခံတပ်မှူးကလည်း ကျွန်တော့်ကို နေခွင့်ပြုသည်။ ဘီအေတန်းများအား မြေနီကုန်းမှနေပြီး ကျွန်တော် တက်ဖြစ်ခဲ့ပါသည်။ တပ်ကြပ်ကြီးသန်းလွင်နှင့် တပ်မှူးတို့အား အထူးကျေးဇူးတင်ရပါ၏။

ကျွန်တော် ကွန်းခိုနေသည့် တည်းခိုရေးစခန်းနှင့်ကပ်လျက် တဘက်တချက်တွင် စစ်သားစုဆောင်းရေးတပ်နှင့် တပ်မတော်ဗိုလ်ရွေးအဖွဲ့များ ရှိနေခဲ့ကြပါသည်။ ထိုကာလမှာပင် စတင်၍ တပ်မတော်နှင့် တပ်မတော်သားများအကြောင်း ကျွန်တော် တစွန်းတစ သိခဲ့ရ၏။ နယ်စွန်နယ်ဖျားက သောင်းကျန်းသူများအကြောင်း၊ ပဲခူးရိုးမနှင့် မြစ်ဝကျွန်းပေါ်က ဆိုးသွမ်းနေကြသည့် ဗကပနှင့် ကေအင်ယူများအကြောင်း၊ ရှေ့တန်းစစ်မြေပြင်တွင် တိုင်းပြည်နှင့် တပ်မတော်အတွက် အသက်ပေးသွားကြရသည့် တပ်မတော်သားများအကြောင်း၊ မိမိခန္ဓာကိုယ်အစိတ်အပိုင်းများအား စွန့်လှူခဲ့ကြရသည့် မစွမ်းမသန်းစစ်သည်များနှင့် သူတို့၏ စွန့်စားမှုများအကြောင်း စသည်များပါပင်။

ဘီအေအောင်သည့်နှစ်တွင်တော့ ကျွန်တော့်အား အရိပ်ခိုနားခွင့်ပေးခဲ့သည့် တပ်မတော်ကြီးအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကျွန်တော် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ပါသည်။ လှိုင်နှင့် ကျွန်တော့်ကြီးတော်ကြီးကိုပင် အသိမပေးခဲ့တော့ပါ။ ထိုနှစ်တွင်ပင် လှိုင်လည်း တက္ကသိုလ်ဝင်တန်း အောင်သွားပါသည်။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



ကျွန်တော်ကတော့ မှော်ဘီရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်းသို့ တက်ခဲ့ရ၏။

* * *

ကျွန်တော် ဗိုလ်သင်တန်းကျောင်းတက်နေဆဲမှာပင် လှိုင်တစ်ယောက် မန္တလေးတက္ကသိုလ်ကို စတက်သည်။ ဗိုလ်သင်တန်းဆင်းပြီးစ ခွင့်ရတော့ လှိုင့်ကို မန်းတက္ကသိုလ်က ရွှေမန်းဆောင်မှာ သွားတွေ့ဖြစ်သည်။ ကျွန်တော်က လှိုင့်ကို ကျွန်တော် တာဝန်ကျရာ တပ်ကို တစ်ပါတည်း လိုက်နိုင်ရင် လိုက်ဖို့ ခေါ်သည်။ လှပသော လှိုင့်ကို တက္ကသိုလ်မှာ ကျွန်တော် စိတ်မချနိုင်ကြောင်း ပြောဖြစ်သည်။

လှိုင်က သူ့အဖေကို သနားကြောင်း၊ မရှိမဲ့ ရှိမဲ့ကြားက တက္ကသိုလ်ထားပေးသည့် အဖေ့ဆန္ဒပြည့်ဝအောင် ဘွဲ့ရသည်အထိ ကြိုးစားချင်သေးကြောင်း၊ သူ့ရောကိုယ်ပါ ငယ်ကြသေးသည့်အတွက် အချိန်ရှိသေးသည့်အကြောင်း၊ သူ ဘွဲ့ရသည်အထိတော့ စောင့်ပေးဖို့အကြောင်းများပြောသည်။ သူ့ကို ယုံကြည်စိတ်ချဖို့လည်း အထပ်ထပ်မှာသည်။ လှိုင် ပြောသည်က သဘာဝကျနေ၍ ဘာမျှမပြောသာခဲ့၊ သူနှင့် ကျွန်တော် ခွဲကြတော့ အရှက်ကြီးသော လှိုင်က စာကလေးတစ်စောင် ပေးလိုက်သည်။ လမ်းရောက်မှ ဖတ်ပါ မောင်တဲ့။

လှိုင့်စာကို အပြန်လမ်းတွင် ကျွန်တော်ဖတ်မိပါသည်။

**မောင်**

*လှိုင် တွေတွေထူးထူးတွေ မပြောတတ်ဘူး မောင်၊ ဒါကြောင့် ကဗျာ၊ လင်္ကာတွေ ဝါသနာပါလှတဲ့ မောင့်အတွက် လှိုင် ကျက်ခဲ့ဖူးတဲ့ ကဗျာတိုလေးပဲ ကူးပေးလိုက်ပါတယ်။*

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



"အပျိုဘော်ရွယ် မစေ့ခင်က ငယ်ဝေလေ့ခေါ်ရ၊
ဘယ်အတွေ့လောကီတို့ စောမသိခင်က၊
စံပယ်ခက် စုံနှစ်ပင်၊ မငုံခင်တုံးက အစ၊
ပန်းဒွါရဆင့်စီငယ်၊ မပွင့်မီကာလ၊ ကျင့်ဝသီ စာဂနဲ့၊
ခါပထမ သက်ရွယ်၊ ငယ်သွားတွေ ကြွေမလဲခင်က၊
မှေအမြဲ ချစ်ဖို့ ကြံရွယ်"

*လှိုင်က မောင့်ကို အဲဒီလိုချစ်ခဲ့တာပါ မောင်၊ လှိုင့်ကိုယုံပါ။*

မောင်ရဲ့ လှိုင်

ကျွန်တော် ကျေနပ်ခဲ့ရပါသည်။ သြော်…လှိုင်ရယ်။

* * *

လှိုင့်ကို ကျွန်တော် အယုံကြီး ယုံခဲ့ပါသည်။

* * *

လွှမ်းတာ ပူဆွေး
သူနဲ့ ဝေးသော်
ပြည်ထဲရေးနှင့်
ဝမ်းရေးတို့ထက်
လွှမ်းရေးခက်၏။

(ဉမ္မာဒန္တီပျို)

ချစ်သော လှိုင်နှင့်ခွဲလာပြီးနောက် တပ်ရင်းဌာနချုပ်မှာ ကြာကြာမနေရ၊





ရှေ့တန်းတပ်စခန်းများသို့ ချီတက်ရပြန်သည်။ လမ်းပန်းအဆက်အသွယ် ခက်ခဲသည့်ကြားမှ ရှားပါးစွာ ရောက်ရှိလာသည့် လှိုင့်စာလေးများ ဖတ်ရချိန်မှာ လှိုင် သုံးနေကျ ရေမွှေးနံ့လေးများက လှိုင့်စာများတွင် စွဲငြိပါလာတတ်သည်။ မယ့်ကိုယ်ကပင်၊ မွှေးပျံ့လေသလား၊ ဘေးမှာ လှိုင်တစ်ယောက်များ ရောက်နေပြီလား။ ဝိုးတဝါး ထင်ယောင်မိပါသည်။

သူနဲ့ ကျွန်တော် မန္တလေးမှာ တွေ့ကြစဉ်က ကျွန်တော် ပူဆာလွန်းသဖြင့် တစ်ခါဘူးမှ အဆောင်အပြင်မထွက်တတ်သည့် ဣန္ဒြေကြီးသော လှိုင်တစ်ယောက် ကျွန်တော် မပြန်မီ တစ်ရက်က ရှက်ရွံ့စွာဖြင့် အပြင်ထွက် လိုက်လာခဲ့ပုံကိုလည်း သတိရနေမိပါသည်။ ထိုနေ့က ကျွန်တော်တို့နှစ်ယောက် မဟာမြတ်မုနိဘုရားကြီးကို ဖူးဖြစ်ကြသည်။ မန္တလေးတောင်ကိုလည်း တက်ဖြစ်ကြသည်။

တောင်အတက်လမ်းတွင် ကျွန်တော့်ပခုံးကို လှိုင် မှီတွယ်ပြီး လိုက်လာစဉ် လှိုင့်ထံမှ ရခဲ့သည့် ဆွတ်ပျံ့ဘွယ်ရာ ရေမွှေးနံ့နှင့် လှိုင့်ကိုယ်သင်းနံ့ကလေးကိုလည်း မှတ်မိနေ၏။

မန္တလေးတောင်ပေါ်မှ မြစ်မင်းဧရာဝတီနှင့် စစ်ကိုင်းဘက်ဆီ မျှော်ကြည့်ရင်း ပို၍ဝေးသော် အနောက်ဘက်ဆီမှ သူ့အိမ်ကို စိတ်ရောက်သွားလေသလား မသိ၊ လှိုင်က ညှိုးလျစွာဖြင့်-

"မောင့်ကို ချစ်လွန်းလို့ လိုက်လာတာပါ မောင်၊ စာမေးပွဲလဲနီးပြီ၊ အခုလို မောင်နဲ့သွားနေတာ ဖေဖေသာသိရင် စိတ်မကောင်းဖြစ်မှာ၊ ဖေဖေ့က လှိုင့်ကို သိပ်ပြီးယုံတာ"

ဟု ဆိုသည်။

သြော်…လှိုင့်ခမျာ ကိုယ့်ချစ်သူနှင့်တောင် စိတ်လွတ်ကိုယ်လွတ် မသွား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ရှာပါလား၊ လှိုင် စိတ်ပူနေပုံရပါသည်။ ကျွန်တော့်ရင်ထဲမှာတော့ ညှိုးလျှသွားသော လှိုင့်မျက်နှာအား ကြည့်ပြီး မွန်းကျပ်လာပါသည်။ လှိုင့်ကို အပြင်ခေါ်လာမိတာ မှားများသွားလေသလား။

လှိုင့်ကို ခပ်စောစောပင် အဆောင်ပြန်ပို့ပေးခဲ့၏။ အဆောင်တွင် လှိုင်ပြန်ဝင်သွားချိန်တွင်တော့ အမှတ်မထင် လှိုင့်ခေါင်းမှ ပန်းတစ်ပွင့်ကို မြင်မိသည်။

အို…နှင်းဆီနီတစ်ပွင့်ပါလား။

* * *





လှိုင် မန်းတက္ကသိုလ်နောက်ဆုံးနှစ်ရောက်သည့်နှစ်တွင်ပင် ကျွန်တော့်ကြီးတော်ကြီး ဆုံးသည်။ ထားဝယ်ဘက်သို့ စစ်ဆင်ရေးခရီးလွန်နေ၍ ကျွန်တော်တော်တော်နှင့် တပ်က ခွင့်မရခဲ့၊ ခွင့်ရသည့်အချိန်တွင်တော့ အခေါင်အသုဘချပြီး၍ တစ်လတောင် ကျော်သွားခဲ့ပါပြီ၊ ရွာဘိုက ဆွေမျိုးနီးစပ်များက အသုဘလာချပေးသွားကြသည်။ မြို့ကို ပြန်ရောက်တော့ အခေါင်အုတ်ဂူကိုသာ ကန်တော့နိုင်ခဲ့ပါသည်။ မိုးတွင်းကာလဖြစ်၍ မူးမြစ်ရေကြီးနေသဖြင့် အသွားရော အပြန်ပါ မုံရွာဘက်က လှည့်ခဲ့ရသည်။ လွမ်းမောဘွယ်ရာ မဟာနန္ဒာကန်တော်ကိုတောင် မမြင်ခဲ့ရတော့ပါ။

မန္တလေးတွင် လှိုင့်ကို ဝင်တွေ့ဖြစ်ပါသည်။ မန်းတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူကြီး လှိုင်တစ်ယောက် အလှကြီးလှနေပါပြီ။ **"ရိုးတံရိုးဆစ်ပြေပြစ်ချောမော၊ မြကြောစိမ်းစိမ်း၊ ရှိန်းရှိန်းစိုစို၊ လှသည့်ကိုယ်၌"** ဆိုသည့်စကားနှယ်၊ လှိုင်က အလှတွေတိုးနေပါပြီ၊ ဝတ်စားပြင်ဆင်နေတတ်ပါပြီ၊ သိပ်



လှလို့ စိတ်မချနိုင်ဖြစ်နေပါပြီ၊ လှိုင့်ကို ကျွန်တော်နဲ့ တစ်ပါတည်း ခေါ်သွားလိုလှပါသည်။ နောက်ဆုံးတော့ စိတ်နှလုံးခိုင်းခိုင်းချပြီး လှိုင့်ကို ကျွန်တော် ခေါ်မိပါတော့သည်။

"မောင့်ဘဝမှာ သံယောဇဉ်ဆိုလို့ ဒီအခေါ်နဲ့ လှိုင်ပဲ ရှိပါတယ်၊ အခေါ်မရှိတော့တဲ့နောက်မှာ သံယောဇဉ်ဆိုတာ လှိုင်ပဲ ကျန်ပါတယ်၊ ဒါကြောင့် အေးအတူ ပူအမျှ မောင်နဲ့ ဝေမျှခံစားဖို့ မောင်တို့တပ်ထဲကို လှိုင် လိုက်ခဲ့ပါတော့"

မိသားစုသံယောဇဉ်ကြီးလှတဲ့ လှိုင်တစ်ယောက် ကျွန်တော့်နောက် မလိုက်နိုင်ခဲ့ပါ။

"မဖြစ်သေးပါဘူး မောင်ရယ်၊ ဘွဲ့ရပြီး အဖေ၊ အမေတို့ ပြန်ကြည့်ရအုံးမယ်၊ လှိုင့်မောင်လေးတွေကလဲ မလိမ္မာဘူးမောင်၊ လှိုင် ဖေဖေ့ကို သနားတယ်"

"ကဲ…ဒါဆိုရင် မောင် နောက်ထပ် ဘယ်နှစ်နှစ်စောင့်ရအုံးမှာလဲ"

လှိုင်က လက်သုံးချောင်းထောင်ပြသည်။

"သုံးနှစ်ကြီးများတောင်လား လှိုင်ရယ်"

လှိုင်က ခေါင်းညိတ်ပြသည်။ ပြီးတော့ မောင် ရွတ်နေကျ ကဗျာလိုပါပဲတဲ့။

**"ချစ်၍ ခေါ်ရာ လိုက်ချင်ပါလဲ၊ နော်ဇာရွှေကုန်း၊ တစ်ခိုင်ရှုန်းကို လုံးလုံးမယ်တွေး မပိုင်သေးခဲ့"** ဆိုပဲ။

"သြော်…လုံးလုံးမယ်တွေး၊ မပိုင်သေးဘူးတဲ့လားကွယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

သုံးနှစ်ဆိုတဲ့ ထိုကာလ။

တဖြည်းဖြည်း လှိုင့်ထံမှ စာအလာကျဲသွားသည်။ လှိုင်တစ်ယောက် ဘွဲ့ရပြီး အလုပ်တွေများနေပြီထင့်၊ လှိုင်ဘွဲ့ရ၍ ကျွန်တော်တို့ မြို့ကလေးများပင် အလုပ်ပြန်ဝင်နေသည်ဆိုသည်ကိုတော့ သိထားပါသည်။

ကျွန်တော်လည်း စစ်ဆင်ရေးတာဝန်များနှင့် မအားလပ်ခဲ့ပါ။ လူပျို အရာရှိမို့ တောင်တန်းပြာနှင့် ကျောပိုးအိတ်က လွတ်သည် မရှိလှ။ အမြောက်သံ၊ စိန်သံ၊ ဗုံးသံတွေကြားမှာ သက်စွန့်ဆံဖျားသွားလာနေရသည်က များပါသည်။ ကျွန်တော် တာဝန်ကျရာ အရှေ့မြောက်တိုင်းဒေသတွင် ပြည်ပြေးဆိုသည့် သောင်းကျန်းသူတစ်မျိုးက အရေးထဲတိုးလာပြန်၍ အလုပ်ပိုများလာပြီး နားရသည့်ကာလများ ပိုနည်းလာ၏။ လပေါင်းများစွာ ပြင်ပကမ္ဘာနှင့် အဆက်ပြတ်ခဲ့သည်များလည်း ရှိခဲ့ပါသည်။ ကျွန်တော် လှိုင့်ဆီ စာမရေးနိုင်ခဲ့သလို လှိုင့်ဆီက စာများလည်း ကျွန်တော် မရခဲ့ပါ။ လှိုင်ပြောသော သုံးနှစ်တာကာလမှာ လျင်မြန်စွာပင် ကုန်ဆုံးသွားခဲ့ပါသည်။ နောက်ဆုံးနှစ်တွင်တော့ လှိုင့်ထံမှ ဘာသတင်းစကားမျှ မကြားရတော့ပါ။

ဘယ်လိုပဲဖြစ်ဖြစ် **"ဆယ်ကျော်နှစ်က ကျွမ်းချစ်သဒ္ဒါကြီးသူမှာမူ"** ဆိုသည့်အတိုင်း ဆယ်ကျော်သက်ကတည်းက ချစ်ခဲ့ရသည့် ချစ်ဦးသူမို့ လှိုင်ပြောသည့်ကာလ ပြည့်မြောက်သွားချိန်တွင်တော့ အထက်လူကြီးများထံ တင်ပြပြီး လှိုင်နှင့်တွေ့ဖို့ စီစဉ်ရပါသည်။ စစ်ဆင်ရေး အရေးကြီးသည့်ကြားမှပင် လူကြီးများက ကျွန်တော့်ကို မဖြစ်ဖြစ်အောင် ခွင့်ပေးလိုက်ကြသည်။ ဒါတွေ လှိုင် သိချင်မှ သိပါမည်။

သည်တစ်ကြိမ်ရော လှိုင်လိုက်မှ လိုက်ပါ့မလား၊ သံသယတွေ ဝေဝါးစွာဖြင့် စိုးရိမ်မိပါသည်။





ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ မလိုက်နိုင်ရင်တော့ လှိုင်နှင့်ကျွန်တော် အသွင်တူပါ့မလား၊ ကျွန်တော်တို့ တပ်မတော်သားတွေ၏ဘဝကို လှိုင် သိမှ သိပါ့မလား၊ အေးအတူ ပူအမျှ အပေးအယူ သူနဲ့ကျွန်မဆိုတာ ဖြစ်ပါ့မလား၊ မမြင်နိုင်တဲ့ သံယောဇဉ်တွေက လှိုင့်ကို သိပ်ပြီးများ လွှမ်းမိုးနေပါသလား၊ မပြောနိုင်ပါပြီ။

ခွင့်ရလျှင်ရခြင်း အသော့နှင်ပြီး လှိုင် ရှိရာကို ထွက်ခဲ့ပါသည်။

* * *

လှိုင်နဲ့ ကျွန်တော် ယခုတစ်ကြိမ် တွေ့ကြချိန်တွင် လှိုင်က ကျောင်းဆရာမဘဝနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်မှာ ဘီအီးဒီပြန်တက်နေချိန်။

ရန်ကုန်ပညာရေးတက္ကသိုလ်တွင် လှိုင့်ကို ဝင်တွေ့သည်။ ပုဂံလမ်းမှာ လမ်းလျှောက်ရင်း စကားပြောကြတော့ ကျွန်တော်က လှိုင့်ကို ကျွန်တော်နဲ့ အပြီးလိုက်ခဲ့ဖို့ ခေါ်သည်။ လှိုင်က ငြင်းသည်။ လှိုင်က သူ့အောက်က မောင်ငယ် ညီမငယ်များ၊ ပင်စင်ယူခါနီးတဲ့ သူ့အဖေ၊ ကောင်းကောင်းမမာတဲ့ သူ့အမေ၊ ဒါတွေအတွက် သူမ နောက်ဆံတင်းနေရတဲ့အကြောင်း၊ ဒါကြောင့် သုံးလေးနှစ်တော့ ထပ်ပြီး စောင့်စေချင်သေးတဲ့အကြောင်း လှိုင်က သူ့မိသားစုအကြောင်းကို တွင်တွင်ပြောနေတဲ့အချိန်မှာ ကျွန်တော်က ကျွန်တော် တာဝန်ကျရာ ပြည်နယ်က ရိုးသားတဲ့ တိုင်းရင်းသားတွေရဲ့ နေထိုင်မှုဘဝနဲ့ သနားစရာကောင်းတဲ့ သူတို့ဘဝကို တတ်အားသမျှ မြှင့်တင်ရေး၊ ဒါ့အပြင် "ကျားကိုခလုတ်၊ သစ်ငုတ်သင်ဖြူး၊ ဆူးကိုမှေ့ရာ" လုပ်နေကြရတဲ့ ရှေ့တန်းရောက် ကျွန်တော်တို့ တပ်မတော်သားတွေရဲ့ဘဝ၊ သူတို့နဲ့အတူ လက်ရည်တစ်ပြင်တည်း နေထိုင်ဖို့ ဒီဒုက္ခတွေကို မျှဝေခံစားပြီး ကျွန်တော်နဲ့အတူ လှိုင်ပါ လိုက်တွဲဖို့

www.burmeseclassic.com

www.burmeseclassic.com



အမိန့်နဲ့တာဝန်ကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်တွေကို ကျွန်တော် ထမ်းဆောင်ချိန်မှာ မောင်တစ်ထမ်း၊ မယ်တစ်ရွက် လှိုင်လည်း တဖက်တလမ်းက ပါရမီဖြည့်ဖို့၊ ပြီးတော့လည်း လှိုင့်မိသားစုကို လှိုင်နဲ့ အတူ ကျွန်တော်ပါ အစွမ်းကုန်တာဝန်ယူထားကြမယ့်အကြောင်း ရှည်လျားစွာ ပြောမိပါသည်။

"မဖြစ်သေးပါဘူး မောင်ရယ်၊ လှိုင့်မိသားစုအကြောင်း မောင် မသိပါဘူး" ဟု ပြောရင်း လှိုင်က ကွင်တွင်ငြင်းသည်။

ဟောရင်းသာ ပျံတော်မူရမည်၊ ဆန်ဖြူဖြူတစ်ခွက်ပင် ရနိုင်ဖွယ် မမြင်ဆိုသော ဦးပုညမေတ္တာစာလိုပင် ဖြစ်ခဲ့ရပါ၏။

ဒီတစ်ကြိမ်လည်း ကျွန်တော့်နောက် လှိုင် မလိုက်ဖြစ်ခဲ့ပါ။ လှိုင့်ကို အဆောင်ပြန်ပို့ရင်း လွမ်းမောစွာနဲ့ ခွဲရပြန်ပါသည်။

ရွှေငုံးမင်း အမြီးမျှော်သလို ခရီးတော်နီးရက်နဲ့ ဝေးပါလား လှိုင်ရယ်။

ဩော်...ဒီတစ်ကြိမ်မှာလည်း လှိုင့်ခေါင်းမှာလည်း အရင်တစ်ခါလို နှင်းဆီအနီတစ်ပွင့်နဲ့ပါပဲ။

* * *

လှိုင်နဲ့ ရန်ကုန်တွင် တွေ့ပြီးတဲ့နောက် စစ်ဆင်ရေးထွက်ရပြန်၏။ ဒီတစ်ခေါက်တော့ နာမည်ကျော် ဒေါနတောင်တန်းဆီသို့။

ဒေါနတောင်တန်းမှာ ပွဲအတော်ကြမ်းပြီးတဲ့နောက် ကျွန်တော်လည်း တပ်ထဲဝင်ပြီး ရောက်ကတည်းက မကြာခဏ ဒုက္ခပေးနေတဲ့ ငှက်ဖျားရောဂါနဲ့ ဘားအံမှာ ဆေးရုံတက်ရသည်။ ဆေးရုံမှာ သတိမရတစ်ချက်၊ ရတစ်ချက်





နဲ့ အသည်းအသန်ဝေဒနာခံစားနေရချိန်တွင် ကျွန်တော့်ကို အမြဲစောင့်ကြည့်ပြုစုပေးနေတဲ့သူက တာဝန်ကျသူနာပြုဆရာမလေး နော်နော်ပါ။

ချက်ချာသော အပျိုစင်ဆရာမလေး နော်နော်ရဲ့ ချိုသာတဲ့ ချစ်စဖွယ် အပြောအဆိုများနဲ့ အပြုအစုအယုအယများကြောင့် တစ်ခါဖူးကမှ အပြုအစု မခံခဲ့ရဘူးတဲ့ ကျွန်တော့်စိတ်များ များစွာ တိမ်းမူးလှုပ်ရှားခဲ့ရပါသည်။ ထို့ကြောင့် တိုင်းရင်းသူလေး နော်နော်ကလည်း ဖြူစင်စွာပဲ တုံ့ပြန်ခဲ့၍ အထက်လူကြီးများ ခွင့်ပြုချက်ဖြင့် နော်နော့်ကို ကျွန်တော် ချက်ချင်းလက်ထပ်ခဲ့ပါသည်။ အသွင်မတူ အိမ်သူမဖြစ်မို့ လှိုင်နဲ့ ဇာတ်လမ်းများကိုလည်း ဤတွင် တစ်ခန်းရပ်ပြီး ပြည်ဖုံးကား ချလိုက်ပါ၏။

ကျွန်တော်တို့ မြို့ကလေးမှာတော့ ကျွန်တော်နဲ့ လှိုင့်အကြောင်းသိသူများက အတော်လေး ပြောမဆုံးပေါင်၊ တောသုံးထောင်ဖြစ်ကြသည်ဟုလည်း သဲ့သဲ့ကြားရပါသည်။ တချို့က လှိုင့်ကို အပြစ်ဆိုပြီး အချို့ကတော့ ကျွန်တော့်ကို အပြစ်ပြောကြ၏။ ကျွန်တော်ကို အပြစ်ပြောသူ ပိုများသည်ဟု ဆိုကြပါသည်။ ကျွန်တော်က သစ္စာမဲ့သူပေါ့၊ ပြောကြပါစေ၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိ မဟုတ်လား၊ လှိုင်တစ်ယောက်လည်း နဂိုကတည်းက အရက်ကြီးရတဲ့အထဲ ဒီကိစ္စသိသွားသည့်အခါ ကျောင်းမှ ခွင့်ရက်ရှည်တောင်ယူသွားရသည်အထိ စိတ်ထိခိုက်သွားရှာသည်ဟုလည်း နောင်အခါတွင် ကျွန်တော် ပြန်ကြားခဲ့ရပါသည်။

ဘယ်သူ မပြု၊ မိမိမှုပါ လှိုင်။

* * *

ကျွန်တော်နဲ့ လက်ထပ်ပြီး တစ်နှစ်ကျော်အကြာတွင် နော်နော်မှ သား



www.burmeseclassic.com

www.burmeseclassic.com



ကို မွေးခဲ့ပါသည်။ တစ်ဦးတည်းသော သားပါ၊ သားကလေး မွေးပြီးတဲ့နောက် နော်နော်တစ်ယောက်လည်း ကျန်းမာရေးမကောင်း၍ အလုပ်မှ နားလိုက်ရပါသည်။ နောက်ကလေးလည်း မယူနိုင်တော့ပါ။

ဩော်...ကျွန်တော့်မှာလည်း ဖြစ်လိုက်ရင် အသည်းအသန်နဲ့ ကံနည်းလှချည်လားလို့ ကံကြမ္မာကိုသာ ရှိုးမယ်ဖွဲ့ရပါတော့သည်။

နော်နော် အလုပ်က အနားယူလိုက်ပြီး မကြာခင်မှာ ရှမ်းပြည်နယ်ဘက် တပ်ပြောင်းရပြန်ပါသည်။ မိသားစု ပျော်ပျော်ပဲ ပြောင်းခဲ့ကြ၏။ ရှမ်းပြည်နယ်ဘက်မှာ နှစ်အတော်ကြာ တာဝန်ထမ်းဆောင်ရင်း တစ်ဆင့်ပြီးတစ်ဆင့် တာဝန်တွေက မြင့်လာသည်။

သားဆယ်တန်းအောင်သည့်နှစ်တွင်တော့ နော်နော် တစ်ယောက် ဆုံးပါးသွားခဲ့ပါသည်။ နော်နော် ကွယ်လွန်ပြီးနောက် လပေါင်းများစွာ ကျွန်တော့်မှာ ယောင်ချာချာဖြစ်နေခဲ့ပါ၏။ သူ့အမေ မရှိတော့ချိန်တွင် သားလည်း ဘမျိုးဘိုးတူ ဆိုသလို စစ်တက္ကသိုလ်ကို တက်သွားခဲ့ပါသည်။ အဖေ့ကောင်းမွေကို ဆက်ခံသူဖြစ်၍ ဝမ်းမြောက်ဝမ်းသာ သားကို အားပေးခွင့်ပြုခဲ့ပါ၏။ အခုတော့ သားဟောင် ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ နောက်ဆုံးနှစ်ကျောင်းသားကြီးဖြစ်နေပါပြီ၊ မကြာမီ ကျောင်းဆင်းပါတော့မည်။

"ဖေဖေ...အိမ်ထောင်ပြုလိုက်ရင် ကောင်းပါတယ်၊ သား သဘောတူပါတယ်" တဲ့။

ဩော်...မေ့နေတာတွေကို သားက ပြန်သတိရအောင် အစဖော်ပေးနေတာလား မသိ၊ ကျွန်တော့်မှာ ချစ်ဦးသူ လှိုင် ရှိခဲ့ဖူးတာကို သားက သိထားခဲ့လို့လေများလား။

* * *





အနောက်တောင်ဘက်မှ လေပြေကလေးတစ်ချက်အဝေ့တွင် တမာပန်းရနံ့များက ဆွတ်ပျံ့ဘွယ်ရာ ကျွန်တော့်အား တို့ထိကျီစယ်လာကြသည်။ ကန်စပ်ရှိ ထနောင်းပင်အိုပေါ်မှ ဥသြပျိုလေးတစ်ကောင်က ဆွေးဆွေးမြွေ့မြွေ့ မြည်ကျွေးနေ၏။

တစ်ကောင်တည်းပဲလား ဥသြလေးရယ်။

ဥသြငယ်လေးရဲ့ မြည်ကျွေးသံကြောင့် အတိတ်၏အရိပ်များတွင် အာရုံဝင်စားနေရာမှ ကျွန်တော် သတိပြန်ရလာသည်။

ဩော်...အတော်တောင် ကြာသွားပါပကော၊ ပြန်ဖို့တောင် အချိန်တန်ပြီထင်ရဲ့ ကားပေါ်ပြန်တက်မိပါသည်။

မဟာနန္ဒာကန်ဘောင်ရိုးက ကျွန်တော် ပြန်ထွက်လာတော့ ခုနှစ်နာရီထိုးပြီ၊ အနောက်ဘက်မှာ နေ့ရဲ့ နေလုံးနီနီက ဆည်းဆာရောင်တချို့ကို မြူခိုးတွေကြားမှာ ချန်ထားခဲ့တဲ့အတွက် အညာဒေသရဲ့ လွမ်းမောဖွယ် သဘာဝအလှကို ပျပျမြင်နေရပါသေးသည်။ သံယောဇဉ် အမျှင်မပြတ်နိုင်ဘဲ အနောက်ဘက် ဟိုအဝေးဆီက မှုံမြစ်ဝှမ်းဆီကို လှမ်းပြီး မျှော်ကြည့်မိပြန်ပါသည်။ ချစ်ဦးသူ လှိုင်တစ်ယောက် ခုချိန်ဆို ကျွန်တော်တို့မြို့ကလေးမှာ ဘာတွေများ လုပ်နေပါလိမ့်၊ ကျွန်တော့်ကို စိတ်နာလို့ ကောင်းနေတုန်းဘဲလား။

ဆယ်တန်းမအောင်ဘဲ တပ်မတော်ထဲဝင်သွားတဲ့ မောင်ငယ်အတွက် စိတ်ပူနေတဲ့ လှိုင်၊ ပင်စင်ယူထားရတဲ့ အဖေအိုကြီးကို ပြုစုနေရတဲ့ လှိုင်၊ ဒေသကောလိပ်တက်ရင်း ခြေမြန်တပ်ရင်းတစ်ရင်းက အရာရှိလေးတစ်ဦးနဲ့ အိမ်ထောင်ကျသွားတဲ့ ညီမအငယ်ဆုံးအတွက် အခုအချိန်အထိ စိတ်မချနိုင်သေးတဲ့ လှိုင်၊ ကျောင်းအလုပ်တွေသာမက ကြွနိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းကိစ္စတွေနဲ့ မအားရတဲ့ ဆရာမကြီး လှိုင်၊ အမေဆုံးပြီးတဲ့နောက် မောင်တွေ ညီမတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုတစ်ခုလုံးအတွက် အနစ်နာခံပြီး အိမ်ထောင်မပြုဘဲ နေခဲ့တဲ့သမီးကြီး လှိုင်၊ ခုဆို ကျွန်တော်တို့ တပ်မတော်သားတွေရဲ့ဘဝကို ပိုသိလာလောက်ပါပြီ၊ ကျွန်တော့်ကိုလည်း ခွင့်လွှတ်နိုင်လောက်ပါပြီ။

လှိုင့်ကို ကျွန်တော် ပြောလိုပါသည်။

မကြာမီ ရက်ပိုင်းအတွင်း ပြင်ဦးလွင်စစ်တက္ကသိုလ်တွင် သားကြီး ကျောင်းဆင်းပွဲလုပ်ပါတော့မည်။ ခွင့်လွှတ်ပါ လှိုင်၊ သားရဲ့အမေကိုယ်စား လှိုင့်ကို ဖိတ်ပါမည်။ လှိုင် လိုက်မည်ဆိုပါက မဟာနန္ဒာကန်တော်လမ်းက ကိုယ်တိုင်လာခေါ်ပါမည်။ လှိုင် လိုက်စေချင်ပါသည်။

အရှက်ကြီးသည့် ဆရာမကြီး လှိုင် လိုက်မှ လိုက်ပါ့မလားတော့မသိ နိုင်ပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ **"ချစ်၍ ခေါ်သည်၊ လိုက်တော်မူ နဲ့ မပျောင်းရွှံ့နှင့်"** ဟု လှိုင့်ကို တစ်သက်လုံး ခေါ်လာခဲ့ရသူမို့ အခုလည်း ခေါ်ပါဦးမည်။

ဒီတစ်ခါတော့ လိုက်ခဲ့ပါတော့ လှိုင်ရယ်။

(တစ်ခါက ချစ်ဦးသူသို့)

(သောင်းဝေဦး)

၁၉၉၅ ခုနှစ်၊ ဇူလိုင်လ၊

ငွေတာရီမဂ္ဂဇင်း

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းဆိုက်

# ဟောတော့ ရေတွေ ရွှဲကုန်ပြီ

www.burmeseclassic.com

www.burmeseclassic.com

# ဟောတော့ ... ရေဘွေးရှဲကုန်ပြီ

အညာနွေ၏ နေက ပူပြင်းလှ၏။ နက်ဖြန် သင်္ကြန်ကျတော့မည်ဖြစ်၍ ကျွန်တော့်သူငယ်ချင်းများဖြစ်ကြသည့် အုံးလွင်၊ တင်မောင်ဝင်း၊ ဘစံ၊ မောင်သိန်း တို့တစ်တွေက ရေပြွတ်တကားကားဖြင့် နေပူမှာ ရေကစားနေကြသည်။ ကျွန်တော်လည်း သူတို့လို ရေပြွတ်နှင့် ရေပက်လိုလှ၏။ ဒါပေမယ့် အဘွားက ပြွတ်ဝယ်မပေး၍ ရေပြွတ်နဲ့ ရေမကစားနိုင်။

"ဟေ့ကောင်...သက်ဝေ...လာလေကွာ၊ ရေကစားရအောင်"

ဘစံက ခေါ်၏။

"မကစားပါဘူးကွာ၊ ငါ့မှာ ရေပြွတ်မှ မရှိသေးတာ"

ကျွန်တော်က ပြန်ဖြေလိုက်ရာ...

"လာပါကွ..ပြွတ်မရှိလဲ ခွက်နဲ့ပက်ပေါ့ဟ"

"ဟေ့ကောင်...ဒီမှာ ခွက်တစ်လုံးရှိတယ်၊ လာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



အုံးလွင်က အတင်းဆွဲခေါ်လိုက်သဖြင့် သူတို့နားသို့ ကန့်လန့်ကန့်လန့်နှင့် ရောက်သွား၏။ ထို့နောက် လမ်းဘေးရှိ အုတ်ရေကန်လေးထဲသို့ သူပေးသည့် ခွက်ဖြင့် ရေအခပ်လိုက်တွင် 'ဝိုးကနဲ' မိန်းမစီးစက်ဘီးကလေးတစ်စီးက ဖြတ်သွားသည်။ ကျွန်တော်တို့အရွယ် သနပ်ခါးအဖွေးသား လူးထားသော စက်ဘီးစီးသွားသည့် ကောင်မလေးအား အမှတ်မထင် မြင်လိုက်သည်နှင့် စိတ်ထဲမှ မရိုးမရွဖြစ်လာပြီး ကောင်မလေးကို 'ဖြုံးကနဲ' ရေဖြင့် လှမ်းပက်လိုက်မိ၏။

ကောင်မလေးက အံ့သြသွား၍…

"ဟောတော့…ရေတွေ ရွှဲကုန်ပြီ၊ ခွေးကောင်စုတ်လေး"

ဟု ပြောပြောဆိုဆို စက်ဘီးပေါ်က ဆင်းပြီး ကျွန်တော့်ရင်ဘတ်အား ရုတ်တရက် ဆောင့်တွန်းလိုက်သည်။ အငိုက်မိသွား၍ ကျွန်တော်မှာ အုတ်ရေကန်ထဲ ဖင်ထိုင်ကျကာ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားပါတော့သည်။

"ဝါး…ဟား…ဟား"

ကျွန်တော့်ကိုကြည့်ကာ အားလုံးက ဝိုင်း၍ ရယ်မောလိုက်ကြ၏။

"မင်းက မြို့ပိုင်မင်း သမီးကိုမှ သွားစမ်းတာကိုးကွ၊ ခံပေါ့"

သူငယ်ချင်းများက ရယ်ရင်း ပြော၏။ သူတို့ပြောမှ မနေ့တစ်နေ့က ပြောင်းလာသည့် ကျွန်တော်တို့ မြို့၏ မြို့ပိုင်မင်း ဦးဘထွေးရဲ့ သမီးအငယ်ဆုံး၊ ဒုတိယတန်းကျောင်းသူ ရီရီထွေး ဆိုသည်ကို သိလိုက်ရ၏။

ရေပက်ချင်လှတဲ့ ငနံ့အေ သက်ဝေ ဆိုတဲ့ကောင် ခံပေါ့။

ကျောင်းဖွင့်ချိန်ရောက်တော့ ဒုတိယတန်းမှာ ဒီကောင်မလေး ရီရီထွေးနဲ့ ကျွန်တော် မောင်သက်ဝေတို့ ပြန်ဆုံ၏။ ပထမဆုံး ကျောင်းစတက်သည့်နေ့မှာပင်…





"ဟဲ့…ကောင်စုတ်လေး…နင်က ဒီအတန်းကလား"

မချောလေးက နှုတ်ခမ်းလှလှလေးကို စူပြီး မေးလိုက်၏။

"နင် မမြင်ဘူးလား"

ကျွန်တော်က ဘုပြန်တော၏။ ဘုနဲ့ ဘောက်ပေါ့၊ သူမက မြို့ပိုင်မင်းသမီးမို့ လှလှပပ ဝတ်စားနိုင်၏။ ကျွန်တော်က မိဘမဲ့သားမို့ နံချာညှိုဖျင်းစွာဝတ်ဆင်ရ၏။ သူမကို ရောက်ကတည်းက အတန်းပိုင်ဆရာမမှ မြို့ပိုင်မင်းသမီးမို့ အလိုလိုက်၏။ ကျွန်တော့်ကိုတော့ မျက်နှာမွဲမို့ ဆော့လှသည်ဆိုပြီး ရှေးယခင်ကတည်းက နှိပ်ကွပ်၏။ သူမက ဘာကြောင့်မှန်းမသိ၊ စာညံ့၏။ ကျွန်တော်က ဆော့သော်လည်း အတန်းတိုင်း စာအတော်ဆုံးသုံးလေးယောက်တွင် အမြဲပါ၏။ သူမနဲ့ ကျွန်တော်က နေရာတကာမှာ ဆန့်ကျင်ဘက်။

စာညံ့သော မြို့ပိုင်မင်း သမီးကို ကျွန်တော်က မတည့်သည့်ကြားက အတန်းတူချင်းမို့ တစ်ခါတစ်ခါ စာပြပေးရ၏။ အိမ်လည်း အိမ်နီးချင်းပေကိုး၊ ကြာတော့ မချောလေးနဲ့ ကျွန်တော် မတည့်အတူနေ သူငယ်ချင်းဖြစ်သွားပါတော့သည်။

သင်္ကြန်ကျလို့ ရေပက်လည်း အရင်ကလို စိတ်မဆိုးတော့ပါ။ ပထမစတွေ့တုန်းက ရေပက်တဲ့အကြောင်းပြောတော့…

"ဟဲ့…နင်နဲ့ ငါနဲ့ မသိသေးပဲနဲ့ ဖြန်းဆို သင်္ကြန်မကျခင် ရေပက်လိုက်တော့ စိတ်ဆိုးတာပေါ့ဟဲ့၊ ဒါကြောင့် နင့်ကို စိတ်ဆိုးပြီး တအားဆောင့်တွန်းပစ်လိုက်တာ"

မချောလေးက ပြော၏။ ဟုတ်မှာပါ၊ ကျွန်တော်ဆိုတဲ့ကောင်ကလည်း သိပ်ကောင်းတာမှမဟုတ်ဘဲ မျောက်ဟိုဒင်းကို သမန်းရှအောင် ဆော့ပါပေသည် ဟု ကျွန်တော့်အသွားက မကြာမကြာ မှတ်ချက်ပြုဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကလေးပဲ ဆော့မှာပေါ့ဗျာ။

* * *

တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်။

ရီရီထွေးက အရင်လိုမဟုတ်။ ပို၍ ပို၍ လှလာသည်။ သူမ နားကပ်လိုက်တိုင်း မွေးရနံ့ကလေးများ ပိုရလာ၏။ သူများတွေ ပြောပြောနေတဲ့ အပျိုနံ့ ဆိုတာလားမသိ၊ သူမနှင့် ကျွန်တော်လည်း ပို၍ခင်လာကြ၏။ လေးတန်း အစိုးရစစ်တန်းက ကျွန်တော် သူမအိမ်သွားပြီး စာကူကျက်ပေးခြင်းကြောင့် သူမ အစိုးရစစ်စာမေးပွဲအောင်သည်ကို ကျေးဇူးတင်ကြောင်း၊ သူမရော သူမအဖေ မြို့ပိုင်မင်းကြီးကပါ မကြာခဏ ပြောတတ်သည်။ အောင်စာရင်းထွက်သည့်နေ့က လက်ကိုင်ပုဝါလှလှလေးတစ်ခါဖင်နှင့် သူမခေါင်းက နှင်းဆီနီတစ်ပွင့်အား ဖြုတ်၍ ကျွန်တော့်အား လက်ဆောင်ပေးသည်။

"နှင့်အတွက် အမှတ်တရ ငါ့လက်ဆောင်နော် သက်ဝေ" ဟု ဝမ်းပမ်းတသာဖြင့် ပေးခဲ့၏။

ဘယ်မိန်းကလေးလှလှဆီကမှ ဒါမျိုးမရခဲ့ဘူးသည့် ကျွန်တော့်မှာ သူမ နှင်းဆီပွင့်လေးအား ပေါင်ဒါဘူးထဲတွင် ယုယုယယထည့်၍ နှစ်ပေါင်း အတော်ကြာ သိမ်းထားခဲ့မိပါသည်။ ကျွန်တော် ဝမ်းသာလှပါသည်။ ဒါပေမယ့် ဝမ်းသာမှုကတော့ ကြာကြာမခံ။

ကျွန်တော်တို့ ခြောက်တန်းတက်မည့်နှစ်၊ သင်္ကြန်အကျနေ့တွင် သူမတို့ မိသားစု အထက်အမိန့်အရ ကျွန်တော်တို့မြို့က ပြောင်းသွားကြ၏။ ဘယ်မှန်းတော့ ကျွန်တော်မသိ။ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်း၊ ဘိုဆံတောက်ကလေးနဲ့

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



ဂါဝန်လှလှဝတ်ထားသည့် ရီရီထွေးအား နှစ်ဆန်းတစ်ရက်နေ့တွင် ဝမ်းနည်း ဝမ်းသာ နှုတ်ဆက်ရင်း အပြန်အလှန် ရေလောင်း၍ ခွဲခွာခဲ့ကြသည်ကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ခဲ့ပါ။

ထိုနေ့က သူငယ်ချင်းတွေ ဝိုင်းရေပက်ကြသည်ကို သူမ သည်းခံရှာသည်။ ကျွန်တော်ကတော့ လုံးဝ မပက်၊ အုံးလွှင်နဲ့ ဘစံက "ဟေ့ကောင်.. ပက်လေကွာ" ဟု တွန်းပေးကြ၏။ တော်မီ ကျွန်တော်က မတုန်မလှုပ်၊ နောက်ဆုံးတော့ ရေရွှဲရွဲစို၍ အဝတ်အစားလဲပြီး ကားပေါ်တက်သည့် အချိန်ကျမှ ရီရီထွေးအား ဘာမပြော ညာမပြောနှင့် သူမတို့အိမ်ရှေ့ရှိ ရေကန်မှ ရေတစ်ခွက် ခပ်ကာ ဖြန်းဆို ပက်လိုက်ရာ သူမခမျာ ကားထွက်မှ တစ်ကိုယ်လုံး ရွှဲရွဲစိုသွားရှာပါသည်။ ထုံးစံအတိုင်း အုံ့ညြသွား၏။ ပြီးတော့ နှုတ်ဆက်စကားပြောသွားသည်။

"ဟင်...သက်ဝေ ကောင်စုတ်၊ အခုမှ ပက်တယ်၊ ရေတွေ ရွှဲကုန်ပြီ"

သြော်...ရေတွေ ရွှဲကုန်ပြီတဲ့လား ချစ်သူငယ်ချင်းရယ်။

* * *

ဒါတွေက ကြာခဲ့ပါပြီ။

သူငယ်ချင်း ရီရီထွေးတစ်ယောက် ဘယ်ဆီဘယ်ဝယ် ရောက်နေသလဲ မသိခဲ့ပါ။ သူ့အကြောင်းနဲ့ သူပေါ့၊ သက်ဝေ ဆိုတဲ့ ကျွန်တော်တောင် ကောလိပ်ကျောင်းသား ကျော်သက်ဝေရဲ့ အဖေ ဖြစ်နေပါပြီ။ အညာကနေ မြို့တော်ရန်ကုန်တွင် အခြေပြုနေပါပြီ။ ဂုဏ်သရေရှိ လူကြီးမင်း ဦးသက်ဝေပေါ့။

ခုလည်း ကြည့်...

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန်ကျခါနီးပြီလေ…သားတော်မောင်တို့ အဖွဲ့တွေကတော့ ပျောလားဝါးလားနဲ့ ရေပက်ခံကြမလို့တဲ့၊ ပြင်ဆင်နေကြလေရဲ့။ တစ်ဦးတည်းသောသားမို့ အလိုကလည်း လိုက်ထားရ၏။

"ဖေဖေ…ဒီနှစ် ရွှေတောင်ကြားမှာ သား ရေကစားမလို့၊ အဲဒါ ဖေဖေ့ကို ခွင့်တောင်းတာပါ"

သားက ခွင့်တောင်း၏။ မိန်းကလေးမှ မဟုတ်တာ…ကစားစမ်းပါစေပေါ့၊ ဒါပေမယ့် တစ်ဦးတည်းသော သားဆိုတော့ ဂရုတော့စိုက်ရ၏။

"ကစားပါ သားရဲ့…ရပါတယ်"

"သားတို့မဏ္ဍပ်က သိပ်မဝေးဘူး ဖေဖေရဲ့၊ အင်းယားမြိုင်လမ်းက ခြံတစ်ခုရှေ့မှာ၊ အဲဒီခြံက အန်တီကြီးက သဘောသိပ်ကောင်းတာ၊ ဖေဖေ့ကို တောင် သင်္ကြန်မတိုင်မီ သား ခေါ်သွားအုံးမယ်"

ကိုယ့်ကိစ္စမဟုတ်သဖြင့်…

"သားဟာ သား သွားပါ" ဟု ဆိုလိုက်မိပါ၏။

အဲဒီခြံထဲ သွားပြီး ဘာလုပ်ရမှာလဲ၊ သူတို့ကိစ္စတွေကို စိတ်မဝင်စားပါ၊ ကိုယ့်အလှည့်မှ မဟုတ်တော့တာ၊ ကိုယ်လည်း ကဲခဲ့တုန်းက ကဲခဲ့ပြီးပြီပဲ။

သင်္ကြန်ရက်များမို့ လူငယ်များ သည်းသည်းမဲမဲ ရေကစားနေကြ၏။

ကျွန်တော်နဲ့ သားတို့ အမေကတော့ အိမ်မှာပါပဲ။

"အန်ကယ်…အန်ကယ့်သား ကျော်သက်ဝေ Accident ဖြစ်လို့ လာပြောတာပါ"

"ဟေ….ဘာဖြစ်တာလဲ Accident မှ ဟုတ်ရဲ့လား၊ ရန်ဖြစ်ကြတာများလား"

"မဟုတ်ပါဘူး ခင်ဗျ၊ မဏ္ဍပ်ပြိုသွားလို့ နည်းနည်းခိုက်မိသွားတာပါ၊





သူကတော့ ဘာမှမပြောပါဘူး၊ အန်ကယ်တို့ စိုးရိမ်နေမှာစိုးလို့ လာပြောတာပါ ခင်ဗျ"

သား သူငယ်ချင်းလေးတစ်ဦးက လာပြော၏။

"ကဲ…ကို…ကို့သားကို သွားကြည့်အုံးမှနဲ့တူတယ်"

ဖနီးသည်က ပြူးတူးပြာတာဖြင့် ဆို၏။

"မေ မလိုက်ပါနဲ့ကွာ…ကိုပဲ သွားလိုက်ပါ့မယ်"

ဇနီးသည်ကို ပြော၍ လာခေါ်သည့် သားသူငယ်ချင်းလေးကားနဲ့ လိုက်သွားရာ ငါးမိနစ်ခန့်သာ မောင်းပြီး အင်းယားမြိုင်လမ်းပေါ်က ခြံကျယ်ကြီးတစ်ခုရှေ့ရှိ ရေကစားမဏ္ဍပ်သို့ ရောက်သွား၏။ လူငယ်တစ်စုက မဏ္ဍပ်သို့ ပြန်လည်ပြင်ဆင်နေကြ၏။ သားက နည်းနည်းခိုက်မိလို့ ခြံထဲမှာ ဆေးထည့်ပြီး နားနေသတဲ့။

သားကို တွေ့တော့ ခေါင်းမှာ ပတ်တီးနဲ့၊ ဒါပေမယ့် သားက…

"နည်းနည်းလေးပါ ဖေဖေရာ၊ မနာပါဘူး၊ အလကား ဒီကောင်တွေက ဖေဖေတို့ စိတ်ပူအောင် သားမသိဘဲ သွားပြောတာ၊ ဒီအိမ်က အန်တီကြီးက သူဌေးမကြီး ဖေဖေရဲ့၊ သဘောသိပ်ကောင်းတာ၊ အန်တီကြီးကပဲ သားကို ဆေးထည့်ပေးထားတာ"

"ဪ"

သားနဲ့ စကားပြောနေစဉ်မှာပင် ဖြူဖွေးခံ့ထယ်သည့် ခြံပိုင်ရှင်ဆိုသော အမျိုးသမီးကြီးက ရောက်လာပြီး…

"ဘာမှမဖြစ်ပါဘူး ဦးသက်ဝေရယ်…သိပ်စိတ်မပူပါနဲ့"

ဒီအသံကို ကျွန်တော် ကောင်းစွာ မှတ်မိပါသည်။ ဘယ်တော့မှမမေ့ပါ။

"ဟင်…ရီရီထွေး…ရီရီထွေး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ သက်ဝေရယ်…ဒါ နင့်သား မဟုတ်လား၊ နှာမည်နဲ့ ရုပ်ကြည့်ကတည်းက နင့်သားမှန်း ငါသိပြီးသား၊ မျက်လုံးမျက်ခုံးက အစ၊ နင်နဲ့ တစ်ပုံစံထဲဟဲ့"

ဩော်…ကိုယ့်ကို မှတ်မိနေသေးတုန်းပဲလား သူငယ်ချင်းရယ်။

စကားလက်ဆုံ ပြောမကုန်အောင် ဖြစ်ခဲ့ရပါ၏။

စကားအတော်ကြာအောင် ပြောမှ ရတာမလို၊ လိုတာမရ၍ သူ အပျိုကြီးဖြစ်နေမှန်း သိခဲ့ရပါသည်။ အခု ရေကစားနေကြတာတွေက သူ့အစ်မကြီးတွေ့ရဲ့ သားတွေတဲ့လေ၊ ကျွန်တော့်သား သူငယ်ချင်းတွေ နေမှာပေါ့၊ အပျိုကြီးဆိုတော့ တူတွေ တူမတွေကိုပဲ ချစ်နေရသတဲ့။

နှုတ်ဆက်၍ ပြန်ကြမည်လုပ်တော့ သားတို့ မဏ္ဍပ်က လော်စပီကာ ဖွင့်နေ၏။

ငယ်သူငယ်ချင်းတွေမို့ ပြန်တွေ့တော့ အဟောင်းတွေက အသစ်ပြန်ဖြစ်ချင်လာ၏။ ငါးဆယ်ကျော်ပေမယ့် ကျွန်တော့်သူငယ်ချင်းမကြီးက အသားအရေ တင်းတင်းရင်းရင်းဖြင့် ဖြူဝင်းနုစို၍ လှနေ၊ ပနေဆဲ…။ အသက်ကြီးပေမယ့် မပျက်စီးသေးသမို့ ချစ်စရာက ကောင်းနေဆဲ။ အင်း…ဟိုတုန်းက ဒီလိုမှ မမြင်ဖူးခဲ့တာ။

စိတ်ထဲမှ မရိုးမရွဖြစ်လာသဖြင့် သားလက်ထဲက ရေခွက်ကိုယူပြီး သူ့ဌေးမကြီး ဒေါ်ရီရီထွေးအား သကြံန်ရေလောင်းချလိုက်၏။ သူမက လုံးဝ မျှော်လင့်ထားဟန်မတူ။

"ဟဲ့…ကောင်းစုတ် သက်ဝေ၊ နင် လုပ်လိုက်ပြန်ပြီပေါ့လေ…ရေတွေ စိုကုန်ပါပြီတော်"

ဒီလိုပြောလိုက်ပေမယ့် သူမမျက်နှာက ပြုံးနေပြီး အသံက ကြည်နူးဝမ်းသာနေသည့်အသံ။





ဩော်…ချစ်သူငယ်ချင်းမကြီးရယ်။

မဏ္ဍပ်က သီချင်းသံကလည်း ခုကျမှ ပိုကျယ်လာ၏။

**"ရေ…ရေ…ရေတွေ ရွဲကုန်ပြီ ××× ရေတွေ ရွဲကုန်ပြီ ××× ဟောတော့ ချမ်းလိုက်တာ အသည်းကို တုန်ရောရှင်×××**

ကျွန်တော်တို့ နှစ်ယောက်လုံး အသက်သုံးလေးဆယ်စီ ပြန်ငယ်သွားကြသည်ထင်၏။ မေ စိတ်ပူနေမှာစိုး၍ အမြန်ပြန်ထွက်လာမိသည်။ မဏ္ဍပ်က 'ရေတွေ ရွဲကုန်ပြီ' ဆိုသည့် သီချင်းသံက ဝေး၍ ဝေး၍ ကျန်ခဲ့ပါပြီ။

ရေတွေ ရွှဲပေမယ့် အသည်းတုန်စရာတော့ မလိုတော့ဘူး ထင်ပါတယ် သူငယ်ချင်းရယ်၊ ဒို့တစ်တွေ အသက်ကြီးကုန်ကြပြီပဲ။

**(သောင်းဝေဦး)**

**၁၉၉၆ ခုနှစ်၊ ဧပြီလ။**

**မြို့တော်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းနေတုန်းက မြသဲ့ညှာရယ်

www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းနေတုန်းက မြသဲညာရယ်

"ဟဲ့…သက်ဝေ၊ လာဖြစ်အောင်လာနော်…ငါတို့ ငယ်သူငယ်ချင်း ပြန်ဆုံရအောင် ရှားရှားပါးပါးဖိတ်ထားတာ၊ နင်ရောက်လာရင် အံ့သြသွားမှာ ပေါ့ဟယ်"

အငြိမ်းစားသံအမတ်ကတော်ကြီး ဒေါ်ခင်သီတာက ဖုန်းအကြိမ်ကြိမ် ဆက်ပြောသဖြင့် ထိုတနင်္ဂနွေနေ့မနက်က သူတို့အိမ်သို့ အလုပ်မအားသည့်ကြားမှ သွားလိုက်မိပါသည်။ ဒေါ်ခင်သီတာက သူ့မြေးမလေးကို အကြောင်းပြုပြီး အလှူလုပ်သည်။ ပြီးတော့ နှစ်ပေါင်းများစွာ ကွဲကွာ၍ ရန်ကုန်ပြန်ရောက်နေသည့် ကျွန်တော်တို့ ငယ်သူငယ်ချင်းများကို တကူးတက ဖိတ်သည်။ ယောကျ်ားထဲက ကျွန်တော်၊ ဘကြည်၊ စိုးအောင်၊ ကျော်ရင်၊ သန်းအောင်၊ မောင်အေး၊ အောင်နိုင်၊ သော်ဇင် တို့ ပါ၏။ မိန်းမများထဲကမူ မသန်းနိုင်၊ မမြင့်မြင့်ဆွေ၊ မခင်နီနီ၊ မမြမြဝင်းနှင့် မမြလွင်တို့ ပါ၏။

**လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်**

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့တစ်တွေကား လွှမ်းခဲ့သည့် အနှစ်လေးဆယ်နီးပါးက ရန်ကုန်တက္ကသိုလ်တွင် ဘာသာတွဲ အတူယူခဲ့ကြသည့် ရှားပါးသူငယ်ချင်းများ ဖြစ်သည်။ ထိုစဉ်က ဆယ်ကျော်သက်အရွယ်၊ အခုတော့ သားသမီးတွေပင် အသီးသီးအိမ်ထောင်ကျ၍ ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါး ဖြစ်နေကြပါပြီ။

သုဝဏ္ဏရှိ မခင်သီတာတို့အိမ်သို့ မနက် (၉)နာရီခန့်တွင် ကျွန်တော် ရောက်သွား၏။ ကျွန်တော် ရောက်တော့ လူတွေအတော်စုံနေပြီ၊ ဖိတ်ထားသူ အားလုံးနီးပါး လာကြသည်။

"ဟဲ့...သက်ဝေ ကောင်းစုတ်...နောက်ကျလိုက်တာ၊ နင်က ဘာတွေအလုပ်များနေတာလဲ"

လူကို တွေ့တွေ့ချင်း မခင်သီတာက သူ့ထုံးစံအတိုင်း ပဋိသန္ဓာရ ပြုလုပ်လိုက်၏။

"ကျုပ်က ဂျာဒူးဝါလားပဲဗျာ၊ အမှိုက်ကျုံးနေရတော့ နောက်ကျတာပေါ့"

"ဟဲ့...ဟိုမှာ ကြည့်လိုက်စမ်း၊ အဲဒါ ဘယ်သူလဲ သိလား"

မခင်သီတာ ညွှန်ပြသည်ကို ကြည့်လိုက်ရာ ဖြူဖွေးသောအသားအရည်၊ လှပသောနှုတ်ခမ်း၊ ဝိုင်းစက်သောမျက်လုံးများဖြင့် ပြုံးကြည့်နေသည့် ငယ်မူငယ်သွေး အချို့တဝက် ကျန်နေသေးသော သူမကို မြင်လိုက်သည်နှင့်..

"မှတ်မိပါတယ်ဗျာ"

ကျွန်တော်က ဖြေးလေးစွာပင် ပြောလိုက်မိပါသည်။

"မှတ်မိရမှာပေါ့ သက်ဝေရယ်...နင် ခဏခဏပြောနေတဲ့ နင့်မမစိုးပဲလေ"

ကျွန်တော်တို့ အချင်းချင်းပြောဆိုနေသည်ကို ကာယကံရှင် မမစိုးက





ဘာမှဝင်မပြော၊ ကျွန်တော့်ကို ရင်းနှီးဖော်ရွေသည့် မျက်လုံးများနှင့်ပြုံး၍ ကြည့်နေပါသည်။

သြော်...ဟိုတုန်းကတော့ ဒီအပြုံးလေးတွေကို ကျွန်တော် တရှိုက်မက်မက် စွဲလန်းခဲ့မိပါသည်။ အခုတော့လည်း လွှမ်းမိုးရဲ့ **'ဟိုအစ်ကိုကြီးရဲ့ မခင်နှင်းဆီ'** သီချင်းထဲကလို ပြီးခဲ့ပါပြီလေ။

ဒါပေမယ့် ကျွန်တော် ချစ်ခဲ့မိဖူးသော မမစိုး (သို့) မခင်ကြည်ကြည်စိုးနှင့် ပတ်သက်လို့ နည်းနည်းတော့ ပြန်ပြောင်းပြီး တွေးလိုက်ချင်ပါသေးသည်။

* * *

၁၉၆၂ ခုနှစ်က ဖြစ်ရပ်များ။

ရန်ကုန်တက္ကသိုလ် ဘီအိုစီကောလိပ်၏ Tutorial Class တစ်ခု...

"ဟေ့ကောင်...ဘာငေးနေတာလဲ...သွားစို့"

Tutorial ပြေအပြီး အတန်းထဲမှ အတော်နှင့် မထွက်နိုင်သော ကျွန်တော့်အား အတူနေသူငယ်ချင်း ဘကြည်က ခေါ်လိုက်သည်။ ကနေ့ Tutorial Class က ညနေပိုင်းဖြစ်၍ မိုးချုပ်သည်။ အပြန်အတွက် Bus ကားတိုးစီးရမည်ဖြစ်၍ ဘကြည်က ပြန်ချင်နေ၏။

"အော်...ကိုယ်တော်က လက်စသတ်တော့ ဒါကိုး"

ကျွန်တော်က ယခုအပတ်မှ ကျွန်တော်တို့ Tutorial Class သို့ ရောက်လာသည့် ဖြူဖွေးသန့်စင်ချောမောသော ကျောင်းသူအသစ်အား ငေးကြည့်နေမိသည်။ အသားအရည်ကသာ ဖြူဖွေးသန့်စင် ချောမောသည် မဟုတ်၊ မျက်လုံးမျက်ခုံးများကလည်း ဝိုင်းစက်လှပကြသည်။ လက်ချောင်းလေးများကလည်း ဖော့ဖယောင်းလို ပျော့ပျောင်းသွယ်လှနေသည်။ နီရဲသော နှုတ်ခမ်းနှစ်

www.burmeseclassic.com



လှာက သန္တာရောင်ပြေးနေသည်။ ဆံပင်များကလည်း နက်မှောင်သန်စွမ်းလှ၏။ ဘာကြောင့်များ ဒါလောက်လှနေတာပါလိမ့်။

**"သူစာပေပင် ရှင့်ဆင်းပြင်မှ မြင်လျှင် လွမ်ကြူး အံ့မိန်းမူးသည်၊ သောက်ရှူးသော်တာ အရောင်လော"**

သင်လက်စ ကဗျာတစ်ပိုင်းတစ်စကို ရွတ်လိုက်မိသည်။

"ကဲ…ဆရာ၊ နောက်မှ ငေး၊ ကားကြပ်နေအုံးမယ်၊ လစ်စို့"

ဘကြည်က အတင်းဆွဲခေါ်သဖြင့် ကန့်လန့်ကန့်လန့်ဖြင့် လိုက်ခဲ့ရသည်။ စိတ်ကတော့ သူမအလှကိုကြည့်၍ မဝသေး။

သူမနှင့် ကျွန်တော် ထိုကဲ့သို့ စတွေ့ခဲ့ပါသည်ခင်ဗျာ။

* * *

"ဟဲ့…သက်ဝေ၊ မနေ့က နင်နဲ့ ဘကြည် စာကူးမေးတာ အဆင်ပြေတယ်ဟုတ်၊ အဲ…သူလဲ Class ပျက်ထားတယ်၊ နင် အားရင် သူ့အတွက်ပါ ကူးပေးပါအုံး၊ သူက ငါ့သူငယ်ချင်း ခင်ကြည်ကြည်စိုးလေ"

မခင်သီတာက သူ့သူငယ်ချင်းနှင့် မိတ်ဆက်ပေးလိုက်သည်။ သူမက ကျွန်တော့်ကို ပြုံးကြည့်လိုက်ရာ ရင်မှာ နွေးသွား၏။ ပြီးခဲ့သည့် Tutorial Class တုန်းက စတွေ့ခဲ့ရသည့် အစ်မကြီးပေပဲ။

"စိုးစိုးလဲ အဲဒီနေ့က ကျောင်းပျက်ထားလို့ ကူးပေးနိုင်ရင် ကူးပေးပါအုံးနော်"

အသံက တိုးတိုးညှင်းညှင်းနှင့် သာယာနာပျော်ဖွယ်ဖြစ်၏။ ရုပ်သာလှသည်မဟုတ်၊ အသံကလည်း သာယာပေသည်ပဲ။





"ဪ…ဟုတ်ကဲ့၊ ရပါတယ်ခင်ဗျ။ ကျွန်တော်က ကူးပေးနေကြပါ"

"သက်ဝေတို့အုပ်စုက တို့နိုင်းနေကြဟဲ့၊ နင်လဲ နိုင်းပါ…ရပါတယ်၊ ဒီကောင်တွေက သဘောကောင်းတယ်ဟဲ့"

မခင်သီတာနှင့် ဥပစာပထမနှစ်ကတည်းက ဘာသာတွဲတူမို့ ခင်မင်လာကြသည်။ ဘာသာတွဲက V. Combination ဖြစ်၏။ အားလုံးမှ လူကနှစ်ရာကျော်သာဖြစ်၍ တစ်နှစ်ခန့်အကြာတွင်တော့ ထိုဘာသာတွဲယူထားသူအားလုံး မောင်နှမရင်းများသဖွယ် ခင်မင်ရင်းနှီးသွားကြ၏။ ကျွန်တော်တို့တစ်ဖွဲ့လုံးမှာ Day Scholar များ ဖြစ်ကြသည်။ ကျွန်တော်နှင့် ဘကြည်ကကြည်မြင့်တိုင် ရွှေလှိုင်အုတ်ကျောင်းမှာ နေ၍ ကျောင်းတက်နေကြသည့် အညာသား အတာတနှစ်ယောက်၊ မခင်သီတာတို့အုပ်စုက ရန်ကုန်ရွှေတောင်ကြားက Mission ကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်လာသူများ၊ အညာသားများနှင့် ရန်ကုန်သူများ တက္ကသိုလ်တွင် လာဆုံကြခြင်းဖြစ်ပါသည်။ မခင်သီတာက တောသားလူရိုးလေးဆို၍ အားလုံးထဲတွင် ကျွန်တော့်ကို အခင်မင်ဆုံး ဖြစ်၏။

တောသားလူရိုးလေးတော့ ဟုတ်ပါသည်။ ဒါပေမယ့် မမစိုးကြောင့် အခုတော့ မရိုးတော့ချင်သလိုလို ဖြစ်နေပါပြီ။

* * *

စာအကြိမ်ပေါင်းများစွာ ကူးပေးပြီးသည့်အခါ မမစိုးနှင့် အထူးရင်းနှီးလာ၏။ ရန်ကုန် ရွှေတောင်ကြားမှ မိုးကုတ်အဆက်အနွယ်များဖြစ်သည်ဆို၏။ တစ်ဦးတည်းသော သမီးဟုလည်း သိရသည်။ မခင်သီတာတို့နှင့်က အိမ်နီးချင်းကျောင်းနေဘက်များဖြစ်ကြသည်။ သူတို့ချင်းက သက်တူရွယ်တူ၊ ကျွန်တော့်ထက်တော့ အသက်နှစ်နှစ်ခန့်ကြီးသည်။ ထို့ကြောင့် မမစိုးဟု ခေါ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်မသဖွယ်လည်း ချစ်ခင်ရပါသည်။ ဒါ့ထက်တော့ ပိုမချစ်ရဲသေး၊ ကိုယ်က ချစ်နိုင်သည့်ကောင်လည်းမဟုတ်၊ ဘုန်းကြီးကျောင်းမှာ ကပ်ရပ်နေပြီး တက္ကသိုလ် တက်နေရသည့် ဆင်းရဲသား၊ သူက ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်သည့် သူဌေးသမီး၊ ဘဝက တခြားစီပေပဲ။

ဒါပေမယ့် တွေ့ပါမြင်ပါများတော့ သံယောဇဉ်က ဖြစ်လာသည်။ ကျွန်တော် အလွန်ကြိုက်သည့် အဆိုတော်ကြီးကိုချစ်ဆွေ၏ သီချင်းထဲကလို **''သူ့မျက်နှာ ကျွန်တော် အသည်းထဲ စွဲနေတယ် ××× သူသာ ကျွန်တော့် ဘဝ ××× သူသာ ကျွန်တော့်ရဲ့ ကမ္ဘာ ×××''** ဖြစ်ခဲ့ရပါသည်။ ကိုယ်က ဆင်းရဲသားမို့ ရှံဖန်ရံခါတွင် အားငယ်မိသည်။ ဒါကို မမစိုးက သိသည်ထင်၏။ ဘုန်းကြီးကျောင်းမှာနေပြီး ထမင်းနပ်မမှန်သော ကျွန်တော့်အား မကြာခဏ ကျောင်း Canteen တွင် ကျွေးတတ်မွေးတတ်သည်။ လူမမြင်အောင် မုန့်ဘိုး လည်းပေးတတ်သည်။ ရက်တော့ ခပ်ရှက်ရှက်ပဲ၊ မရှိတော့ ယူခဲ့ရပါသည်။

''ကိုသက်…ငွေအခက်အခဲရှိရင် မမစိုးကို ပြောနော်'' ဟုလည်း တိုးတိုးတိတ်တိတ် ပြောတတ်သည်။

အစ်မ မရှိသော ကျွန်တော်နှင့် မောင်မရှိသော မမစိုးတို့၏ သံယောဇဉ် က လအနည်းငယ်အတွင်းမှာပင် ခိုင်မြဲလာကြသည်။ ဘေးက မမထားနှင့် အပါဟုပင် ဆိုလာကြ၏။ သူငယ်ချင်း ဘကြည်ကပင်…

''ဟေ့ကောင်…ဘယ်လိုလဲ…မင်းဟာက ကြည့်လုပ်၊ စာမေးပွဲ ကျနေအုံးမယ်နော်'' ဟု သတိပေးလာ၏။

ဘကြည် ပြောသည့်အတိုင်း ကိုယ့်အကြောင်းနဲ့ကိုယ်မို့ ထိန်းထိန်း သိမ်းသိမ်းနေခဲ့ပါသည်။ ဒါပေမယ့် မမစိုး၏ လှပသော မျက်ဝန်းများထဲမှ ကျွန်တော့်အား သနားညှာတာချစ်ခင်သည့် အရိပ်အယောင်များကိုကား ကျွန်တော်



အမြဲတန်းတွေ့သိနေခဲ့၏။ ပင်ပန်းကြီးစွာဖြင့် တက္ကသိုလ်ကို တက်နေရသည့် အားငယ်တတ်သော ကျွန်တော့်အားလည်း မကြာခဏ ဖေဖေးမမဖြင့် အားပေး ရှာပါသည်။

''ကြိုးစားပေါ့ ကိုသက်ရယ်၊ မမစိုးလဲ တတ်နိုင်တာကူညီမယ်… ဘွဲ့ရသွားရင် မောင်လေးဘဝ အဆင်ပြေသွားမှာပါ''

အော်…ဒီလိုဆိုတော့လည်း ကိုချစ်ဆွေရဲ့ သီချင်းထဲကလို…

**''နှစ်ယောက်သားမှာကွယ် ××× သိနားလည်ရက်ပါနဲ့ ××× ဟန် ဆောင်နေကြရတဲ့အဖြစ်သနစ်ရယ် ×××တကယ်တော့ ပင်ပန်းလှပါတယ် ××× ဒါကလဲ တစ်ဦးကိုတစ်ဦးကကွယ် ××× ကြည့်ကြည်နူးနူး ပန်းလိုလှစေချင်တဲ့ ဆန္ဒနဲ့ရယ် ××× ယုယညှာတာ အစစထောက်ထား မဖောက်ပြားနေလာခဲ့တယ် ××× စိတ်ချင်းသဘောချင်း ဝါသနာချင်းတူတဲ့ဘဝဝယ် ××× အတူသွား အတူစားနေလာမိုက်ဝယ် ××× မပျယ်သော မေတ္တာများနဲ့ကွယ် ××× ချစ်စကား မကျတကျ အလှအပတွေလဲ ပြောမိခဲ့တယ် ××× ဒီလိုအချိန်တိုင်းမယ် ××× နှစ်ယောက်သား မျက်လုံးတွေထဲဝယ် ××× သာယာကြည်နူးခြင်းနဲ့ ချစ်ဗိမ္မာန် နန်းကို အတူတူလိုလို မြင်ကြရတယ်ကွယ် ×××''**

မမစိုးကို နောက်ဆုံးတော့ ကျွန်တော် တကယ်ပဲချစ်ခဲ့မိပါသည်ခင်ဗျာ။

* * *

**''ဝဏ္ဏပဘာ တလျှာဖူးစသစ် ပျိုမျစ်မျစ်လျှင် ကျစ်လစ်တင့်စံပယ် လှမျိုးကြွယ်သား ဆံသွယ်မြမြိတ်စို့ ဆင်းရောင်ပျို့ကို နတ်တို့ဆင်ထိုက်တန် ဆင်းစုံကြန်သား အလွန်ရဝေခက်၊ ပြုံမြိတ်ရှက်နှင့် လက်လက်လှထိန်းမြေး ရွှေရည်ရေးသို့ ပျံ့မွှေးရွှေအင်္ဂါ၊ ရွှေထဘီနှင့် မျက်စိရွှေနားတောင်း ရောင်မောင်း**



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းရည်သား၊ သက်တင်လားသို့ လက်ဖျားခန်းနီရောင်၊ ဈက်တောင်ကော့ ညွတ်သေး၊ စုတ်ဖြင့် ရေးသို့၊ ကြိုင်အေးကတိုးရည် ထုံမျိုးကြည်သား၊ နုတ် ပြည်မိုးသူဇာ ပျံကျလာသို့၊ ရှုသာတင့်စနိုး လှခေါင်မျိုးကို ညခင်းဆည်းဆာတွင် ကျွန်ုပ်မြင်သည်၊ ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့''

''သူငယ်ချင်း…သိပ်ပြီး ဗီလင်တွေတက်ပြီး ကဗျာတွေ ရွတ်မနေနဲ့ ဗျာ၊ မင်းအစ်မနှစ်ယောက် ကျောင်းပျက်တာ ယောကျ်ားရသွားလို့တဲ့ဗျ''

''ဘာကွ…ဘယ်လို''

''ဟ…ဗမာလိုပြောနေတာ…မကြားဘူးလား၊ မခင်သီတာက Army က ဗိုလ်ကြီးတစ်ယောက်နဲ့တဲ့၊ မခင်ကြည်ကြည်စိုးက Navy က ဗိုလ်မှူးတစ် ယောက်နဲ့တဲ့ဗျ''

''မင်း…ဘယ်သူပြောတာလဲ၊ ဟုတ်မှ ဟုတ်ရဲ့လားကွာ၊ စာမေးပွဲ ကြီးတောင် နီးနေပြီပဲ''

''အောင်မယ်လေး…'ဟုတ်…ဟုတ်…ဟုတ်လို့မှ သိပ်ဟုတ်နေသေး မောင်ရာ၊ မင်္ဂလာဆောင်ကို တို့က ချာတိတ်တွေမို့ မဖိတ်တာ၊ သူတို့ရွှေတောင် ကြားက Day အပွဲ့အားလုံး သွားကြဝါသဗျာ၊ မယုံရင် မေးသာကြည့်ပါတော့၊ နွဲ့နွဲ့ခင်နဲ့ မြမြဝင်းတို့ အုပ်စုအသိဆုံးပါ''

''အော်…မမစိုးက ရေတပ်က ဗိုလ်မှူးနဲ့ အိမ်ထောင်ကျသွားပြီတဲ့ လား''

ကျွန်တော်က ကိုယ့်မသိစိတ်ကို ကိုယ်မထိန်းလိုက်နိုင်ဘဲ…

''ငါလဲ ရေတပ်ထဲဝင်မယ်ကွာ''

လွှတ်ခနဲ ပြောလိုက်မိပါသည်။

''ဟား…ဟား…ဟား၊ သက်ဝေ…သက်ဝေ၊ မရွှးစမ်းပါနဲ့ သူငယ်





ချင်းရာ၊ တို့ Arts သမားတွေကို ဘယ်က ရေတပ်က လက်ခံမှာလဲ၊ သိပ္ပံဘာသာ တွဲနဲ့ အင်တာအောင်မှ ရေတပ်က လက်ခံတာ မင်းသိရက်သားနဲ့''

ဘကြည်က ပြော၏။ သူပြောတာ ဟုတ်ပါသည်။ ရေတပ်မှ အရေး ပေါ်ပြန်တမ်းဝင် အရာရှိများခေါ်သည့်အခါ အိုင်အက်စ်စီအောင်သည့် သိပ္ပံသမား သာခေါ်၏။ ကျွန်တော်က ဝိဇ္ဇာ၊ ဒါဆိုတော့ ပြဒါးတစ်လမ်း သံတစ်လမ်းပေါ့၊ သွားပါပြီ။

* * *

စိတ်ပျက်လက်ပျက်ဖြင့် တက္ကသိုလ်ဆက်မတက်နိုင်တော့၍ ကျောင်း ထွက်ခဲ့ရပါသည်။ ကိုယ့်ဘဝအကြောင်းနှင့် ကိုယ်မို့ မမစိုးကိုလည်း မေ့ထားခဲ့ ပါသည်။ သို့ရာတွင် ဘွဲ့ရရေးကတော့ မေ့၍မဖြစ်၊ ထို့ကြောင့် နေ့တွင် မူလ တန်းပြဆရာလုပ်ပြီး ညတွင် လုပ်သားကောလိပ်တက်ဖြစ်သည်။ ဘွဲ့ကလည်း ရမှဖြစ်မည်။ အညာက ဆင်းလာကတည်းက ဘွဲ့ရရေးအတွက် ဖြစ်၏။ ထို့ ကြောင့် ကုတ်ကတ်၍ မရမနေ၊ ဘွဲ့ယူမည်ဟု ဆုံးဖြတ်ထားသည်။

လုပ်သားကောလိပ်၏တစ်ခုသော ညတစ်ည။

''ဟယ်…ကိုသက်''

ကြားဖူးနေကျ တိုးညှင်းသောအသံသာလေးတစ်ခု။

''အော်…မမစိုး''

ဒုတိယထပ်ကော်ရစ်ဒါတွင် ရပ်နေစဉ် ခေါ်သံကြောင့် လှည့်ကြည့်မိ သည်။ နှစ်နှစ်နီးပါး ကွဲကွာခဲ့သည့် မမစိုးကို ပြန်တွေ့ရသည်။

ရေတပ်ဗိုလ်မှူးကတော်လေးက အရင်ကလို လှတုန်းပါပဲလား။

''မတွေ့ရတာကြာပြီနော်…ဘာတွေလုပ်နေလဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



"မူလတန်းပြဆရာလေ၊ ဒေါ်ပုံ သာကေတဘက်မှာ...မမစိုးရော"

"အိမ်က ဗိုလ်မှူးနဲ့ သံလျက်စွန်းမှာလေ၊ ကလေးနဲ့ဆိုတော့ ဒီမှာပဲ ကျောင်းပြန်တက်ရတယ်"

ကလေးအမေတောင် ဖြစ်နေပြီလား မမစိုးရယ်။

ထိုနေ့ညက Classအပြီး မမစိုးအား လိုက်ပို့မိပါသည်။ အောက်တွင်နေတော့ မမစိုး၏ ဗိုလ်မှူးအား ကိုယ်ပိုင်ကားဖြင့် စောင့်နေသည်ကို အဆင်သင့်တွေ့ရ၏။ တည်ကြည်ခံ့ညားမွန်ရည်သော ဥပဓိရုပ်ရှိသူပေပဲ...စစ်ဗိုလ်ဖြစ်မေမပေ့၊ အသက်ကတော့ မမစိုးနဲ့ အတော်ကွာသည်။ ဆယ်နှစ်အထက် ဖြစ်ပါလိမ့်မည်။

"အစ်ကိုကြီး...ဒါ စိုးစိုး သူငယ်ချင်းပါ၊ ဆရာလေးဦးသက်ဝေတဲ့"

ဗိုလ်မှူးက ပြုံး၍ အသိအမှတ်ပြုလိုက်၏။ မွန်ရည်သောအပြုံးဖြစ်သည်။

သူတို့ ကားထွက်သွားတော့ ည (၉) နာရီခွဲပြီ၊ ဗိုလ်မှူးက ယုယကြင်နာစွာ မမစိုးကို ဖေးမခေါ်သွားသည်ကို မြင်ရသည့်အခါ 'သြော်..ချစ်ရှာပါပေတယ်' ဟု ခံစားမိပြီး မမစိုးအတွက် ဝမ်းသာကြည်နူးမိပါသည်။

ဗိုလ်တထောင်လုပ်သားကောလိပ်တွင် မမစိုးနဲ့ သိပ်မတွေ့ဖြစ်ပါ။ မတွေ့တာက ပိုကောင်းမည်ဟုလည်း ထင်ပါသည်။

ထို့ကြောင့် မတွေ့အောင် ဂရုစိုက်၏။ ဒုဿနသောဆိုတာ ဗုဒ္ဓဘာသာမှာ အပြစ်ကြီးတစ်ခု မဟုတ်ဘူးလားခင်ဗျာ။

＊ ＊ ＊

၁၉၆၅ ခုနှစ်တွင် ကျွန်တော် ဘွဲ့ရသည်။ မမစိုးလည်း ဘွဲ့ရသွားသည်။ ဘွဲ့ရပြီးတော့ ကျွန်တော်နဲ့ ဘကြည်နှစ်ယောက်လုံး စစ်တပ်ထဲ ခြေစုံပစ်ဝင်လိုက်ကြ၏။ စိတ်မကုန်၍ ရေတပ်ကို လျှောက်လိုက်သေးသည်။ ဒါပေမယ့် ရေတပ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်မှာ ဘာအတွေ့အကြုံ ဗဟုသုတ





မှ ရှိသည်မဟုတ်၊ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ရေငန်သောက်၊ မြက်ခြောက်စားအေသကလာတဲ့ကောင်ဖြစ်၍ မမြင်ဘူး မူးမြစ်ထင်သူဖြစ်သည်။ တကယ်လည်း ကျွန်တော့်ဇာတိက မူးမြစ်အနောက်ဘက်ကမ်းဖြစ်၏။ ထို့ကြောင့် ကြည်း၊ ရေ၊ လေ ရွေးတော့ ရေတပ်ဗိုလ်လုပ်ချင်သည့် ကျွန်တော့်မှာ ဝိဇ္ဇာဘာသာတွဲထားသည့်အပြင် ဘာရေတပ် ဗဟုသုတမှမရှိ၍ ရေတပ်ကို မရောက်ခဲ့ပါ။

ရေတပ်ဆို၍ မမစိုး အိမ်ထောင်ကျကာစက feeling တက်တက်ဖြင့် Marine Cadet လျှောက်ရာ ကျွန်တော်၊ ဘကြည်၊ ကရင်လေးသန်းအောင်၊ ဆော်လီဘောအုံးမောင်တို့လေးယောက်၊ သံလျက်စွန်းမှ ရတနာပုံရေတပ်စခန်းသို့ သွားခဲ့ဖူးသည့် အတွေ့အကြုံသာ ရှိပါသည်။ သင်္ဘောသေးသေးလေးနှင့် လှိုင်းလူး၍ ကျွန်တော်တို့ သူငယ်ချင်းလေးယောက် လှိုင်းမူးပြီး အော့အန်ကာမျက်စေ့သူငယ် နားသူငယ်နှင့် ဖြစ်ခဲ့ရပါသေးသည်။ လိုက်ပို့သည့် ရေတပ်ဗိုလ်များကတော့ အေးအေးဆေးဆေးပင် ဖြစ်ပါသည်။ ဒီလှိုင်းလောက်တော့ ဖြုံပုံမရပါ၊ ကျွန်တော့်တွင် ထိုအတွေ့အကြုံကလေးသာ ရှိ၏။ ရယ်တော့ ရယ်ရပါသည်။

ရေတပ်မရောက်ဘဲ ကြည်းတပ်ရောက်ရာ မော်လမြိုင်ဘက်တွင် တာဝန်ကျ၍ ပင်လယ်ကမ်းရိုးတန်းအတွေ့အကြုံတော့ ရှိခဲ့ပါသည်။ ငွေဇင်ယော်စစ်ဆင်ရေးကြောင့် ၁၉၇၄-၇၅ ခုနှစ်များတွင် စက်လှေဖြင့် မော်လမြိုင်နှင့်ထားဝယ်ကြား ကမ်းရိုးတန်းများတွင် လှုပ်ရှားခဲ့ရပါသည်။ ရေအကြောင်းကောင်းကောင်းမသိ၍ ပင်လယ်တွင် ရေနစ်သေမလိုလိုလည်း ဖြစ်ခဲ့ရပါသည်။ အနည်းငယ်အနေကြာလာတော့ ဒီရေအတက်အကျများ၊ ပင်လယ်သတ္တဝါများ၊ ကျောက်ဆောင်များ၊ သဲသောင်များ၊ ပင်လယ်ကဗ္ဗီးပင်များ၊ အနောက်တောင်မုတ်သုန်လေနှင့် မိုးသက်မုန်တိုင်းများ၊ မီးပြတိုက်များ စသည်တို့ကိုလည်း သိလာခဲ့ပါသည်။ ကြည်းတပ်သားဖြစ်သော်လည်း စက်လှေနှင့် ပင်လယ်ကမ်း

www.burmeseclassic.com



ရှိးတန်းတွင် ရက်ပေါင်းများစွာ နေရလာရသည့်အခါ ရေတပ်၏ သဘောသဘာဝကို အထိုက်အလျောက် ရိပ်စားနားလည်လာပါသည်။ စားစရာမရှိသည့်အခါ ပင်လယ်တွင်းတွင် ငါးမိုင်ခွဲစားခဲ့ရသည်ကိုလည်း မှတ်မိနေပါသေးသည်။ ပင်လယ်ခူးယားထိ၍ လက်တွေယောင်ကိုင်းလာသည်ကိုလည်း မမေ့ပါ။ ပင်လယ်ရေပြင်တွင် ဘာမှမြင်ရ မတွေ့ရဘဲ ရက်ပေါင်းများစွာ ပျင်းရိငြီးငွေ့ဘွယ်ရာလည်း နေခဲ့ရဖူးပါသည်။

ဩော်…တကယ်ဆိုတော့ ရေတပ်ကလည်း မလွယ်ပါလားဆိုတာ ထိုအခါကျမှ သဘောပေါက်ခဲ့ပါတော့သည်။ ပင်လယ်ကမ်းရိုးတန်းတွင် သုံးနှစ်တာဝန် ထမ်းဆောင်ခဲ့ပြီး အရှေ့မြောက်ဒေသရှိ လွမ်းရောင်သမ်းသည့် ရှမ်းတောင်တန်းများဆီသို့ ပြောင်းခဲ့ရပြန်၏။ ထိုအခါ ပင်လယ်နဲ့ဝေးသွားတော့သည်။ ပင်လယ်နဲ့ဝေးသွားတော့ မမစိုးတို့နဲ့လည်း ဝေးသွားပြီပေါ့။

* * *

ရှမ်းအရှေ့တွင် မခင်သီတာနှင့် ပြန်တွေ့သည်။ မခင်သီတာ ခင်ပွန်းက တပ်မှူးကြီး ဖြစ်နေပေပြီ၊ မမစိုး အကြောင်း မခင်သီတာက ပြောသည်။

"ဟဲ့…သက်ဝေ၊ စိုးစိုးက နင့်ကို ချစ်တယ်တဲ့၊ ကိုသက်က သိပ်ရိုးတာပဲ၊ စာလဲကြိုးစားတယ်၊ အလိုက်လဲ သိပ်သိတာပဲ၊ အဲဒါကြောင့် ချစ်စရာကောင်းတယ်လို့ ပြောဖူးတယ်"

"တော်ပါပြီဗျာ…အတိတ်ကို အတိတ်မှာပဲ ထားခဲ့ပါရစေတော့"

"ဩော်…နင်က ငါနဲ့ပတ်သက်ပြီးမှ သိတဲ့ စိုးစိုးကို မမစိုး၊ မမစိုးနဲ့ တစ်စိုးထဲ စိုးနေတော့ပြောရတာပေါ့ဟဲ့"

"သူ့အမျိုးသားလဲ ရေတပ်မှာ ဗိုလ်မှူးကြီးဖြစ်နေပြီတဲ့၊ ငါ ရန်ကုန်ရောက်တုန်းက ကြားခဲ့တာ"

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



ကျွန်တော်က အတိတ်ကို တကယ်ပဲ အတိတ်မှာပဲ ထားခဲ့ချင်၏။ ထိုကိစ္စကို ဘာမှမဆွေးနွေးလိုတော့ပါ။ ကျွန်တော့်မှာ ချစ်ဇနီးမေနှင့် ကလေးလေးယောက်တောင် ရနေပြီဖြစ်၍ ဒီကိစ္စကို ဆွေးနွေးစရာလည်း မလိုတော့ဟု ထင်၏။ ဆယ်ကျော်သက်တွေ၏ ခံစားမှုမျိုး ကျွန်တော့်မှာ မရှိတော့။ အသည်းနှလုံးများက ရင့်ကျက်၍ တည်ငြိမ်နေပါပြီ။

ရှမ်းပြည်နယ်တွင် (၁၅) နှစ်ကြာသည်။ ကရင်ပြည်နယ် ပြန်ရောက်လာသည်။ နောက်ဆုံးတော့ နယ်ဘက်ပြောင်းရသည်။ ရန်ကုန်ရောက်၏။ မခင်သီတာနှင့်တွေ့၍ မမစိုးအကြောင်း သူကပင် ပြောသည်။ ကျွန်တော်က ဘာမှ မပြောတော့ပါ။ မပြောဘဲနေခြင်းသည်သာ အကောင်းဆုံး မဟုတ်ဘူးလားခင်ဗျာ။

* * *

"ဟဲ့…သက်ဝေ၊ စားလေ…ဘာငေးနေတာလဲ၊ နင်က စိုးစိုး တွေ့တာနဲ့ မုန့်ဟင်းခါးတောင် မစားနိုင်တော့ဘူးလား"

အတွေးဖြင့် ငေးနေမိသည်ကို မခင်သီတာ၏စကားကြောင့် အတွေးစလည်း ပြတ်သွား၏။

"စားပါတယ်ဗျာ…အိမ်ကလဲ Breakfast စားလာမိလို့ပါ"

"စိုးစိုးရေ…သက်ဝေက အခု နယ်ဘက်ရောက်နေပြီ၊ ကိစ္စရှိရင် အကူအညီတောင်းလို့ရတယ်"

"ဟုတ်ပါတယ် မမစိုး၊ လိုတာရှိရင် လာပါခင်ဗျာ"

"ရပါတယ် ကိုသက်ရယ်၊ လိုရင် လာမှာပေါ့"

မမစိုးက သူ့ထုံးစံအတိုင်းပြုံး၍ ညင်သာစွာ ပြော၏။ ဩော်…မမစိုးက အသက်ကြီးတာတောင် လှနေတုန်းပါပဲလား။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယအကြိမ် တွေးမိပြန်၏။

"ကဲ…ကိုသက်၊ စိုးစိုး ပြန်အုံးမယ်နော်၊ ဒါ စိုးစိုးတို့ အိမ်လိပ်စာ ကတ်ပြား၊ အားတဲ့အခါ လာလည်နိုင်ပါတယ်"

လိပ်စာက ထုံးစံအတိုင်း ရွှေတောင်ကြားမှာဖြစ်၏။ ဒါဆို ကျွန်တော့်အိမ်နဲ့က သိပ်မဝေးလှ။

"ဒါပေမယ့် မမစိုးရယ်…တစ်ခါမှ လာမလည်ဘူးဘဲနဲ့ အခုမှ ဘယ်လိုလုပ်လာလည်ရမလဲ"

စိတ်ထဲကပဲ ပြောမိသည်။ သူငယ်ချင်းများကို နှုတ်ဆက်၍ ထပြန်ခဲ့သည်။ မမစိုးကြောင့် သူငယ်ချင်းများကိုပင် စကားဖွယ်ဖွယ်ရာရာ မပြောဖြစ်ခဲ့။

မခင်သီတာရဲ့အိမ်က ကျွန်တော် ပြန်အထွက်တွင်တော့ ခပ်လှမ်းလှမ်း အိမ်တစ်အိမ်မှ ကက်ဆက်သံသဲ့သဲ့ကို လှမ်းကြားရ၏။ ဘာတဲ့…

"ဒီအချိန်မှာ ပြန်တွေ့ရတာ ဘာလုပ်ရမှာလဲ" တဲ့။

အော်…ကျောင်းနေတုန်းက မြသဲညှာရယ်…။

* * *

(ဘီအိုစီကောလိပ် V.Combination မှ သူငယ်ချင်းများအား သတိရလျက်)

(သောင်းဝေဦး)

၃၁-၅-၂၀၀၀

၂၀၀၁ ခုနှစ်၊ ရေတပ်နှစ်ပတ်လည်မဂ္ဂဇင်း

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

# ကြင်နာခြင်းတစ်ဝက်နဲ့ ရှုပ်ထွေးခြင်းတစ်ဝက်မို့

www.burmeseclassic.com

www.burmeseclassic.com

## ကြင်နာခြင်းတဝက်နဲ့ ရှုပ်ထွေးခြင်းတဝက်မို့

သြော်…အစောကတည်းက ကိုယ့်ဘဝထဲ မဝင်လာရင် အကောင်းသားလား မြဒါလီရယ်၊ အခုတော့…

* * *

"မောင်…ဒါ သက်ရဲ့ ညီမဝမ်းကွဲ မြဒါလီလေ၊ မောင့်ကို သက် ခဏခဏ ပြောဖူးပါတယ်၊ အဲဒါ သက်တို့အိမ်မှာ ခဏနေချင်လို့တဲ့၊ အိမ်မှာနေရင်း ရန်ကုန်မှာ အလုပ်လုပ်မှာပေါ့ မောင်ရယ်"

ဇနီးသည် သက်ထားရဲ့ စကားအဆုံးမှာ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျကျ မင်းကို ကိုယ် ပထမဆုံးအကြိမ် တွေ့ဖူးတာပဲ မြဒါလီ။

**လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်**

www.burmeseclassic.com

www.burmeseclassic.com



တွေ့လျှင်တွေ့ချင်းပဲ မင်းရဲ့ တောင်းပန်တိုးလျှိုး အသနားခံသလိုလို၊ မျက်လုံးညိုညိုများကို ကိုယ် ပထမဆုံးရင်ဆိုင်ရတာပါပဲ၊ ကိုယ့်ကို တစ်ချက်ကြည့်ပြီး မင်းခေါင်းငုံ့သွားတယ်၊ မင်းမျက်လုံးတွေက ကိုယ့်ကို စကားပြော သွားပါတယ်၊ ကိုယ်က မင်းကို တွေ့တယ်ဆိုရင်ဘဲ ရှေးရေစက်ကြောင့်ပဲလား တော့ မသိဘူး၊ မင်းရဲ့စကားပြောတဲ့ မျက်လုံးတွေနဲ့ ကွေးညွတ်လှပနေတဲ့ နှင်းဆီဖူးလို နှုတ်ခမ်းလေးတွေကို ကြည့်ပြီး…

"အင်း" လို့ တစ်လုံးထဲ ခေါင်းညိတ်လိုက်မိပါတယ်။

ဒီလိုနဲ့ မင်း တို့အိမ်ကို ရောက်လာတာလေ၊ မင်း သတိရပါသေးတယ် နော် မြဒါလီ။

✻ ✻ ✻

**မြောက်ပြန်လေ၏×××နှုတ်ဆက်တေးကို×××ကြားလိုက်မိမှပင်××× ရင်မှာ အကြင်နာ×××ညင်သာစွာပဲ×××နိုးထလာပြန်ပြီ"**

မင်း တို့အိမ်က ထွက်သွားတာ ဆောင်းအကုန် နွေအကူးလေ၊ ရန်ကုန် ဆောင်းက အေးမှန်းမသိသာပေမယ့် မင်းနဲ့ ကိုယ်က ရန်ကုန်ရဲ့ မြောက် မိုင် တစ်ရာ၊ နှစ်ရာကွာတဲ့ နေရာတွေကို နှစ်ယောက်ထဲအတူ သွားဖူးကြတော့ ဆောင်းရဲ့အရသာကို မင်းရောကိုယ်ပါ သိနေကြတယ်၊ ဒီလို မြောက်ပြန်လေ တိုက်တဲ့ နေရာမျိုးရောက်ရင် မင်းကို အထူးသတိရမိပါတယ်၊ ဆောင်းနှောင်း မှာ ခရီးထွက်ရင်း မင်းပါးလေးကိုယ်ပွတ်ပေးခဲ့မိတာ၊ မင်းနှားထင်စပ်က ဆံစ လေးတွေကို ကိုယ့်လက်နဲ့ တယုတယ သပ်တင်ပေးခဲ့တာ၊ မင်းကို နွေးနွေး ထွေးထွေး ပွေ့ဖက်ထားခဲ့မိတာတွေ ကိုယ် မမေ့နိုင်ဘူး မြဒါလီရေ။





ဒါပေမယ့် ဒါတွေဟာ ပြီးခဲ့ပါပြီလေ၊ အတိတ်ကို အတိတ်မှာပဲ ထားခဲ့ချင်ပေမယ့် ထားလို့မရဘူး မြဒါလီ၊ ကြောက်စရာကောင်းလှတဲ့ မင်းရဲ့ အညှအခရာ အတာတွေက ကိုယ့်နှလုံးသားကို ယနေ့တိုင် ဆွဲဆုတ်လှူပ်ရမ်း နေတုန်းပါပဲ မြဒါလီ။

မင်းတခါက ပြောခဲ့တာ ဘာတဲ့…

"ကိုကို့ကို ဒါလီအချစ်ဆုံးပဲ" ဆို မဟုတ်လား။

မယုံချင်ပါဘူး၊ ဒါပေမယ့်…မသင့်တော်မှန်းသိသိနဲ့ ကိုယ့်ကို မင်း အရဲစွန့်ပြီး ဆင်ကန်းတောတိုး အချစ်မျိုးနဲ့ ချစ်ခဲ့တာဆိုတော့ ယုံရတော့မှာပါပဲ၊ မင်းက အသက်နှစ်ဆယ်သာသာ မိန်းကလေး အပျိုစင်၊ ကိုယ်က အိမ်ထောင် နဲ့၊ ပြီးတော့ လုံးဝမဖြစ်သင့်တဲ့ မင်း အင်မတန်လေးစားတယ်ဆိုတဲ့ မင်းရဲ့ တစ်ဦးတည်းသော အစ်မကြီးရဲ့ ခင်ပွန်း။

အို…ဒါတွေဟာ တကယ်တော့ ကိုယ့်အပြစ်တွေချည်းပါပဲလေ။

✻ ✻ ✻

မင်း…နို့အိမ်ရောက်ပြီး သိပ်မကြာဘူး၊ ညီမအရင်းအချာ မရှိတဲ့ မင်းကို ကိုယ့်ညီမအရင်းလေးလို ချစ်ခဲ့မိတယ်၊ မင်းက သွက်ကလည်း သွက်၊ အလိုက်ကလည်း သိတတ်၊ မင်းမမကြီးကိုလည်း ကူညီ၊ အဒေါ်အရင်းမရှိရှာ တဲ့ ကိုယ့်သမီးလေးတွေကိုလည်း ပြုစုစောင့်ရှောက်တတ်တော့ ချစ်ကြတာပေါ့၊ သမီးတွေကလည်း အန်တီလေး…အန်တီလေးနဲ့ ကိုယ့်ဇနီးကလည်း ဒါလီမှ ဒါလီ။

အိမ်အလုပ်တွေ ဘာမှအထူးအထွေ လုပ်စရာမရှိတဲ့ ကိုယ့်ဇနီးက



www.burmeseclassic.com

www.burmeseclassic.com

တရားစခန်းသွား၊ အဘိဓမ္မာသင်တန်းတွေ တက်နေတဲ့အချိန်တွေမှာ ကိုယ့်ရုံးသွား၊ ရုံးပြန်ဝေယျာဝစ္စတွေကို မင်းက ကူညီပေးရင်းနဲ့ ကိုယ်နဲ့မင်း ရင်းနှီးမှုတွေ ပိုခဲ့ကြတယ်နော်။

မင်းက ကိုယ့်ကို ရောက်ကတည်းက ခေါ်တာ…ဘာတဲ့။

"ကိုကို" ဟုတ်လား၊ မင်းအသံသာလေးနဲ့ အဲဒီ ကိုကိုလို့ ခေါ်တဲ့အသံကို ကိုယ်သိပ်ပီတိဖြစ်တာ။

တကယ်တော့ ကိုယ်ဟာ ဘယ်မိန်းမမှ အချွဲမခံရဘူးတဲ့ သူပါ မြဒါလီ၊ ဒါကြောင့် မင်းနဲ့တွေ့သွားတော့ မင်းရဲ့ အပြုအစု အယုအယနဲ့ ကိုကို ဆိုတဲ့ အသံသာသာလေးမှာ အရမ်းကြည်နူးခဲ့မိပါတယ်။

* * *

ဘာကြောင့် ကိုယ် မင်းကို ချစ်လိုက်မိသလဲ၊ မင်းကို ကိုယ်ချစ်လိုက်မိတဲ့ ကိစ္စကြောင့် ကိုယ့်ကိုကိုယ်လည်း အပြစ်တင်လို့မဆုံးဘူး၊ ဒါပေမယ့် မင်းကို မြင်နေရ တွေ့နေရရင်လည်း မချစ်မိဘဲ မနေနိုင်ဘူး၊ မင်း…တို့အိမ်ရောက်ပြီး လေးငါးခြောက်လအကြာမှာ မင်းအစ်မကိုယ်စား ပြုစုပေးနေတဲ့ မင်းရဲ့ အပြုအစု အယုအယတွေကို ကိုယ် တိမ်းမူးလူ့ပ်ရှားခဲ့ရတယ်၊ မင်း ကိုယ့်အနားကပ်လာရင် မင်းရဲ့ မျက်လုံးညိုညိုတွေနဲ့ နှင်းဆီဖူးလေးလို နှုတ်ခမ်း၊ မင်းဆီက မင်းအမြဲတမ်းသုံးနေကျ ရေမွှေးနံ့နဲ့၊ မင်းရဲ့ ကောက်ကြောင်းလှလှနဲ့ ဖွဲ့စည်းထားတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ ဒါတွေဟာ ကိုယ့်ကို ဇလောင်ဆူစေခဲ့ပါတယ်၊ လင်သားကို ချစ်တာကလွဲပြီး ကျန်တာ သိပ်နားမလည်ရှာတဲ့ မင်းရဲ့ အစ်မ၊ ကိုယ့်ဇနီးကလည်း မင်းနဲ့ကိုယ်ကို လိုအပ်တာတဲ့ ပိုယုံလွန်းတယ်။





"မောင်ရေ…သက် ဥပုသ်ကျောင်းသွားဦးမယ်နော်"

"မောင်ရေ…သက် တရားစခန်းဝင်မလို့၊ သမီးတွေနဲ့ နေခဲ့အုံးနော်၊ ဒါလီလဲ ရှိတာပဲ"

"မောင်ရေ…သက် ဗုဒ္ဓဂါယာဘုရားဖူးလိုက်သွားမယ်နော်၊ အငယ်မလေးနှစ်ယောက်တော့ ကျောင်းပိတ်တုန်း ခဏခေါ်သွားမယ်၊ ဒါမှ သူတို့လဲ ဗုဒ္ဓဂါယာရောက်ဖူးမှာ၊ သမီးအကြီးနဲ့ ဒါလီက မောင့်ကို ကြည့်ကြပါလိမ့်မယ်"

အဲဒီဘုရားဖူးကာလမှာပဲ စာတ်လမ်းက အထွတ်အထိပ် ရောက်တော့တာပါပဲ၊ ဒါလဲ ကိုယ့်အပြစ်ပဲ ထင်ရဲ့။

* * *

တစ်နေ့…မမေ့နိုင်တဲ့ ထိုတစ်နေ့၊ တစ်နေ့ဆိုတာထက် တစ်ညဆိုရင် ပိုမှန်မယ်နော်၊ မြဒါလီ။

ကိုယ်ညှိခံပွဲတစ်ခုကို သွားတယ်၊ အိမ်မှာ မင်းနဲ့သမီးကြီးပဲ ကျန်တယ်လေ၊ သမီးကြီးက တက္ကသိုလ်ကျောင်းသူ၊ သူ့မှာက ကျူရှင်ယူရတာနဲ့ ကျောင်းက Function တွေ သွားရတာနဲ့၊ အားရတယ်ကို မရှိဘူး၊ ဒါကြောင့် မိန်းမနဲ့ ကလေးတွေ ဘုရားဖူးကာလမှာ မင်းပဲ ကိုယ့်ကို အထူးဂရုစိုက်နေရတယ် မဟုတ်လား။

"ကိုကိုရေ…ဒီနေ့ ရုံးစောစောသွားရမယ်နော် I.B.C မှာ သင်တန်းဖွင့်ပွဲရှိသတဲ့"

"ကိုကိုရေ…ဒီနေ့ညတော့ Royal Garden မှာ ထမင်းစားပွဲရှိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရေ…ဒီတနင်္ဂနွေ ယုဇနမှာ မင်္ဂလာဆောင်သွားဖို့ ရှိတယ်နော်၊ ပိုးလုံချည် ဘာရောင်ဝတ်မလဲ၊ ဒါလီ ထုတ်ထားပေးမယ်"

အဲ့ဒီလို ရုံးကအပြန် ဆီးကြိုပြီး ကိုယ့်ဖိတ်စာကဒ်ပြားတွေကြည့်ပြီး အိမ်က White Board ပေါ်မှာ ရေးထားပြီးပြောတတ်တဲ့ မင်းကို ကိုယ်တကယ်ပဲ သဘောကျမိတာ အမှန်ပါ မြဒါလီ၊ မင်းမမက ဒါမျိုးတွေ လုပ်မှ မလုပ်တတ်ရှာပဲ။

အဲ့ဒီညက ညေ့ခံပွဲမှာ ပါမကာ ကိုယ်နည်းနည်းများသွားတယ်၊ ဒါ့ကြောင့် အိမ်ပြန်ရောက်တော့လည်း ခါတိုင်းထက်နောက်ကျတယ်၊ ဆယ့်တစ်နာရီကျော်ပြီ ထင်တယ်၊ သမီးကြီးနဲ့ မင်း အိပ်လောက်ပြီထင်ရဲ့၊ ဒါပေမယ့် ခပ်ထွေထွေနဲ့ ပြန်ရောက်လာတဲ့ ကိုယ့်ကို ကားသံကြားတာနဲ့ မင်းက တံခါးဝက စောင့်ပြီး ကြိုတယ်၊ ကိုယ့်မြင်တာနဲ့ အလွန်အကင်းပါးတဲ့ မင်းက…

"ဟယ်…ကိုကို မူးလာတယ်"

သိပ်စိုးရိမ်သံနဲ့ ပြောတယ်။

"အင်း"

စကားများများ မပြောနိုင်တဲ့ ကိုယ်က "အင်း"တစ်လုံးတည်းပဲ လုပ်မိပါတယ်၊ နည်းနည်းယိုင်ချင်သလိုဖြစ်သွားတဲ့ ကိုယ့်ကို…

"ကိုကို…ဒါလီ့လက်ကိုင်ထား" တဲ့။

မင်းလက်ကို ကိုင်မိတာနဲ့ ပူနွေးရှိန်းဖိန်းတဲ့ အထိအတွေ့များဟာ ကိုယ့်လက်ဖျားကတစ်ဆင့် ဟို…ကိုယ့်ရင်ထဲတိုင် ရောက်သွားခဲ့ပါတယ် ဒါလီ။

လှေချင်းတွဲပြီး အပေါ်ထပ်လှေကားပေါ်တက်တော့ ကိုယ်စကား သိပ်မပြောနိုင်ဘူး၊ ဒါပေမယ့် မင်းဆီကရတဲ့ သနပ်ခါးနံ့၊ ရေမွှေးနံ့နဲ့ အပျိုစင်တစ်ဦးရဲ့ အမျိုးအမည်မသိ၊ မဖော်ပြနိုင်တဲ့ ကိုယ်နံ့များကိုတော့ ကိုယ် ကောင်း





ကောင်းမှတ်မိနေတယ်၊ ဒီလို အနံ့ဆိုတာတွေကလည်း လူတွေရဲ့ ရှုမှတ်အာရုံ၊ အထူးသဖြင့် အထီးဆိုတဲ့ သတ္တဝါတွေရဲ့ စိတ်အာရုံကို အထူးတလည် နိုးဆွတတ်တာလား၊ လူဆိုတဲ့ သတ္တဝါထက် ဒါဟာ တိရစ္ဆာန်တွေမှာ ပိုလို့တောင် နိုးဆွတတ်သတဲ့၊ အဲ့ဒီညက ကိုယ်ဟာလူ့စိတ်ပျောက်ပြီး တိရစ္ဆာန်စိတ်ပေါက်နေတယ်ထင်ရဲ့၊ မင်းမမ ထွက်သွားတာကလည်း တစ်လနီးပါး ရှိပြီဆိုတော့ ကိုယ့်ရဲ့ ရှုမှတ်ဆန္ဒနဲ့ ရောနေတဲ့ အချစ်ရေကာတာကြီးဟာ ရေပြည့်နေပြီ မြဒါလီ။

အဲ့ဒီညက ကိုယ့်ရဲ့ ရေကာတာကြီးကျိုးပေါက်ခဲ့ရပါတယ်၊ မင်းကတော့ ပြောပါတယ်။

"ဟင့်အင်း…ကိုကိုရယ်" တဲ့။

ဒါပေမယ့် မင်းရဲ့ ဟင့်အင်းက ကိုယ့်ရဲ့ ပြင်းပြတဲ့ဆန္ဒကို မတားနိုင်ခဲ့ပါဘူး။

ကိုယ်မှားခဲ့ပါတယ် မြဒါလီရယ်။

တို့မှားခဲ့တဲ့ အမှားက ရပ်မသွားခဲ့ပါဘူး၊ ဆားငန်ရေနောက် ဝေ်တိုင်းသောက်ကသောက်လေ၊ သောက်လေ ငေ်မပြေ မဟုတ်လား၊ မင်းမမနဲ့ သမီးလေးတွေ ပြန်ရောက်လာကြတော့ တို့တစ်တွေ အရှိန်သပ်ခဲ့ရတယ်၊ ဒါပေမယ့် ဇာတ်က ရပ်တော့မရပ်ဖြစ်သေးဘူး၊ ကြာရင်တော့ ဒုက္ခရောက်ကြတော့မယ်ထင်ရဲ့၊ ကိုယ်လည်း မင်းကို မတွေ့မိအောင် ရုံးက မိုးချုပ်မှပဲ အိမ်ကို ပြန်တော့တယ်။

မင်းကလည်း အိမ်မှာနေရမှာစိုးလို့ထင်ရဲ့ I.F.L သွားတက်တယ်၊ အဲ့ဒီမှာပဲ သင်တန်းတက်ရင်း မင်းနဲ့ မင်းရဲ့ Boy Friend မျိုးကျော်ကျော်တို့တွေ့ကြတယ် မဟုတ်လား၊ ဒါကလည်း မင်းစိတ်ကို မင်း Diversion လုပ်တာပဲ ထင်ပါတယ်၊ မင်း မျိုးကျော်ကျော်နဲ့ တွဲနေတယ်ဆိုတာ ကိုယ်သိတော့ မနေနိုင်ဘူး၊ တစ်ခါတစ်ခါ မင်းအိမ်ပြန်နောက်ကျတယ်၊ မင်းလိုက်ပို့ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာနေတယ်၊ ဒီတော့ မျိုးကျော်ကျော် ဘာလဲဆိုတာ စုံစမ်းနိုင်ခဲ့ရ တယ်၊ မင်းကို မိကောင်းဖခင် သားသမီးနဲ့ ကိုယ်ရစေချင်ပါတယ်၊ ဒါကြောင့် ကိုယ် စုံစမ်းရတာပါ၊ အမှန်အတိုင်းပြောရရင် မင်းအတွက် ကိုယ် စိုးရိမ်တယ်လေ။

"မျိုးကျော်ကျော်ဟာ ကောင်းဘူး Boss၊ ဆေးကိစ္စတွေနဲ့ ပတ်သက်မှုရှိတယ်၊ သူ့ Business ကလဲ ဟန်ပြပဲတဲ့"

ကိုယ့်တပည့်များရဲ့ Report က အဲဒီလို လာတယ်၊ ဒါကြောင့် တစ်နေ့ မင်းမမ မရှိတုန်း ကိုယ်က နှစ်ယောက်ထဲ မင်းကို ခေါ်သတိပေး တယ်၊ မင်းက အရောင်တလက်လက် တောက်နေတဲ့ မျက်လုံးညိုညိုများနဲ့ ကိုယ့်ကိုမေးတယ်၊ ရင်ဆိုင်တယ်၊

"ကိုကို မနာလိုဖြစ်နေသလား၊ သူ့အကြောင်းရော ဘယ်လောက် သိထားလို့လဲ"

မနာလို မဖြစ်ရပါဘူး မြဒါလီ၊ ကိုယ် မှားခဲ့ပေမယ့် မင်းကိုတော့ လင်ကောင်းသားကောင်း ရစေချင်တာစေတနာပါ၊ မျိုးကျော်ကျော်ဟာ ဆေး သမား၊ လူကောင်းသူကောင်းမှ မဟုတ်ဘဲ၊ သူနဲ့ မင်းယူရင် မင်း ဒုက္ခရောက် မှာပေါ့။

"ဟ…မျိုးကျော်ကျော်က လူကောင်းမှမဟုတ်ဘဲ၊ ဒို့ အသေးစိတ် စုံစမ်းထားပြီးပြီ၊ ဒီကောင်က ငရှုပ်၊ မင်း သူနဲ့ ပတ်သက်ရင် မင်းဘဲ ဒုက္ခ ရောက်သွားမှာပေါ့"

"ကိုကို…ကိုမျိုးကို ဒီလို မှိုချိုးမှျစ်ချိုး မပြောပါနဲ့"

"ဩော်…ကိုမျိုးတွေ ဘာတွေအထိတောင် ဖြစ်နေပြီလား၊ မင်း လူထိတော့ မင်းနာတယ်ပေါ့လေ"

"ဟုတ်တယ်…နာတယ်…ကိုကို မတရားမပြောနဲ့၊ ဒါ…သက်သက် မနာလိုလို့ပြောတာ"





"ကိုယ့်ကို အထင်မလွဲပါနဲ့ ဒါလီ၊ မင်းအတွက် ကိုယ်ပြောနေရတာ ပါ"

မင်းက မဲ့ပြုံးလေးပြုံးလိုက်တယ်၊ မင်းရဲ့ နှင်းဆီဖူးလေးလို နှုတ်ခမ်း က ခုလိုမဲ့တာ ကိုယ် သိပ်ဝမ်းနည်းတယ်၊ ဒီနှုတ်ခမ်းလေးကို ကိုယ်အကြိမ် ပေါင်းများစွာ နမ်းခဲ့ဘူးတာ၊ အဲဒီအနမ်းချိုလေးတွေကို ကိုယ် လုံးဝမေ့မရဘူး။

ဘယ်လိုပဲဖြစ်ဖြစ် ဒီမှာတင် ဓာတ်က ရှုပ်လာတယ်၊ သမီးငယ်လေး လေးတွေက မသိ၊ မရိပ်မိကြပေမယ့် တက္ကသိုလ်ကျောင်းသူ သမီးကြီးက ရိပ်မိပုံရတယ်၊ ကိုယ်တို့နှစ်ယောက် ငြင်းကြ ခုံကြတာလဲ နားစွန်နားဖျားကြား သွားပုံရတယ်။

"မေမေ…အန်တီလေးကို သိပ်အရောမဝင်နဲ့နော်၊ မေမေ့နား အန်တီ လေး သိပ်ကပ်တာ သမီးကြည့်မရဘူး" တဲ့။

ဒီနောက်တော့ ဓာတ်ရှိန်ပိုတက်လာပြီး မင်းကလည်း အိမ်မှာ သိပ် မနေဘဲ အိမ်ကအထွက်ချည်းပဲ ပြလာတယ်၊ ကုမ္ပဏီတစ်ခုမှာလည်း အလုပ် ဝင်လုပ်တယ်၊ မျိုးကျော်ကျော်နဲ့ ပတ်သက်နေတဲ့ ကုမ္ပဏီပါပဲ၊ ဒါဟာ ကိုယ့် မေတ္တာကို ထိပါးစော်ကားတယ်လို့ ကိုယ်ထင်တယ်၊ အလုပ်ပြပြီး တစ်ခါတစ်ခါ လည်း မင်း ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်လာတတ်တယ်၊ နောက်တော့ ဒီလို အကြိမ်တွေက သိပ်များလာတယ်၊ ဒါတော့ လွန်ပြီထင်တယ် မြဒါလီ။

သည်းမခံနိုင်တဲ့အဆုံးမှာ မင်းမမကို ပြောရတော့တာပါပဲ။

"သက်ရေ…ဒါလီ့လဲ ကြည့်ပြောပါအုံး…ညအပြန်တွေ သိပ်မိုးချုပ် တယ်"

တကယ်တော့ မင်း ဘာတွေလုပ်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာ ကိုယ်သိပါတယ် မြဒါလီ၊ မင်း မျိုးကျော်ကျော်နဲ့ချည်း လျှောက်သွားနေတာ

www.burmeseclassic.com



မဟုတ်လား။ မင်း Slim Bag ထဲက ဟိုတယ်အခန်းငှားတဲ့ ပြေစာတွေတောင် တွေ့တယ်လို့ သမီးကြီးကလည်း ပြောလာတယ်။

ဒီကိစ္စကို မင်းမမက ပြောတော့ မင်းနဲ့ စကားများကြတယ်၊ တစ်ခါမှ ခံမပြောဘူးတဲ့ မင်းက ခံပြောတော့ သမီးတွေကလည်း စိတ်ဆိုးကြတယ်၊ မင်းမမကလည်း တအားစိတ်ဆိုးတယ်။

နောက်ရက်မှာ မင်းအိမ်က ထွက်သွားတာပဲလေ။

* * *

မင်း…တို့အိမ်ကထွက်သွားတော့ ဆောင်းအကုန် နွေအကူး လေရူးမွှေစ လွှမ်းစရာကာလမဟုတ်လား၊ အခုဆိုရင် တစ်နှစ်တောင်ကျော်ပြီထင်ရဲ့…၊ မင်း ရန်ကုန်မှာ ရှိတယ်လဲကြားတယ်၊ တစ်ခါတစ်ခါတော့လည်း မင်းဇာတိအညာ မှာ ပြန်နေတယ်လဲ ကြားရဲ့၊ မျိုးကျော်ကျော်နဲ့လဲ မတွဲတော့ဘူးတဲ့၊ I.F.L သင်တန်းမှာလဲ မင်းကို မတွေ့တော့ဘူးလို့ ပြောတဲ့လူက ပြောကြတယ်၊ မင်း မိတ်ဆွေ သူငယ်ချင်းတွေပါပဲ။

ကိုယ် စိတ်မကောင်းပါဘူး မြဒါလီ၊ မင်းကို တွေ့လို့တွေ့ငြား အား လပ်ချိန်တွေမှာ ကိုယ်လိုက်ရှာပါသေးတယ်၊ ဒါပေမယ့်…မတွေ့ဘူး။

မင်းအကြောင်းတွေကို ခေါင်းထဲက ခုချိန်ထိ ထုတ်လို့ မရသေးပါဘူး၊ မင်းအကြောင်း စဉ်းစားလို့ ကောင်းနေတုံး အဆိုတော်ကြီး ကိုသန်းလှိုင်ရဲ့ သီချင်းတစ်ပုဒ်က ရေဒီယိုက လာနေတယ်၊ ဘာတဲ့…

"ကြင်နာခြင်းတဝက်၊ ရှုပ်ထွေးခြင်းတဝက်တဲ့…ဟုတ်လား"

**"မြို့တစ်မြို့ထဲ အတူနေသူချင်းပင် ××× တွေ့ချင်မှ တွေ့တတ်လေသည့် အဖြစ်များ ××× ကြုံဖူးမည် ထင်ပါသည် ××× ဤသို့ဖြစ်ရင် ရင်နာ**





**ရမည် ××× နွေရက်မို့ ××× ကြွေရွက်တို့ ××× မြေသက်လို့ နေပြီ ××× ရှုပ်တိုက်ပြေးလွှား ××× မြူးတူးပျော်ပါးတဲ့ ××× ဟိုယခင်နွေသည် ××× နှစ်တမန် ပြန်လည်လာလို့ ××× တစ်နှစ်လည်ပြီ ××× ပွဲပြားရွှေကြာ ××× ခြေသံ လေယူရာပြေးတဲ့ ××× အချစ်ပျောက်မလေး မြဒါလီ ××× ကိုယ့်အား မေ့ပြီ ××× ကိုယ့်မှာသာ ကြင်နာချင်းတစ်ဝက်နဲ့ အမေ့ဝက် အမုန်းခက်××× မန်းဆက်မေတ္တာ သံသရာရှည်"**

တကယ်တော့ မင်းနဲ့ ကိုယ်ဟာ ဆန္ဒက ဘဝကို မကျော်နိုင်ကြသူ တွေပါ၊ ဆန္ဒကို ဦးစားပေးရင် မင်းရောကိုယ်ပါ ဘဝပျက်သွားကြမှာပေ့ါ၊ ဒါကို ကိုယ်လဲ သိပါတယ်၊ ကိုယ်က လူကြီးဆိုတော ပိုသိပြီး ပိုတာဝန်ရှိတာ ပေ့ါ၊ ဒါပေမယ့်…မြဒါလီရေ…မင်းနဲ့ တွေ့မှ အချစ်ဆိုတာ ဘာလဲလို့ ကိုယ် သဘောပေါက်တယ်၊ သဘောပေါက်တဲ့ အခါမှာတော့ သိပ်နောက်ကျသွားပါ ပြီ၊ သနားစရာကောင်းတဲ့ မင်းအစ်မနဲ့ မင်းတူမလေးတွေ မျက်နှာကို တို့တွေ ထောက်ထားရမယ် မဟုတ်လား၊ ဒီဇာတ်လမ်းမှာတော့ ကိုယ့်ဟာ လူဆိုးပါပဲ၊ လူဆိုးဆိုလဲ လူဆိုးပေါ့လေ၊ ဒါပေမယ့် ဒီလူဆိုးက လက်ဘဒီပချစ်သူထဲက ဒဿဂီရိလို လူဆိုးပဲဖြစ်မှာပါ။

အမှားဆုံးကတော့ ကိုယ် မင်းကို မချစ်သင့်ဘဲ ချစ်လိုက်မိတာပါပဲ။

ဒီအချစ်ကြောင့် လူမှုရေးရှုပ်ထွေးသွားစေတယ်၊ ကိုယ့်ကိုကိုယ်လဲ စိတ်ပျက်မိတယ်၊ ခွင့်မလွှတ်ချင်တော့ပါဘူး၊ နောက်တော့ အားလုံးကိုပါ စိတ် ပျက်မိပါတယ်။

ဟော-ပြောရင်းဆိုရင်း ကိုသန်းလှိုင် ရဲ့ သီချင်းက ဆက်ဆိုနေလေရဲ့။

**"အပိုးအဖွားကို မှီလိုက်ပါသည် ××× ဆုံးမစကားဆို နားမှာချိုဒီ ××× ကိုယ်ချစ်ရှာရင် ဒုက္ခတွေ့မည် ××× အချစ်ဆိုတဲ့ ထိုလောကီ ××× ကြင်နာခြင်းတဝက် ရှုပ်ထွေးခြင်းတဝက်နဲ့ ××× ဟင်-စိတ်ပျက်ရှာပါပြီ×××**



www.burmeseclassic.com

www.burmeseclassic.com

**မောင့်မြဒါလီ မောင့်မြဒါလီ ×××ကိုယ်ဘဝထဲ ××× မဝင်လာဘဲ နေရင်ကောင်းမည် ××× ခုတော့ ကိုယ့်မှာသာ ××× အမေ့ခက် အမုန်းခက် ××× ခန်းဆက်မေတ္တာ သံသရာရှည် ×××"**

ကဲ…ဒါပါပဲ မြဒါလီရေ…သီချင်းလဲ ပြီးသွားပါပြီ၊ ဒါပေမယ့် ရင်ထဲက ခံစားချက်တွေကတော့ တမြေ့မြေ့နဲ့ လောင်ကျွမ်းနေတုံးပါပဲ၊ ဒီမီးက တမြေ့မြေ့ တငွေ့ငွေ့နဲ့ ဘယ်ကာလအထိ ကိုယ့်ကို လောင်နေအုံးမယ်ဆိုတာ မသိတော့ပါဘူး၊ ကိုယ့်အပြစ်နဲ့ ကိုယ်ခံရမှာပါပဲ၊ မင်းအတွက်ဆို ကိုယ် ကျေကျေနပ်နပ် ခံသွားပါမယ်လေ၊ သံသရာဆုံးတိုင် ခံရမယ်ဆိုရင်လည်း ခံသွားမှာပါ။

ထားပါတော့လေ…

အပြင်မှာတော့ နွေဦးမို့ လေရူးပွေနှောက် ရွက်ခြောက်ကလေးတွေ ကြွေစပြုနေပြီ မြဒါလီ။ မင်းကို ကိုယ် တစ်နေ့မှ မမေ့ပါဘူး။ ရွက်ကြွေမလေးလို မင်းတယောက် လေယူရာ ပြေးနေတုံးပဲလား။ ကိုယ့်ကြောင့် မင်း ဘဝမပျက်စေချင်ပါဘူး၊ တည်ငြိမ်တဲ့ ဘဝတစ်ခုကို အချစ်ပျောက်မလေး မြဒါလီ တစ်ယောက် တည်ဆောက်နိုင်ပါစေလို့ ကိုယ် လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်ပါတယ်။

ဩော်…အစကတည်းက မင်းကိုယ့်ဘဝထဲ မဝင်လာရင် အကောင်းသားလား မြဒါလီရယ်။

အခုတော့…

* * *

(ကွယ်လွန်သူ အဆိုတော်ကြီး ကိုသန်းလှိုင်၏
သီချင်းတစ်ပုဒ်အား ခံစားရေးဖွဲ့ပါသည်။)

**သောင်းဝေဦး**

၁၈-၇-၂၀၀၁၊ မြို့တော်မဂ္ဂဇင်း

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

# မင်းသိစေချင်ပါသည် မြဒါလီ
# ကြင်နာခြင်းတစက်နဲ့ ရှုပ်ထွေးခြင်းတစက်မို့ ( ၂ )

www.burmeseclassic.com

www.burmeseclassic.com

## မင်းသိစေချင်ပါသည် မြဒါလီ

## ကြင်နာခြင်းတဝက်နဲ့ ရှုပ်ထွေးခြမ်းတဝက်မို့ (၂)

ညြော်…စောစောကတည်းက မင်း ကိုယ့်ဘဝထဲ ဝင်မလာရင် အကောင်းသားလား မြဒါလီရယ်…

အခုတော့…

* * *

ကိုယ်စီးလာတဲ့ မစ်ဆူဘီရှီ လင်ဆာကားကလေးက မန္တလေး-ရန်ကုန် ကတ္တရာလမ်းပေါ်မှာ အရှိန်ကောင်းကောင်းနဲ့ ပြေးနေတယ်။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်မောင်းကွာ…ချိန်ထားတဲ့အချိန် ကျော်သွားအုံးမယ်"

ကားကလေးက လမ်းဘေးဘယ်ညာက ကုက္ကိုပင်ကြီးတွေကို ရိပ်ခနဲ ရိပ်ခနဲ အရှိန်အဟုန်နဲ့ ဖြတ်သွားပေမယ့် ကိုယ့်စိတ်ထဲမှာတော့ နှေးနေသလား လို့၊ မင်းနဲ့ ချိန်းဆိုထားတဲ့နေရာကို အရောက်နောက်ကျသွားမှာစိုးတယ် မြဒါလီ ရေ…၊ ဒါကြောင့် ကားသမားလေးကို မြန်မြန်မောင်းဖို့ ပြောလိုက်မိတယ်။

"ကီလိုမီတာ တစ်ရာကျော်နေပါပြီခင်ဗျာ"

ဒိုင်ခွက်ကြည့်လိုက်မှ သူပြောတာ ဟုတ်သားပဲ၊ ကီလိုမီတာ (၁၂၀) နှုန်းလောက်နဲ့ မောင်းပေးနေတာ၊ ဒီလမ်းမှာ ဒီနှုန်းထက် ပိုမောင်းလို့မှမရဘဲ၊ ကိုယ်က လောမိတာကိုး၊ ပတ်ဝန်းကျင်က ပထမအကြိမ် မင်းနဲ့ ကိုယ် ခွဲခဲ့ရတဲ့ ဆောင်းအကုန်နွေအကူး ရာသီဦး အခါသမယလေ၊ ကားအရှိန်နည်းနည်း လျှော့လိုက်တာနဲ့ ဆောင်းရဲ့ နှင်းကြွင်းမြူနိုးတွေကြားမှာ ပေါက်ပင်တွေနဲ့ ပေါက်ပွင့် နီနီတချို့ကို ရိတ်သိမ်းပြီး လယ်ကွင်းတွေကြားမှာ မကြာမကြာ တွေ့နေရသေးတယ်။ သစ်ပင်တွေလည်း အရွက်တွေ ကြွေစပြုနေပြီ၊ နွေအကြို ဥသြငှက် တစ်ကောင်စ နှစ်ကောင်စကိုလည်း မြင်ရပြန်ရဲ့၊ လွမ်းလွမ်းဆွေးဆွေး မြည်ကြွေးသံကိုလည်း သဲ့သဲ့ကြားရပြန်တယ်။ ကြည့်လေရာတိုင်းမှာတော့ လွမ်းစရာတွေပဲလို့ ကိုယ် ခံစားမိပါတယ်။ သစ်ရွက်ကြွေလေးတွေက လေယူရာ ပြေးနေကြတယ်။ မင်းလည်း လေယူရာ ပြေးတဲ့ ရွက်ကြွေမလေး ဖြစ်ခဲ့ပြီးပြီ။ ဒီတစ်ခါ တော့ မင်းကို တည်ငြိမ်စေချင်ပါတယ်။ မင်းကို ကိုယ် တကယ်ချစ်ခဲ့တာပါ မြဒါလီရေ…။

"ရောက်ပါပြီခင်ဗျာ"

ကားသမားလေးက ပြောပြောဆိုဆိုနဲ့ မင်းနဲ့ကိုယ် ချိန်းထားတဲ့ မင်းတို့





မြို့ကလေးရဲ့ထိပ်က ဧည့်ရိပ်သာကလေးကို ချိုးကွေ့ဝင်လိုက်တယ်၊ အချိန်က လည်း မင်းနဲ့ ချိန်းဆိုထားတဲ့ နေ့လယ် (၁၂) နာရီတိတိ။

ခြံဝန်းထဲ ကားဝင်သွားသော ရိပ်သာစောင့်လေးနဲ့ ကိုယ့်တပည့်လေး မောင်ဝင်းတို့ ပြေးထွက်လာကြတယ်၊ မျက်စေ့မျက်နှာတော့ သိပ်မကောင်းကြဘူး။

ကိုယ်က ဘာမှမပြောရခင်မှာဘဲ မောင်ဝင်းက ကဗျာကယာ စာလေး တစ်စောင် ထုတ်ပေးတယ်။

"မြဒါလီက ပေးခိုင်းလိုက်တာတဲ့ခင်ဗျ၊ စောစောက ဆိုင်ကယ်သမား တစ်ယောက် လာပို့သွားတာ"

စာကို ကိုယ့်အတွက် မင်းကပေးခိုင်းလိုက်တဲ့စာ။ လူမလာဘဲ ဘာဖြစ်လို့များ စာပေးခိုင်းရတာပါလိမ့်၊ မင်းတစ်ယောက် ဘာတွေများဖြစ်နေပြီလဲ၊ နေများမကောင်းလို့လား၊ မင်းကလည်း နှလုံးရောဂါသည်၊ လူနဲ့ဆေးက ပြတ်တယ်မှမရှိဘဲ မင်းဘဝမှာလည်း ရင်ခုန်ရတဲ့ ဝမ်းနည်းဝမ်းသာတွေက အများကြီးမဟုတ်လား။

မင်းစာကို ကိုယ် ကမန်းကတန်းပဲ ဖောက်ဖတ်လိုက်မိပါတယ်။

"သြော်…"

ကိုယ် ဘာပြောရမှန်းမသိတော့ပါဘူး မြဒါလီရေ၊ ကိုယ့်ရင်ထဲမှာတော့ ဟာသွားပါပြီ၊ ဖြစ်မှဖြစ်ရလေလို့ပဲ စိတ်ထဲက ညည်းမိပါတယ်၊ ပါးစပ်ကတော့‥

"တို့ ဆက်ထွက်မယ် မောင်ဝင်း" လို့ပဲ ပြောပြီး တပည့်လေးကို ကားပေါ်တက်ခိုင်းပြီး မင်းတို့မြို့လေးက ဆက်ထွက်ခဲ့မိတယ်။

ဒီတစ်ခါလဲ နေရစ်ခဲ့ပေအုံးတော့ အချစ်ပျောက်မလေး မြဒါလီရေ။

* * *

www.burmeseclassic.com

*လမ်းမှာ မင်းစာကို ကိုယ် နောက်တစ်ခေါက် ပြန်ဖတ်ကြည့်မိတယ်။*

**ကိုကို**

*ဒါလီ စာရေးလိုက်တယ်၊ လာမတွေ့လို့ စိတ်ဆိုးတယ်ဆိုလည်း စိတ်ဆိုးပါတော့၊ အိမ်ကလည်း ရိပ်မိနေပြီ၊ ပြီးခဲ့တဲ့ကိစ္စအားလုံးကိုလည်း မေ့လိုက်ပါတော့နော်၊ စဉ်းစားကြည့်ရင် အားလုံးအတွက် မကောင်းပါဘူး၊ သိကုန်ရင်လည်း ရှက်စရာကြီးပါ၊ ကိုကို ဒါလီ့ကို မေ့လိုက်ပါတော့၊ ဒါလီလည်း စိတ်မညစ်ချင်တော့ဘူး၊ အသေအချာစဉ်းစားကြည့်မှ ဒါလီ ကိုယ့်ကိုယ်ကို သိပ်ရှက်မိတယ်၊ လုပ်ခဲ့တာ တစ်ခုမှမဟုတ်ဘဲ၊ ကိုကို နားလည်မှာပါ… ဘယ်သူမှ သိတဲ့ကိစ္စမဟုတ်ပေမယ့် ကိုယ့်ကိုကိုယ် သိတယ်၊ ဘုရားလည်း သိတယ်၊ ဒါကြောင့် ဒါလီ လိပ်ပြာမလုံတော့ဘူး၊ မမသက်နဲ့ ပြန်တွေ့ရင် သူ့မျက်နှာ ဘယ်လိုကြည့်ရမှန်းတောင် မသိတော့ဘူး၊ အမျိုးတွေကလည်း ဒါလီ့ကို အမျိုးမျိုးပြောနေကြပြီ၊ ဒါလီ တကယ်ရှက်မိပါတယ် ကိုကိုရယ်၊ မေမေနဲ့ ဘကြီးကလည်း တအားဆူတယ်၊ ဒါလီ ဘယ်လိုနေမှန်းတောင် မသိတော့ဘူး၊ ဒါကြောင့် ကိုကို့ကို လာမတွေ့တော့ပါ၊ အသေအချာ ချိန်းဆိုထားပါရက်နဲ့ ဒီလိုလုပ်ရက်လေခြင်းလို့ ကိုကို စိတ်ဆိုးပြီး ဒါလီ့ကို မုန်းသွားမယ်ဆိုရင်လည်း မုန်းသာမုန်းလိုက်ပါတော့။*

*အခုအချိန်ကစပြီး ဒါလီ စိတ်သစ်လူသစ်နေဖို့နဲ့ နောက်ထပ် အမှားလုံးဝမလုပ်မိဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒါလီ့ကို နားလည်ပေးပါလို့ တောင်းပန်ပါတယ် ကိုကို၊ ပြီးခဲ့တာတွေကိုတော့ မေ့လိုက်ပါပြီ၊ မတွေ့ကြတော့တဲ့အတွက် ဒါလီ့ကို ခွင့်လွှတ်ပါ ကိုကို၊ ကိုကို့ကိုလည်း ဘယ်တော့မှ ဒုက္ခပေးဖို့ ဒါလီ မရည်ရွယ်ပါဘူး၊ ဒါလီ့ ကုသိုလ်ကံက ဒီလိုပါလားလို့ ဖြစ်ရတယ်လို့ပဲ သဘောထားလိုက်ပါပြီ၊ ဒီကိစ္စ ဒီမှာပဲ ရပ်ကြပါစို့။*





*ရန်ကုန်မှာတုန်းက ဒါလီ့ကို လိုလေသေးမရှိ ကိုကို ကူညီခဲ့တာ အားလုံးအတွက် ကျေးဇူးတင်ပါတယ်။*

**မြဒါလီ**

“ဗိုး”

မင်းစာဖတ်ပြီး ကိုယ့်ရင်ထဲမှာတော့ ဗလောင်ဆူ မွှန်းကြပ်သွားပါပြီ။ အမောမပြေပါဘူး မြဒါလီရေ…။ ဟိုမိုင်ပေါင်းများစွာက မင်းနဲ့တွေ့ဖို့ လာခဲ့ရတာ၊ မင်းနဲ့တွေ့တဲ့အခါ ပြောမယ်လို့ လုပ်ထားတဲ့ စကားတွေလည်း ဘယ်ရောက်ကုန်မှန်း မသိတော့ပါဘူး။

“ရန်ကုန်မှာတုန်းက ဒါလီ့ကို လိုလေသေးမရှိ ကိုကို ကူညီခဲ့တာ အားလုံးအတွက် ကျေးဇူးတင်ပါတယ်” လို့ မင်းနောက်ဆုံးမှာ ရေးထားတယ်နော်။

အားလုံးက ပြီးခဲ့ပြီပဲ၊ အဲဒီ ရန်ကုန်ကို မင်းပြန်ရောက်လာတာကနေပြီး ပြဿနာ စတော့တာပဲ၊ ကိုယ့်အကုသိုလ်ကပဲ ကြီးနေလေသလား၊ မင်းနဲ့ ကိုယ်နဲ့ ရေးရေစက်ကပဲ မကုန်လေသလားတော့ မသိဘူးပေါ့၊ ပြဿနာပြန်စတာကလည်း မင်းပဲလေ။

ပြန်ပြောပါရစေ မြဒါလီရေ။

* * *

မင်း တို့အိမ်က ထွက်သွားတာ နှစ်နှစ်လောက်ကြာခဲ့ပြီ၊ ဒီအတောအတွင်းမှာ တတ်နိုင်သမျှ ကိုယ်ကြိုးစားပြီး မင်းကို ရှာခဲ့ပါသေးတယ်၊ အိမ်မှာက



www.burmeseclassic.com

www.burmeseclassic.com



မင်းအစ်မ သက်ထားနဲ့ သမီးတွေကလည်း ရှိသေးတော့ ကိုယ့်မှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူး။ နောက်တော့လည်း အမျိုးတွေဆီက ပြန်ကြားတာ မင်းတစ်ယောက် မင်းအမေဆီပြန်ရောက်နေပြီဆိုပဲ၊ ရန်ကုန်မှာ စိတ်မလော့ဘဲ မင်း အိမ်ပြန်သွားပြီဆိုတော့၊ ကိုယ့်နည်းနည်း စိတ်အေးသွားပါတယ်၊ မင်းရဲ့ Boy Friend မျိုးကျော်ကျော်နဲ့ မင်း ရန်ကုန်မယ် ဆက်တွဲနေမှာစိုးတာပါပဲ၊ မျိုးကျော်ကျော်က လူကောင်းသူကောင်းမှ မဟုတ်ဘဲ၊ သူဖျက်ဆီးခဲ့တဲ့ မိန်းကလေးတွေ မနည်းတော့ဘူး၊ မင်းကို ချစ်တော့လည်း မင်းအတွက် စိတ်ပူမိတာပေါ့။

ဒုတိယအကြိမ် ဇာတ်လမ်းစတာက ဒီလိုမဟုတ်လား။

ပြီးခဲ့တဲ့ မိုးနှောင်းနေ့တစ်နေ့ ကိုယ့်ရုံးမှာ ရှိနေတုန်း ကိုယ့်ရဲ့ Hand Phone မှာ အဝေးကခေါ်တဲ့ Trunk Call နံပါတ်တစ်ခု ပေါ်လာတယ်၊ ထူးဆန်းလှချည့်လား၊ မြို့အတော်များများရဲ့ အဝေးခေါ်တဲ့ Codeနံပါတ်တွေ ကိုယ်သိပါတယ်၊ ဒါပေမယ့် ဒီနံ(ပါ)တ်တော့ ကိုယ်မသိဘူး၊ ဒါ့ကြောင့် ဖုန်းကောက်ကိုင်လိုက်ပြီး ထူးလိုက်တယ်။

"ဟဲလို"

ကိုယ့်ရဲ့ထူးသံ အဆုံးမှာပဲ ဟိုဘက်က…

"ကိုကိုလား" တဲ့

ဒါလီ့အသံ၊ မင်းရဲ့အသံ၊ နှစ်နှစ်လောက် မကြားခဲ့ရတဲ့ မင်းရဲ့အသံ။

"ဟုတ်ပါတယ် ဒါလီရယ်"

"ဟယ်…ကိုကို ဒါလီ့အသံကို မှတ်မိတယ်နော်"

"အို ဘယ်လိုပြောလိုက်တာလဲ၊ ဒါလီ့အသံကို ကိုယ် တမလွန်ဘဝရောက်တဲ့အထိတောင် မှတ်မိနေတယ်"





"တကယ်ကြီးပဲလား ကိုကိုရယ်…ကိုကို အခုဘာလုပ်နေလဲ"

"ထိုင်ပြီး မင်းကိုလွမ်းနေတယ်"

"ဟင်းဟင်း…ကိုကိုကလည်း အပြောကောင်းနေပြန်ပြီ"

"တကယ်ပါ…မင်းကို နေ့တိုင်း လွမ်းနေရတာ နှစ်နှစ်ရှိပြီ"

"တော်ပါ ကိုကိုရယ်၊ ဒါလီက အရေးတကြီး ပြောစရာရှိလို့၊ အဲဒီကိစ္စအတွက် ကိုကိုက လွဲလို့လည်း ဒါလီ ဘယ်သူ့ကိုမှ စဉ်းစားလို့မရဘူး၊ ဒါလီ့မျက်လုံးထဲမှာ ကိုကို့ကိုပဲ မြင်နေတယ်"

"ကဲ…မမြဒါလီ ပဟေဠိတွေနဲ့ ကြင်နာခြင်းတဝက်၊ ရှုပ်ထွေးခြင်းတဝက် မလုပ်ပါနဲ့တော့ဗျာ…ပြောမှာသာ ပြောစမ်းပါ"

မင်းအသံကြားရတော့ ကိုယ် သိပ်ဝမ်းသာတာပဲ၊ သိပ်တောင် ဟန်မဆောင်နိုင်ဘူး၊ ဒါ့ကြောင့် မင်းဘာလုပ်ချင်တာလဲ၊ ဘာကြောင့် နှစ်နှစ်လုံးလုံး ကိုယ်နဲ့ အဆက်အသွယ်မလုပ်ဘဲ အခုမှ ဖုန်းဆက်ရတာလဲဆိုတာ ကိုယ်သိချင်တယ်လေ။

"ပြောပါ့မယ် ကိုကိုရယ်…ဒါလီ ဒီကနေပြီး ရန်ကုန်ကို လာဖို့ရှိတယ်၊ ဘွဲ့လွန်သင်တန်းအတွက် စာတမ်းတစ်စောင် လာပြုစုဖို့ရှိတယ်၊ ဒါလီ့ကို ကိုကို ကူညီပါဦးနော်၊ ကိုကိုပဲ ကူညီနိုင်မှာပါ၊ အသေးစိတ်တော့ ရန်ကုန်ရောက်မှ ပြောမယ်"

သိပ်မကြာခင်မှာပဲ မင်း ရန်ကုန်ကို ရောက်လာခဲ့တယ်လေ။

မင်း ရန်ကုန်ကို ရောက်လာတော့ ကိုယ့်ကို ဖုန်းဆက်ပြီး အကြောင်းကြားတယ်။

"ကိုကို ဒါလီ့ကို မြန်မြန်လာတွေ့နော်" တဲ့။

ကိုယ်ကလည်း မင်းကို သိပ်တွေ့ချင်နေတာပါ၊ ဒါ့ကြောင့် ဖုန်းရတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ပဲ မင်းရှိတဲ့ ရန်ကုန်နဲ့ အဝေးလှမ်းတဲ့နေရာကို ကားခပ်ကြမ်းကြမ်း မောင်းပြီး လာခဲ့ပါတယ်၊ တို့နှစ်ယောက် ပြန်တွေ့ကြတော့ တကယ့်ရုပ်ရှင်ထဲက အတိုင်းပါပဲ၊ မင်းကလည်း ကိုယ့်ဆီပြေးလာတယ်၊ ကိုယ်ကလည်း မင်းဆီ အပြေးသွားမိတယ်၊ ပြီးတော့ စကားတောင် မပြောနိုင်ကြတော့ဘူး၊ တစ်ယောက်ကို တစ်ယောက် ဖက်ပြီး ခပ်ကြမ်းကြမ်း အဆက်မပြတ် နမ်းမိကြတယ်၊ အတော်ကြာသွားမှ…

"နှုတ်ခမ်းတွေ နာနေပြီ ကိုကိုရယ်" လို့ မင်းကပြောတဲ့အခါ…

"ဆောရီး ဒါလီရေ· ·ကိုကို လွန်သွားပါတယ်"

လို့ မင်းကို တောင်းပန်ရတော့တယ်၊ ပြီးတော့ မင်းနေတဲ့ ဧည့်ရိပ်သာလေးရဲ့ ဧည့်ခန်းမှာ နှစ်နှစ်တာ မပြောဖြစ်တဲ့စကားတွေ ပြောကြတယ်၊ မင်းကိစ္စအတွက်ရော ငွေရေးကြေးရေး အပါအဝင် လိုတာလေးတွေ ကိုယ့်ကို အကူအညီတောင်းတာမဟုတ်လား။

"မေမေနဲ့ ဘကြီးတို့က စီးပွားရေးအခြေအနေမကောင်းဘူး ကိုကို၊ ဒါလီ အလုပ်သိပ်လုပ်ချင်ပြီ၊ ဒီဘွဲ့ရမှဖြစ်မှာ၊ အခုကိစ္စအတွက်လည်း သူတို့ သိပ်မတတ်နိုင်ကြရှာဘူး၊ ရန်ကုန်မှာလည်း သူတို့အဆက်အသွယ်က မပေါက်ဘူးလေ၊ ဒါလို့မှာ ကိုကိုကလွဲပြီး အားကိုးစရာမရှိတော့ပါဘူး ကိုကိုရယ်"

မင်းရဲ့ အဲဒီအပြောကို ကိုယ်တကယ်ကြည်နူးမိပါတယ်၊ ဒါ့ကြောင့် မင်းကို ကိုယ် လိုလေသေးမရှိ ကူညီခဲ့တယ်၊ မင်း ရန်ကုန်မှာရှိတဲ့ တစ်လလောက်မှာ တစ်ပတ်တစ်ခါ ပုံမှန်သွားတွေ့တယ်၊ မင်း စာရေး၊ စာဖတ်ပျက်မှာစိုးလို့ ဒါ့ထက် ပိုမသွားခဲ့ပါဘူး၊ တို့နှစ်ယောက်တွေ့ကြရင်လည်း စကားလောက်ပဲ ပြောလို့မကုန်မဟုတ်လား၊ မင်းက မဆိုးပါဘူး၊ သက်ထားနဲ့ ကိုယ့်သမီးကလေးတွေကို ဂရုတစိုက် မေးရှာပါတယ်၊ ကိုယ်နဲ့ ပတ်သက်တာတွေလည်း မှတ်မိ





သေးတာပဲ၊ ဒုတိယအကြိမ် တွေ့ကြတော့ ကိုယ်ဘယ်ဘက်လက်ကလေးကို ကိုင်ပြီး–

"ဟယ်…ကိုကို့နဝရတ် လက်စွပ်ရော" တဲ့။

"မရှိတော့ဘူး၊ ကျောက်ခဏခဏကျွတ်လို့ ချွတ်ထားလိုက်ပြီ၊ ကျောက်ကျွတ်ရင် မကောင်းဘူးလို့ပြောကြတယ်"

"ဘာဖြစ်တတ်သတဲ့လဲ ကိုကို"

"အင်း…သူများတွေပြောကြတာကတော့ အိမ်ထောင်ရေးနဲ့ စီးပွားရေး အဆင်မပြေဖြစ်တတ်တယ်တဲ့"

"ဟုတ်သလား ကိုကို"

"ဘယ်သိမလဲ ဒါလီရဲ့၊ ဒီနေ့အတွက် အချစ်ရေးကတော့ အဆင်ပြေနေတာပဲ၊ နည်းနည်းမော့ပြီး ချွေးပျံတာတစ်ခုပဲ"

"ဟင်း…ကိုကိုနော် မညစ်ပတ်နဲ့"

မင်းက မျက်စောင်းကလေးထိုးပြီး ကိုယ့်ကျောကို တဒုန်းဒုန်း ထုလိုက်တယ်၊ ဒီနောက်တော့ နို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တခစ်ခစ်နဲ့ ရယ်ကြရသေးတယ်နော်။

တစ်လလောက် မင်းရန်ကုန်မှာနေပြီး မင်းကိစ္စပြီးတာနဲ့ မင်းတို့မြို့ကလေးကို မင်းပြန်သွားခဲ့တယ်မဟုတ်လား၊ မပြန်ခင် တစ်ရက်အလိုမှာ မင်းနဲ့ ကိုယ်နဲ့ မင်းရဲ့ အဆောင်အပြင်ထွက်ပြီး အချိန်အတော်ကြာ ချစ်ရည်လူးရင်း စကားပြောဖြစ်ခဲ့ကြတယ်၊ ဘာတွေပြောကြတာလဲဆိုတာ မင်းမှတ်မိမှာပါ။

မင်းပြောနေကြစကားတစ်ခုကတော့…

"ကိုကို့ကို ဒါလီအချစ်ဆုံး" ဆိုတာမဟုတ်လား၊ မင်းရဲ့ မျက်လုံးညိုညို့နဲ့ ကြောက်စရာလား၊ ချစ်စရာလား၊ ကိုယ်မဝေခွဲနိုင်တဲ့ အသည်းအခရာ



www.burmeseclassic.com

www.burmeseclassic.com



အတာတွေရဲ့ဒဏ်ကို ကိုယ်မခံနိုင်ပါဘူး မြဒါလီ၊ မင်းရဲ့ အဲဒီအပြောက ကိုယ့်နှလုံးသားကို အရင်တုန်းကလိုပဲ ကနေ့တိုင် ဆွဲဆုပ်လှုပ်ရမ်းနေတုန်းပါ၊ ဒါ့အပြင် မမေ့နိုင်တဲ့ ဖောင့်ဖွဲ့အာရုံကလည်း ကိုယ့်ကို ဖမ်းစားလွှမ်းလှပါတယ်၊ မသင့်တော်မှန်း သိသိနဲ့ကိုပဲ မင်းရဲ့ အိစက်ညက်ညော နွေးထွေးတဲ့အထိအတွေ့မှာ ကိုယ် တစ်ခါထပ်ပြီး အရည်ပျော်ခဲ့ရပြန်ပါပြီ မြဒါလီရေ။

မင်း ပြန်သွားပြီး သိပ်မကြာခင်မှာပဲ ကိုယ်လုပ်ငန်းတာဝန်နဲ့ အညာတက်ရတော့ မင်းတို့မြို့လေးရဲ့အထွက်က ရိပ်သာလေးမှာ မင်း ကိုယ့်ကို တိတ်တဆိတ် လာတွေ့ရှာပါတယ်၊ မျက်နှာညှိုးညှိုးလေးနဲ့ လူကလည်း ပိန်လို့။

"နေမကောင်းဘူးလား ဒါလီ"

"အင်း"

မင်းက မလှုပ်တလှုပ်နဲ့ အင်းတစ်လုံးပဲ လုပ်ပါတယ်။

အချိန်သိပ်မပေးနိုင်လို့ ခဏတာကယုကယင် ချစ်တုံ့တင်ပြီး ခရီးဆက်ထွက်တော့ မင်းက-

"ကိုကို သိပ်အတင့်မရဲနဲ့၊ ခဏခဏလည်း ဒါလီ့ဆီ ဖုန်းမဆက်နဲ့၊ အိမ်က သိမှာကို ဒါလီ သိပ်ကြောက်တာပဲ"

လို့ ပြောတော့ ကိုယ်က ခေါင်းညိတ်ပြလိုက်မိတယ်၊ မင်းရဲ့ ညှိုးလျနေတဲ့ မျက်နှာကို ကြည့်ပြီး စိတ်မကောင်းလည်းဖြစ်မိတယ်၊ မင်းရဲ့ အလုပ်ကိစ္စလည်း အဆင်ပြေရပါစေမယ်လို့လည်း အာမခံပေးခဲ့မိတယ်၊ မင်းအတွက် ဝယ်လာတဲ့ ဆေးနဲ့ တခြားပစ္စည်းတွေလည်း အားလုံးပေးခဲ့တယ်။

ကိုယ်ထွက်လာတော့ ရိပ်သာလေးမှာ မင်းလက်တပြပြနဲ့ ညှိုးညှိုးလျလျ ကျန်ခဲ့တာကို ကိုယ့်မျက်လုံးထဲက ကနေ့အထိ မထွက်ဘူး၊ ဒါဟာ မင်းနဲ့ကိုယ် နောက်ဆုံးတွေ့ကြတာ မဟုတ်လား။





ဒီအခေါက်တော့ မင်းရဲ့ အလုပ်ကိစ္စလည်း အဆင်ပြေလို့ ကိုယ်ဝမ်းသာတယ်၊ ပြောစရာတွေလည်း အများကြီး၊ မင်းနိုင်ငံခြားသွားရအောင်လည်း ကိုယ်လုပ်ထားတယ်၊ ဒို့နှစ်ယောက်က ဆန္ဒက ဘဝကို မကျော်နိုင်သူတွေဆိုတော့ ပေါင်းစပ်လို့မှ မရနိုင်တာ၊ ဒါ့ကြောင့် မင်းနိုင်ငံခြားသွားရလည်း ကောင်းတာပါပဲ၊ ဘဝသစ် ထူထောင်နိုင်တာပေါ့၊ မင်းအတွက် ကိုယ် အများကြီး စီစဉ်ထားပါတယ်၊ ဒါပေမယ့် မင်းက အတွေ့မှမခံတော့တာ၊ ကိုယ် ဘာပြောရမလဲ မြဒါလီ။

မင်းအကြောင်းတွေ စဉ်းစားရင်းနဲ့ ခေါင်းတောင်မူးလာပြီ။

"မောင်ဝင်းရေ…သီချင်းဖွင့်ကွာ"

ရှေ့ကထိုင်လိုက်လာတဲ့ မောင်ဝင်းကို စိတ်ပြေလက်ပျောက် သီချင်းဖွင့်ခိုင်းလိုက်မိတယ်။

"အခွေတစ်ခွေ နှစ်ခွေပဲ ပါတယ်ခင်ဗျ"

"ရှိတာသာ ဖွင့်စမ်းပါကွာ"

**ဆုတောင်းတိုင်းသာ ××× ပြည့်စေချင်ပါပြီ ××× ဆုံးမှူးတစ်ခွင်နှင်းတုမမြင် ××× သုံးလူ့ရှင် ××× ဗုဒ္ဓထံပါး ××× ခုကွခံစားသမျှ ××× ယန်ကြားအရှင့်ကို ဖွင့်ဆိုပါမည် ××× ဘယ်သောအခါမှ ××× ကိုယ်ကချစ်ရတဲ့သူ ××× မဖြစ်ချင်ပါပြီ ××× သူချစ်ကိုသာ မျှော်ကာစောင့်စားတော့မည် ××× မွေ့ကန္တာခလျှောက်လှမ်းရသလို ××× ဘဝင်မှာ ဆူရ ××× ကြွင်နာသူက စိမ်းခဲ့ပြီ ××× မြေမနိုင် ××× ရေမိုင်ဝဲ ××× မှိုင်ပွဲနဲ့ ကြုံသမျှတွေသည် ××× ဝဋ်ကြွေးတဲ့တင် ××× ရှိပါရင်လည်း ××× ကံကြမ္မာမညီမျှ ××× သံသရာဒီဘဝ ဒီမျှနဲ့ပဲ ××× အဆုံးသတ်စေချင်ပြီ ×××**

တိုက်တိုက်ဆိုင်ဆိုင်ပဲ ကိုယ့်ရင်ထဲက ခံစားချက်နဲ့ သွားတူနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော် ကိုတင်လှိုက်ရဲ့ "အမုန်းခွန်အား ပေးသနားပါ" သီချင်းကိုမှ ဖွင့်မိရက်သား ဖြစ်နေပြီ၊ မင်းကလည်း မုန်းလိုက်ပါတော့လို့ ပြောထားတာ မဟုတ်လား၊ မင်းကို မုန်းဖို့ ကိုယ့်မှာ ခွန်အားမှမရှိတာ၊ မင်းလည်း သိရက်သားနဲ့။

ကိုယ့်ရဲ့ မင်ဆူဘီရှိ လင်ဆာကလေးကတော့ အရှိန်ကောင်းကောင်းနဲ့ ပြေးနေဆဲပါ။ မကြာခင် ပဲခူးရောက်တော့မယ်၊ ဟိုးအဝေးက ခပ်လှမ်းလှမ်းမှာ ပဲခူးရွှေမော်ဓောဘုရားကြီးကို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့နေရပြီ။

**အရှင်ကိုယ်မွှား တည်ထားကိုးကွယ် ××× ကိုးတွယ်အပ်သော ××× လွမ်းဓာတ်အိုး ××× ယန်းရေသီးမိုး တောင်းမှုတွေနဲ့ ××× တောင်းဆုခြွေခဲ့ ဖူးပါသည် ××× ဖြစ်လေရာဘဝတိုင်းမှာ ××× နှယ်တစ်မျှင် မြက်တစ်ပင်လို ××× သံယောဇဉ်ကို ××× အလွယ်တကူ ဖြတ်နိုင်တဲ့သူ ××× ဖြစ်လိုပါပြီ ××× အသည်းက မြေမဆည် ××× စိတ္တစ သူ့ကိုစွဲခဲ့သော ××× အတိတ်ဘဝ ကုသိုလ်နည်းခဲ့သော ××× ဘုရားတပည့်တော်မှာ ××× ကံတရားဆိုင်ရာ ××× မခံစားနိုင်ပါ ××× ဒီသောကတွဲ ××× လောကထဲမှာ ××× လွတ်မြောက်ဖို့ရန် အမိန့်ခွန်ပါသည် ×××**

ကိုတင်လှိုင် သီချင်းထဲကလိုပါပဲ၊ ကိုယ်ဟာ မင်းကို စိတ္တစဆန်ဆန် စွဲခဲ့မိတာ ထင်ပါရဲ့၊ မင်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာ ကိုယ့်မှာ ခံနိုင်ရည်အား နည်းလှပါတယ်၊ ဒါကြောင့်လည်း မင်းကို ကိုယ်ပြောခဲ့မိတယ်။

"ဒါလီ ပေးသမျှဒုက္ခကို ကိုယ်ခံမယ်" လို့

ဒီဒုက္ခတွေက လွတ်မြောက်ဖို့ကတော့ ဘုရားမှသာ တတ်နိုင်တော့မယ် ထင်ပါရဲ့၊ မင်းက ဘုရားသိတယ်လို့ ပြောတယ်နော်၊ မှားတာမှန်တာ ထားချိတ်၊ ကိုယ် မင်းကို တကယ်ချစ်ခဲ့မိတယ်ဆိုတာလည်း ဘုရားသိပါတယ်၊ ကိုယ် ကျိန်ရဲပါတယ်။





ပဲခူးကိုကျော်လာပြီ၊ နောက်တစ်နာရီဆိုရင် ရန်ကုန်ပြန်ရောက်ပြီ၊ မင်း အစ်မ သက်ထားနဲ့ မင်းတူမလေးက ကိုယ့်ကို မျှော်နေကြရော့မယ်၊ သူတို့ တွေကတော့ အပြစ်ကင်းစင်ကြရှာပါတယ်၊ ဘာမှမသိရှာကြပါဘူး၊ ကိုယ့်မှာ သာ ငုံးဆုလူမသိဖြစ်ပြီး ယောက်ျားကြီးတန်မဲ့ မျက်ရည်လည်နေရတာပါ၊ အသက် ကြီးမှ ဝက်သက်ပေါက်တာ ရယ်စရာကောင်းနေမလားတော့ မသိဘူး။

**ခက်နွယ် ××× ဖယောင်းသဗ္ဗယ် ××× ညက်သွယ်ပြောင်းတယ် ××× လက်ဆယ်ချောင်းနဲ့ ××× ထိပ်မှာမိုး၍ ××× နောက်ဆုံးလျှောက်ထား အပ်ပါသည် ××× ချစ်တတ်ခဲ့သော ××× တပည့်တော် နှလုံးသားဆီ ××× အမုန်းခွန်အား ပေးသနားရန် ××× တောင်းယန်ပါသည် ×××**

မင်းရဲ့စာအရ မင်းနဲ့ကိုယ်ဟာ တစ်သက်တာ ခွဲခွာရပြီပေါ့နော်၊ မင်းက ကိုယ့်ကို မင်းကို နားလည်ပေးဖို့နဲ့ မုန်းဖို့ပြောခဲ့တယ်၊ ကောင်းပါပြီ၊ မင်းနဲ့ ကိုယ့်ကို နှစ်ယောက်စလုံး ဂုဏ်သိက္ခာကို ထောက်ထားပြီး မင်းပြောတဲ့စကား ကို ကိုယ် နားထောင်ပါ့မယ်၊ ဒါ့ကြောင့် ချစ်တတ်လွန်းလှတဲ့ ကိုယ့်နှလုံးသား ကိုလည်း အမုန်းခွန်အား ပေးသနားဖို့ စောစောက ဖူးတွေ့ခဲ့တဲ့ ပဲခူးရွှေမော် ဓောဘုရားကြီးကိုပဲ လျှောက်ထားလိုက်ပါပြီ မြဒါလီရေ။

ဟော…ပြောရင်းဆိုရင်းနဲ့ ကိုယ့်ကားလေးက ရန်ကုန်နယ်နိမိတ်ကို ဝင်ပြီ၊ ခဏကြာရင် အိမ်ရောက်တော့မယ်၊ စိတ်ချနေပါ မြဒါလီ…မင်းကို ကိုယ် မဆက်သွယ်ပါဘူး၊ ဖုန်းရော လူရော စာရော ဘာနဲ့မှ မဆက်သွယ်ပါ ဘူး၊ မင်း စိတ်ချမ်းသာလက်ချမ်းသာနေပါ၊ ကိုယ့်ကို အသုံးချပြီး မင်းရဲ့လိုအင် ဆန္ဒတွေ ပြည့်သွားအောင် လုပ်သွားတာတော့ မဟုတ်ပါဘူးနော်၊ ကိုယ့်ကို ဒုက္ခမပေးဘူးဆိုတာကိုလည်း ကျေးဇူးတင်ပါတယ်၊ ပေးလဲ မင်းပေးတဲ့ ဒုက္ခ ကို ကိုယ်က ရင်ကော့ခံသွားမှာပါ၊ ဒါတွေအားလုံးကို မင်းသိစေချင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com

မြဒါလီရေ…၊ မင်းရဲ့ကိုယ်စား ဘယ်သူ့ကို ကိုယ်သွားပြောရမှာလဲ၊ ကိုယ် သိပ်ကြိုက်တဲ့ အဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့ မေတ္တာမီးအိမ်သီချင်းထဲက လို…

"ရေပြင်ကို ပြောရမလား၊ ကောင်းကင်ကို ပြောရမလား၊ မြေလွှာကို ပဲ ပြောရမလားလေကွယ်"

လို့ပဲ ငြီးရတော့မယ် ထင်ပါရဲ့၊ အေးလေ…ဒီဇာတ်က ဒီမှာပဲ ရပ်ကြ မှာ ဖြစ်မှာပါ…မင်းပြောတာ ဟုတ်ပါတယ်၊ ကြာရင် မင်းရောကိုယ်ပါ ဒုက္ခ ရောက်ကြရတော့မယ်လေ။

ဩော်… စာစာကတည်းက မင်းကိုယ့်ဘဝထဲ မဝင်လာရင် အကောင်းသားသား မြဒါလီရယ်။

ခုတော့…

* * *

(အချစ်ဝတ္ထု ရေးပေးပါဆိုသော ကိုကျော်ကျော်ဆွေအတွက်)

သောင်းဝေဦး
၃၁-၁-၂၀၀၂



# လေးကောကို သတိရသည်

www.burmeseclassic.com

www.burmeseclassic.com

## လေးကောကို သတိရသည်

သေနတ်ကို လက်က ချ၍ ကလောင်ကို ပြောင်းကိုင်ခဲ့ရသည်မှာ မနက်ဖြန်သဘက်ဆို ခြောက်နှစ်တင်းတင်းပြည့်တော့မည်။ ယူနီဖောင်းဝတ်ထားသော်လည်း စစ်သားတော့ မဟုတ်တော့ပါ။ ယူနီဖောင်းမြင်တိုင်း စစ်သားဘဝ အမှတ်တရများက မေ့၍မရ၊ ကရင်ပြည်နယ်တွင် စစ်သားဘဝ စခဲ့ပြီး ကရင်ပြည်နယ်တွင် ဓာတ်လမ်းက ဆုံးခဲ့သည်။ ကရင်အမျိုးသမီးနှင့် အကြောင်းဆက် ပေါင်းဖက်ခဲ့သော "ကရင်မျိုးဟော့ ဒို့ဇမာများ ဖြစ်နေလေရော့လား" မသိတော့ပါ။ ကရင်ပြည်နယ်တွင် ဆယ့်ငါးနှစ်ခန့် ကြာခဲ့၏။ နေခဲ့ရသည့် နေရာများ အားလုံးထဲတွင်တော့ 'လေးကော' ကို သတိရဆုံးပါတည်း။

* * *

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်များ လေးကေကို သတိရနေပါလိမ့်ဆိုတော့ လေးကေမှာ ကျွန်တော့်အတွက် မမေ့နိုင်ရစရာများက အများကြီးရှိနေသည်လေ။

ဦးစွာ ပထမ၊ လေးကေ ဆိုသည်ကို ဖော်ပြလိုပါသေးသည်။

လေးကေဆိုသည်မှာ ကရင်ပြည်နယ်၊ ဖာပွန်မြို့သို့ သထုံမှ ဖောက်ထားသည့် သထုံ၊ ဖာပွန်ကာလမ်းမကြီးပေါ်ရှိ ရွာကြီးတစ်ရွာဖြစ်၏။ အိမ်ခြေ ပေါင်း ရာကျော်ရှိသည်။ လေးကေ၏ တည်နေရာနေထားကို ပြောမည်ဆိုပါက မြောက်ဘက်တွင် မြစ်ကျိုးနှင့် ကြို့ဝိုင်းရွာများ၊ တောင်ဘက်တွင် နေမင်းအောင်နှင့် ဝင်းတပရွာများ၊ အရှေ့ဘက်တွင် ဒုံသမိချောင်း၊ အနောက်ဘက်၌ ညိုမှောင်မှောင်နှင့် လေးကေကျောက်တောင်တို့ဖြစ်သည်။ လေးကေက တကယ်တော့ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အစပ်တွင် ဖြစ်သည်။ ဒုံသမိချောင်းအနောက်တက် ရောက်နေ၍ ကရင်ပြည်နယ်ထဲ ပါသည်ဟု ပြော၍မရ၊ လေးကေက သထုံခရိုင်တွင် ပါဝင်နေ၏။ သို့ရာတွင် သထုံမြောက်ခြမ်းတွင် နေကြသူများမှာ တိုင်းရင်းသား ကရင်လူမျိုးများသာဖြစ်သည်။ ထို့ကြောင့် လေးကေကို ကရင်ပြည်နယ်ထဲတွင် ရှိသည်ဟု တော်တော်များများက ထင်မှတ်မှားကြသည်။ ထားပါတော့ခင်ဗျာ။

လေးကေနာမည်ကြီးရခြင်းအကြောင်းရင်းကား အခြားမဟုတ်ပါ။ ကေအင်န်ယူတပ်မဟာ (၅) တပ်မဟာမှူး နာမည်ကျော်လင်းထင်ကြောင့် ဖြစ်ပါ၏။

၁၉၄၈ ခုနှစ်တွင် ကေအင်န်ယူနှင့် ကေအင်န်ဒီအိုတို့ တောခိုကြသည်။ ၁၉၄၈ ခုနှစ်၊ ဇူလိုင်လတွင် သထုံမြို့ရှိ ကရင်စစ်ရဲတပ်ရင်းများမှ စတင်ပုန်ကန်၍ ကရင်သောင်းကျန်းမှုကြီး ပေါ်ပေါက်လာသည်။ ကေအင်န်ဒီအိုများသည် သထုံနှင့် မော်လမြိုင်ကို သိမ်းပိုက်ပြီး ၁၉၄၉ ခုနှစ်၊ နှစ်စ၌ အင်းစိန်ကိုပါ သိမ်းနိုင်ခဲ့သည်။ ထို့နောက် တောင်ငူ၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ မန္တလေး၊





တောင်ကြီး၊ ကလောမြို့များအား ဆက်လက်သိမ်းပိုက်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဇွန်လ၌ တောင်ငူမြို့တွင် စောဘဦးကြီး ဦးဆောင်၍ ကရင်တော်လှန်ရေးအစိုးရ ဖွဲ့စည်းခဲ့သည်။ ၄င်းအဖွဲ့၌ စောဘဦးကြီး၊ စကောမော့လေ၊ မန်းဘခိ၊ စောဟန်တာသာမွေးနှင့် စောစံကေးတို့ ပါဝင်ကြသည်။

ကရင်သောင်းကျန်းမှုများ ပြင်းထန်နေသော်လည်း တပ်မတော်၏ ကြံ့ခိုင်သော ရင်ဆိုင်တိုက်ခိုက်မှုနှင့် ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ကေအင်န်ဒီအို သောင်းကျန်းသူများ ယင်းတို့ သိမ်းပိုက်ထားသော နယ်မြေမှ တဖြည်းဖြည်း ဆုတ်ခွာကြရသည်။ ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ကော့ကရိတ်အေသ၊ ထို့ကိုကိုး၌ အမှတ် (၃) ခြေလျင်တပ်ရင်းနှင့် ကေအင်န်ဒီအိုတို့ တိုက်ပွဲဖြစ်ကြရာ ကေအင်န်ယူခေါင်းဆောင် စောဘဦးကြီး ကျဆုံးခဲ့သည်။

ထိုအခါ ကျန်ရှိသည့် ကရင်သောင်းကျန်းသူများမှလည်း ပဲခူးရိုးမနှင့် အရှေ့ရိုးမသို့ အသီးသီးခွဲကာ တောတွင်းသို့ ဝင်ရောက်ကြသည်။ လင်းထင်သည် ကရင်သောင်းကျန်းမှု စတင်စဉ်ကပင် ပါဝင်လာခဲ့သူဖြစ်၏။ BE တပ်တွင် တပ်ကြပ်အထိ အမှုထမ်းခဲ့သည်။ အသားဖြူ၍ ရုပ်ဖြောင့်ဖြောင့်၊ အရပ်မြင့်မြင့်နှင့် အင်္ဂလိပ်လို ပြောတတ်ဆိုတတ်၏။ စမတ်ကျကျဝတ်တတ် စားတတ်၏။ မိန်းကလေးများကျလောက်သည့် ရုပ်ရည်ရှိ၏။ ကရင်သောင်းကျန်းမှု စတင်ပြီး သိပ်မကြာမီမှာပင် လင်းထင်က သူ၏ အစွမ်းအစကို ပြသည်။ သထုံခရိုင်တွင် တိုက်ကွက်များဖော်သည်။ ကေအင်န်ယူတပ်မဟာ (၅) တွင် ယခင်က တပ်မဟာမှူးမှာ ဗိုလ်စိုးဖြစ်သည်။ ဗိုလ်စိုးသေတော့ လင်းထင် တပ်မဟာမှူး ဖြစ်လာသည်။ လင်းထင်က စက်လှေများကိုဖမ်း၍ ဒုံသမိချောင်းအကိုင်း ဆောင်းယူသည်။ လေးကေကို သူ၏ အခိုင်အမာ ခြေကုပ်စခန်းအဖြစ် လုပ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com

သထုံခရိုင်မြောက်ခြမ်းတွင် လေးကောကို ခြေကုပ်ပြုကာ လင်းထင်က နှစ်ပေါင်းအတော်ကြာ လှုပ်ရှားခဲ့သည်။ သူ နေခဲ့သော လေးကောဂူကြီးအတွင်း၌ လင်းထင်က အောက်ပါအတိုင်း စာရေးထားသည်ဟု ကျွန်တော့်အထက် တပ်မှူးကြီးများက ပြောပြခဲ့ကြ၏။ ထိုစာကို ကျွန်တော် အကြိမ်ကြိမ် ဖော်ပြခဲ့ဖူးပါသည်။ အခုလည်း ထပ်မံဖော်ပြပါဦးမည်။

I like Women, Whisky and War.

လင်းထင်က စစ်လည်း တိုက်၊ အရက်လည်း ကြိုက်၏။ သို့ရာတွင် အားလုံးထဲ၌ သူအကြိုက်ဆုံးကား ဣတ္ထိယ ခေါ် မိန်းမများပါသတည်း။

ထိုကိစ္စနှင့် ပတ်သက်၍ သူ တပ်မဟာမှူးဖြစ်ကာစက ကေအင်န်ယူ ဗဟိုမှ ဥက္ကဋ္ဌ စောဟန်တာသာမွေးမှ အောက်ပါအတိုင်း ကြေးနန်းပို့သည်။

ဥက္ကဋ္ဌမှ တပ်မဟာမှူးအတွက်-

**"သင် တပ်မဟာမှူးဖြစ်ပြီ၊ လူကြီးဖြစ်ပြီဖြစ်၍ လူကြီးလိုနေရန်နှင့် မိန်းကလေးများနှင့် ကင်းကင်းရှင်းရှင်းနေရန် အကြံပြုပါသည်"**

ထိုအခါ လင်းထင်က အောက်ပါအတိုင်း ပြန်ကြားသည်ဟုဆို၏။

တပ်မဟာမှူးမှ ဥက္ကဋ္ဌကြီးအတွက် **"အကြံပြုသည့်အတွက် ကျေးဇူးတင်ပါသည်၊ ဆင်ခြင်ပါမည်၊ သင်းကွပ်ပြီးတော့ စစ်မတိုက်နိုင်ပါ"** ဟူ၏။

လင်းထင်က အဲဒီလို လူစားမျိုးပါတည်း။

သူ တပ်မဟာမှူးဘဝက မော်လမြိုင်၊ ရန်ကုန်ရထားကို မိုင်းခွဲပြီး တက္ကသိုလ်ကျောင်းသူများကို ဖမ်း၍ စိတ်ကြိုက်လုပ်ချင်ရာကို လုပ်ပြီး တရုတ်ဖြူများထံသို့ ရောင်းစားသည်။ ရောက်လေရာ သွားလေရာများတွင် မိန်းကလေးချောချောများတွေ့ရင် ထုံးတို့၍ မှတ်ထားသည်။ သူ မှတ်လိုက်ပြီ ဆိုသည်နှင့်





"တပ်မင်းကြီး မှတ်ထားလိုက်ပြီ" ဟုဆိုကာ မည်သူမှ အနားမကပ်ရဲတော့၊ မိန်းကလေး ဒုက္ခ ရောက်ရတော့သည်။

ဤအကျင့်က ငြိမ်းချမ်းရေးဆွေးနွေးပြီး သူမြို့ပေါ်ရောက်လာသည် အထိ ပါလာ၏။ မြို့ပေါ်ရောက်တော့ နော်လွီဇာဘင်ဆင် နှင့် ယူဖြစ်သည်။ သို့ရာတွင် ကောင်းကောင်းမနေ၊ သထုံတွင် မိန်းကလေးများနှင့် ရှုပ်ပြန်၏။ တောပြန်နိုဖို့ စီစဉ်၏။ လေးကောဘက် ပြန်တက်ရန်လုပ်ထား၏။ လူကြီးများက သွားခေါ်သည့်အခါ ငြင်းဆန်၏။ ထိုသို့ လုပ်ရင်းကိုင်ရင်းဖြင့် လင်းထင် သေခဲ့ရသည်။ သို့ရာတွင် လင်းထင်နှင့် လေးကော၊ လေးကောနှင့် လင်းထင်သည် ဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့် ပန်းလို ဖြစ်နေ၏။ လေးကောအကြောင်း ပြောက လင်းထင်နေမည်မပါ၍မရ။ ထိုတပိုက်မှာက သူ့အမျိုးချည်းဖြစ်နေ၏။ သူ့သားသမီးများ ဘယ်၍ဘယ်မျှ ရှိနေသည်ကို မပြောနိုင်၊ ဘုရားသခင်မှသာ သိပေလိမ့်မည်။

ထို့ကြောင့် ဗျူဟာမှူးဘဝ လေးကော ရောက်ခါစက ကျွန်တော်သည် ကဗျာတစ်ပိုင်းတစ်စကို အောက်ပါအတိုင်း စပ်ခဲ့၏။

**"ပဇဝရွေးက ငွေးဘုရင်**

**လင်းထင်နေရာ၊ လင်းကောတောင်တောင် ညိုမှောင်မှောင်ကို**

**ဟိုတောင်အစက မြင်နေရပြီ၊**

**အဲဒီနေရာ လေးကောရွာပေါ့"**

* * *

လေးကောကို မိုလ်ပေါက်စလေးဘဝက တစ်ခေါက်၊ ဗျူဟာမှူးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့ နှစ်ခေါက်၊ ပေါင်း သုံးခေါက်ရောက်ခဲ့၏။ သူ့ဟာနှင့်သူ မမေ့စရာလေးများက ရှိနေ၏။ ဗျူဟာမှူးတာဝန်နှင့်ရောက်တော့ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ဖြစ်မည်ထင်သည်။ ပိန္နဲတောမှ စထွက်ကတည်းက လင်းထင်၏ အဆက်အနွယ်များက ကျွန်တော်တို့အား တဒိန်းဒိန်း၊ တဒိုင်းဒိုင်းနှင့် ပစ်ကြခတ်ကြသည်။ ဝင်းတပအတွက်တွင် ဆွဲမိုင်းဆွဲသွားသည်။ ကိုယ့်ဘက်က စစ်နည်းဗျူဟာ မြောက် လုပ်လိုက်မိ၍ မထိမခိုက်ဘဲ ပြီးသွား၏။ ထို့နေ့က သတ်မှတ်ချိန်တွင် နာမည်ကျော်လေးကေကို ရောက်ရှိအခြေပြုနိုင်ပါ၏။

လေးကေတစ်ရွာလုံးမှာ ကရင်လူမျိုးချည်းဖြစ်၏။ ထို့ကြောင့် ကေအင်န်ယူနှင့် ဆွေမျိုးမတော်သူမရှိသလောက်ဖြစ်၏။ ကေအင်န်ယူတပ်ခွဲမှူး စံသိန်းနှင့် တပ်စုမှူးစောမြင့်ထွေးတို့က လေးကေရွာသားများဖြစ်ကြသည်။ ဒီမှာ မွေး၊ ဒီမှာ ကြီး၊ ဒီမြေ ဒီရေ ဒီလေ၊ ဒီတောတောင် မြစ်ချောင်း၊ အင်းအိုင်များကို နှာကျေနေအောင် သိကြသူများဖြစ်ကြ၏။ သူတို့ ဒုက္ခပေးသဖြင့် မြန်မာ့ တပ်မတော်မှ ဗျူဟာမှူးအရင့်အမာကြီးဖြစ်သူ ကျွန်တော့်မှာ အတော် ခံစားရပါသည်။ ရောက်ပြီး တစ်ပတ်အတွင်း စခန်းကို RPG ဖြင့် လာပစ်၏။ အပြင်မထွက်ထွက်အောင် စစ်မြူသည်။ ကျွန်တော်က ချက်ချင်းအပြင်မထွက်တော့-

"ကြောက်နေသလား ဗျူဟာမှူးကြီးရဲ့" ဟု မခံချင်အောင် စသည်။ ထွက်များထွက်လိုက်ရင်တော့ ရွှေယောက်ဖများကို ကျွန်တော့်က တွေ့ဖြုတ်ဖို့ လုပ်ထား၏။ သူတို့ အထာကျွမ်းသဖြင့် ထွက်မလိုက်ဖြစ်၊ ထွက်လိုက်မိလျှင် သူတို့ အစ်မ ကျွန်တော့်ဇနီး၊ မုဆိုးမဖြစ်သွားပေရှာမည်။ ထိုညက စိတ်ပေါက်ပေါက်ဖြင့် စိန်ပြောင်းအချက်အတော်များများ ပစ်ထုတ်လိုက်မှ ကိစ္စက ပြီးသွားတော့သည်။

မိုးလင်းတော့ ဘယ်ရမလဲ၊ စခန်းရှေ့က လက်နက်ငယ်တစ်ကမ်းရှိ





အိမ်အားလုံးကို ရှင်းပစ်လိုက်၏။ ရွာအဝင်အထွက်ကိုလည်း တင်းကျပ်စွာ ချုပ်ကိုင်ကာ နေဝင်မီးငြိမ်းအမိန့်ထုတ်လိုက်သည်။ ခြံစည်းရိုးပတ်လည်တွင် လူနှင်းမိုင်းများ ထောင်လိုက်သည်။ ခြံစည်းရိုးသာမက ဝင်လမ်း၊ ထွက်လမ်းများကိုလည်း မိုင်းများထောင်လိုက်၏။ ကြားဖြတ်စကင်ယ်များ ထားရှိပြီး သူတို့ပြောတာကို ဖြတ်နားထောင်ရသည်။ ဤသို့ဖြင့် ရန်သူနှင့် ရက်ပေါင်းအတော်ကြာ ဉာဏ်ကစားပြီး လေးကေကို ထိန်းခဲ့ရ၏။

လေးကေက ထိုဒေသတစ်ဝိုက်တွင် ရွာကြီးဖြစ်၏။ လူစုံ၏။ ကြည့်ပျော်၊ ရှုပျော် မိန်းကလေးများလည်း ရှိ၏။ သူတို့ထဲတွင် မစန်းမြင့်ဆိုသူကလေးကား လှသီများ၏။ သူမက ထူးထူးခြားခြား ကရင်တော့မဟုတ်၊ ပအို့ဝ်ဖြစ်သည်။ ထိုစဉ်က အသက်သုံးဆယ်ပင် မရှိကြတ်သေး၊ ကိုယ်လုံးသွယ်သွယ်၊ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ Oval shape မျက်နှာလေးနှင့် ဈေးသည်မို့ စကားပြောကလည်း ချိုသာသည်။ တစ်ခုလပ်မို့ အပြုံနုပ်သည်ဟု ပြောသူက ပြောကြ၏။ ကျွန်တော်တော့ မသိပါ။

ထို မစန်းမြင့်နှင့် ကျွန်တော့်ဗျူဟာရုံးက ဦးစီးအရာရှိ ဗိုလ်မှူးစိုးမင်းနှင့် ဗိုလ်ကြီးစိုးဝင်းတို့က အထူးခင်ကြသည်။ စိုးဝင်းက အလွန်သွက်၏။ ထစ်ကနဲဆို တစ်ခုခုလိုက မစန်းမြင့်ဆီ ပြေးတတ်၏။ ဟိုဟာလည်း မစန်းမြင့်ဆီက၊ ဒီဟာလည်း မစန်းမြင့်ဆီက။ ဘယ်ပစ္စည်း မေးလိုက်၊ မေးလိုက် မစန်းမြင့်ဆီက ဖြစ်နေ၏။

"စိုးဝင်းရေ...ကြည့်လဲလုပ်ဦးနော်...တော်ကြာ လူပါ ပါလာနေဦးမယ်"

ဟု ပြောယူရ၏။

စိုးမင်းကတော့ စိုးဝင်းလိုမဟုတ်၊ စိုးမင်းက ဂျီတူး ခေါ် ဗျူဟာညှိနှိုင်း



www.burmeseclassic.com

www.burmeseclassic.com

ကွပ်ကဲရေးမှူးဖြစ်သည်။ သူက စကားနည်း၏။ မစန်းမြင့်ဆိုင်ကို တစ်ခါတလေမှ သွားတတ်သည်။ စိုးဝင်းလို ချောင်းပေါက်အောင် မသွားတတ်၊ သို့ရာတွင် သူလည်း ခေသူတော့မဟုတ်။ တစ်ရက်တွင် အလုပ်ရှိ၍ ကျွန်တော်နှင့် ဗိုလ်ကြီးစိုးဝင်း လေးကေမှ ကျသောင်းဆိပ်သို့ ထွက်ခဲ့၏။ သွားတုန်းက တစ်ရက်၊ နှစ်ရက်ဆိုပြီး ထွက်သွားခြင်းဖြစ်သည်။ ဟိုမှာ ကိစ္စမပြီး၍ ဆယ်ရက်ခန့် ကြာသွားသည်။ ကိစ္စပြီး၍ ပြန်လာသောအခါ ဗိုလ်မှူးစိုးမင်းက ထမင်းချိုင့်မှာစားနေသည်ကို တွေ့ရ၏။ ကျွန်တော်တို့ ပြန်လာတာတောင် သူ့ထမင်းချိုင့်က နှစ်ရက်၊ သုံးရက် ဆက်ပို့နေသည်။ ဘယ်ကပို့လဲဆိုတော့ "အား...လား...လား..." မစန်းမြင့်က ပို့နေခြင်းဖြစ်၏။ မစန်းမြင့်၏ ဆယ်နှစ်အရွယ် သမီးကလေးက လာပို့နေခြင်းဖြစ်သည်။ ထိုအခါ စိုးဝင်းက...

"တယ်ပိုင်ပါလား အစ်ကိုကြီးရာ၊ ကျွန်တော့်ကိုယ် ကျွန်တော် မီးသေလှပြီ ထင်နေတာ၊ တကယ်တော့ ကျွန်တော့်အရည်အသွေးက အစ်ကိုကြီး အစွန်းထွက်လောက်ပါပဲလား"

ဟု မထိတထိ ကလိလိုက်သည်။

စိုးဝင်းက စိုးမင်းကို ကျွန်တော်ရှေ့တွင် ပြောလိုက်ခြင်းဖြစ်သည်။ စိုးမင်းက အနည်းငယ် ရှက်သွားပုံရ၏။

"တော်စမ်းပါကွာ၊ မင်းက ငါ့ကို ရိက္ခာငွေ လုံလုံလောက်လောက်မှ မပေးခဲ့ပဲကွ"

"ရိက္ခာငွေမရှိလဲ စစ်ဆင်ရေးကြိုတင်ငွေထဲက ခဏသုံးရတာပဲ"

"ငါက မင်းလို ရှုပ်ရှုပ်ယှက်ယှက် မလုပ်တတ်ဘူး"

သူတို့နှစ်ယောက် အချီအချပြောသည်ကို ကြားသည့်အခါ ကျွန်တော့်မှာ ပြုံးမိ၏။





"ကဲ...တော်ပါကွာ၊ မင်းတို့နှစ်ယောက်လုံး မဆိုးပါဘူး၊ တစ်ယောက်တစ်မျိုးစီ တော်ကြတာပါပဲ"

ဟု သူတို့စကားကို ဖြတ်ရသည်။

တပည့်တွေသာမဟုတ်ပါ။ ဆရာဖြစ်သူ ကျွန်တော်လည်း ရွာထိပ်က မစန်းမြင့်တို့ဆိုင်သို့ မကြာခဏ ရောက်တတ်၏။ ညနေလမ်းလျှောက်ထွက်ပြီး အပြန်၌-

"အဘ...ရေနွေးလေးဘာလေး သောက်ပါဦး"

ဟု မစန်းမြင့်က အပြုံးလှလှဖြင့် ဖိတ်ခေါ်တတ်သည်။ ရေနွေးသောက်ရင်း ရပ်ရေးရွာရေး ပြောရဆိုရသည်။ မစန်းမြင့်က အကင်းပါးသည့် ဈေးသည်ကလေးဖြစ်သဖြင့် ကျွန်တော့်အထာကို ပေါက်၏။ ထို့ကြောင့် သွယ်သွယ်ဝိုက်ဝိုက်ဖြင့် ရန်သူ့သတင်းများ ပေးတတ်၏။ သူမထံမှ သတင်းရသဖြင့် ညနေတိုင်းလိုလို မစန်းမြင့်ဆိုင်သို့ ကျွန်တော် ရောက်သွားတတ်သည်။

ထိုသို့ သွားတတ်လာတတ်မှန်း သိသဖြင့် ကေအင်န်ယူက ကျွန်တော့်ကို ပစ်ဖို့ခတ်ဖို့ စီစဉ်သည်။ အနီးကပ်လုပ်ကြံရန်ပင်ဖြစ်၏။ ကရင်ပြည်နယ်တွင် စစ်သားဘဝစခဲ့ပြီး ကြီးပြင်းလာခဲ့သူ ကျွန်တော်က ကရင်အထာပေါက်ပါသည်။ ခပ်ညံ့ညံ့မဟုတ်ပါ။ ဗိုလ်ပေါက်စလေးဘဝက နိုဖောထိတွင် သေနတ်တစ်လက်ဆုံးခဲ့ရသည့် ဖြစ်စဉ်ကိုလည်းကောင်း၊ ကတိုင်တီ တပ်စခန်းတွင် တပ်သားမြပဟန် အနီးကပ်လုပ်ကြံခြင်းခံရ၍ ဂျီသရီးတစ်လက် ဆုံးရှုံးခဲ့ရသည်ကိုလည်းကောင်း ဘယ်တော့မှ မမေ့၊ ကရင်ပြည်နယ်တွင် ဗျူဟာမှူးတာဝန်ဖြင့် ဝင်ရသည့်အခါ ဘယ်နေရာသွားသွား...

"ရှေ့ပြေးနဲ့ကာ၊ ကာဘာဦးကင်း
နောက်ရံခြင်းဖြင့်၊ စစ်မင်းလိုရာ



www.burmeseclassic.com

www.burmeseclassic.com



သွားလေပါ'' ဟု ဆိုသည့် စကားအတိုင်း ဘယ်သွားသွား လုံခြုံရေးအပြည့်ပါ၏။ လက်နက်ငယ်တစ်ကမ်းတွင် ကိုယ့်လူ အမြဲတမ်းချထားသည်။ အနီးကပ် စစ်သည်သုံးလေးဦးထား၏။ ဤအချက်များက ကျွန်တော့်အသက်ကို ကယ်သွားခြင်းဖြစ်၏။

၁၉၉၅ ခုနှစ်၊ နှစ်စတွင် DKBA နှင့် ကေအင်န်ယူများ အသည်းအသန်တိုက်ကြခိုက်ကြသည့်အခါ DKBA မှ ဗိုလ်အဆင့်ရှိ စောမင်းသူနှင့် စောချစ်အောင်နှစ်ယောက်၊ ကျွန်တော့်ဗျူဟာသို့ လွှဲပေးသည်။ စောမင်းသူက ဖြူဖြူချောချော၊ ယခုခေတ် မော်ဒယ်မင်းသား ပိုင်ဖေရဲထွန်းနှင့် ခပ်ဆင်ဆင်တူ၏။ သူ့ဖနီးက ABSDF မှ မြန်မာအမျိုးသမီးတက္ကသိုလ်ကျောင်းသူလေးတစ်ဦးဖြစ်သည်။ ဖြူးမြို့ဇာတိဖြစ်သည်။ သူသည် ယခင် DKBA နှင့် ကေအင်န်ယူများ မကွဲမီက တပ်မဟာ (၁) နယ်မြေ သထုံခရိုင်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ လေးကေတစ်ပိုက်တွင် လှုပ်ရှားရသည်။ တပ်မတော်မှ အရာရှိများကို လုပ်ကြံသတ်ဖြတ်ရန် တာဝန်ပေးခြင်းခံရ၏။ သူ၏ ပစ်မှတ်ထဲတွင် ကျွန်တော်လည်းပါသည်။

''အဘကို ပစ်ဖို့ ကျွန်တော် နှစ်ခါလောက် ကြိုးစားသေးတယ်''

''အဘ…မစန်းမြင့်ဆိုင်လာတတ်လို့ ညနေ၊ ညနေ ကျွန်တော် အဲဒီနားကို မကြာမကြာရောက်တယ်၊ နောက်ဆုံး အနီးကပ်ပစ်ဖို့လုပ်တော့ ပစ်မရဘူး''

''ဟ…ဘာဖြစ်လို့လဲကွ''

''အဘ…လူတွေက အနားမှာ အများကြီးလေ၊ အဲဒီတော့ အဘကို ကျွန်တော်ပစ်ရင် ကျွန်တော်လဲ သေမှာပဲ၊ ကျွန်တော် အသေခံပြီး အဘကို မလုပ်နိုင်ဘူး၊ အဲဒါကြောင့် နှစ်ခါစလုံး မပစ်ဖြစ်တာ''





''ဟေ…ဟုတ်လား၊ ဟ…မင်းက ဘယ်လို ကိုယ့်နားရောက်လာတာလဲ''

''အဘ မှတ်မိအုံးမလားတော့ မသိဘူး၊ တစ်ညနေ အဘ မစန်းမြင့်ဆိုင်ရှေ့က ခုံတန်းလျားမှာ ထိုင်နေတုန်း ကျွန်တော် ကြံသကာလှည်းနဲ့ ခေါင်းပေါင်းပေါင်းပြီး ဖြတ်သွားတာလေ…အဘရဲ့ဘော်တွေက ကျွန်တော့်ကို မြန်မြန်မောင်းလို့တောင် ပြောသေးတယ်၊ အဲဒီတုန်းက ကျွန်တော့်ဆီမှာ ၄၅ မီလီမီတာ မစ္စတိုကြီးတစ်လက်နဲ့ လက်ပစ်ဗုံးသုံးလုံးပါတယ်၊ စက်လဲပါတယ်၊ အဘရဲ့ ရယ်ပြုံးနေတဲ့ မျက်နှာမြင်ရတော့ ကျွန်တော် တော်တော်စိတ်မကောင်းဖြစ်သွားတယ်၊ လုပ်လည်း မလုပ်ရက်တော့ဘူး၊ ဒါနဲ့ နှစ်ခါလောက် ဘာမှမလုပ်နိုင်တော့တာ၊ နောက်တော့ လုပ်မရဘူးလို့ ဌာနချုပ်ကို ဘတင်းပို့လိုက်တယ်''

စောမင်းသူက ထိုသို့ပြောလိုက်မှ ကျွန်တော် များစွာအံ့သြရပါသည်။ တော်သေးရဲ့၊ ငယ်စဉ်က သင်ကြားခဲ့သည့် စစ်ပညာများနှင့် အတွေ့အကြုံများက ကျွန်တော့်အသက်ကို ကယ်လိုက်ခြင်းပါပေ။

အထက်ပါအတိုင်း လေးကေမှာ အသက်နဲ့ကိုယ် အိုးစားမကွဲအောင် အတော်ကြိုးစားပြီး နေခဲ့ရပါသည်ခင်ဗျား။ ဤအရာများကား လေးကေကို သတိရစရာများပါ။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေး၊ ပြောစရာတစ်ခု ကျန်ပါသေးသည်။ ၁၉၉၄ ခုနှစ်အကုန်တွင် ထုံးစံအတိုင်း သထုံ၊ ဖာပွန်ယာဉ်တန်းပြေးဆွဲရာ လေးကေကို ဒုတိယအခေါက် ဝင်ခဲ့ရပါသည်။

ဒီတစ်ခါတော့ ပထမတစ်ခေါက်လောက် ပွဲမကြမ်းတော့ပါ။ နည်းနည်းအေးအေးဆေးဆေးဖြစ်သွားသည်။ ရွာနှင့်လည်း အရင်ကထက် ပိုရင်းနှီးသွားသည်။ တစ်ရက်တွင် လေးကေရွာအရှေ့တောင်ဘက် ရပ်ကွက်ရှိ ချည်ထောင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးတစ်ခုသို့ ရွာလူကြီးနှင့်အတူ အမှတ်မထင် ရောက်သွားသည်။ လက်ရှိ အိမ်ရှင်က ဆုံးသွားပြီဟုဆို၏။ ဆွေမျိုးစပ်တစ်ဦးက ထိုအိမ်ကို စောင့်ရှောက်ထား၏။ အိမ်က အတော်ကောင်းသေးသည်။ အိမ်အောက်ဧည့်ခန်းတွင် ကျွန်တော် ထိုင်လိုက်မိသည်နှင့် မျှော်လင့်မထားသော အရာတစ်ခုကို သွားတွေ့သည်။

ထိုအရာကား မျက်လုံး၊ မျက်ခုံး ကောင်းကောင်း၊ မျက်နှာဝိုင်းဝိုင်း၊ ပါးလျားသော နှုတ်ခမ်းလေးနှင့် လှပချောမောသည့် အသက်နှစ်ဆယ်အရွယ် မိန်းမပျိုလေးတစ်ဦး၏ တိုင်းရင်းသူဝတ်စုံနှင့် ရိုက်ကူးထားသည့် ဓာတ်ပုံကြီး တစ်ခုပါတည်း။

ထိုဓာတ်ပုံကို ကြည့်၍ ကျွန်တော် ရင်ခုန်ချင်သလို ဖြစ်လာသည်။ သေချာအောင် စေ့စေ့စပ်စပ် ကြည့်မိသည်။ ဟုတ်လောက်ပါသည်။ ထို့ကြောင့် မနေနိုင်တော့ဘဲ မေးလိုက်မိတော့သည်။

“ဒီဓာတ်ပုံလေးက ဘယ်သူ့ပုံလဲဗျာ”

“ဒါ…သေသွားတဲ့အိမ်ရှင် စောမောင်သင်းရဲ့ညီမ နော်အေးကြည်လေ”

“အခု သူ ဘယ်မှာလဲဟင်”

“လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်က တပ်က ဆရာကြီးတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်၊ ဆရာကြီးက နိုင်ငံခြားသွားရလို့ သူလဲ လိုက်သွားသတဲ့၊ တမြန်နှစ်က သူ့အစ်ကိုဆုံးလို့ ရွာတော့ တစ်ခေါက်ပြန်လာသေးတယ်၊ စင်္ကာပူဆိုလား၊ မလေးရှားမှာဆိုလား၊ ကလေးမလေးက တော်တော်လှသေးတယ် ဗျူဟာမှူးရဲ့”

အတူပါလာသည့် သူကြီးမင်း ဦးကွယ်က ကျွန်တော့်ကို ဖောက်သည် ချလာသည်။ ကျွန်တော်က ဓာတ်ပုံရှင်ကို အသေအချာကြည့်မိသည်။





၁၉၇၅ ခုနှစ်က ရိုက်ထားသည့် ဓာတ်ပုံဖြစ်နေ၍ “ဩော်…မအေးကြည် အသက်နှစ်ဆယ်လောက်က ရိုက်သွားတဲ့ ဓာတ်ပုံပါ၊ လှပေမပေါ့”

ဓာတ်ပုံကို ကြည့်ရင်း ရှေးဖြစ်ဟောင်းများကို ပြန်ပြောင်းအောင်းမေ့မိပါတော့သည်။

* * *

၁၉၇၂ ခုနှစ်က ဖြစ်ရပ်များ-

ခလရ (၁၉) မှ တပ်ရင်းမှူးဦးဆောင်သော စစ်ကြောင်း (၁)နှင့် တပ်ခွဲနှစ်ခွဲသည် ရိက္ခာထုတ်ရင်း ပိန္နဲတောစခန်းသို့ ရောက်နေသည်။ တိုင်းအရံ လှုပ်ရှားတာဝန်ဖြင့် မဲနသန်ဂွင်အတွင်းအတော် မွှေနှောက်လှုပ်ရှားပြီး၍ ရတခ မှ ကျွန်တော်တို့အား သိမ်ဆိပ်သို့ ရိက္ခာထုတ်စေပြီး ပိန္နဲတော၌ အနားပေးထား၏။ ဒါပြီးရင် ဒုံသမိချောင်းရိုးအတိုင်း တောင်မှ မြောက်သို့ ရှင်းလင်းရမည် ဖြစ်၏။ ဘာနိုင်းနိုင်း ကိစ္စမရှိပါ၊ ကျွန်တော်တို့က ချီလေတဲ့ ချီလေ၊ ဤမြေမှ ဟိုတောင်တန်းပါပဲ၊ ဖာပွန်က ခြေလျင်ထွက်လာတာ၊ သထုံထိတောင် ရောက်ပြီဖြစ်၍ သိပ်တော့အမှုပါ၊ ပိန္နဲတော ရောက်တော့ တပ်ရင်းမှူးကြီး ဒုဗိုလ်မှူး ကြီး ဘသိန်းက-

“တို့စစ်ကြောင်းနဲ့ ဗိုလ်စိုးဝင်းတပ်ခွဲ (၁) က ဘုန်းကြီးကျောင်းထဲမှာပဲ အခြေပြုမယ်၊ ဗိုလ်သက်ဦးနဲ့ တပ်ခွဲ (၃) ကတော့ ပိန္နဲတော၊ ဝင်းတပကား လမ်းမကြီးကို ထိန်းပြီး အခြေပြုထား”

ဟု ညွှန်ကြားသည်။

ကားလမ်းမကြီးပေါ်တွင် အိမ်ကောင်းကောင်းမရှိ၊ တဲကလေးများသာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ စစ်သည်များကို ခပ်ချဲချဲဖြင့် ကားလမ်းမကြီးကို ခွဲပြီး နေရာယူခိုင်းထားရသည်။ ကျွန်တော့်ခွဲရုံးက ဘယ်မှာမှ နေစရာမရှိ၍ ကားလမ်းမကြီးဘေးရှိ တစ်ခုတည်းသော လက်ဖက်ရည်ဆိုင်ကလေးတွင် အခြေပြုလိုက်သည်။ ဆိုင်ရှင်လင်မယားမှာ အသက်လေးဆယ်ခန့် ရှိ၏။ ဘီလင်းမြို့မှ လာဖွင့်ခြင်းဖြစ်သည်။ ကရင်တိုင်းရင်းသားများဖြစ်သည်။ လက်ဖက်ရည်ဆိုင်သာမက ထိုဆိုင်က ကုန်စုံလေးများပါ ရောင်းသည်။ ကျွန်တော်တို့ စစ်ကြောင်းကြောင့် အတော်လေးရောင်းရသည်။ ဆိုင်ရှင်အမျိုးသမီးနှင့်အတူ အသားဖြူဖြူချောချော၊ မျက်နှာဝိုင်းဝိုင်း မိန်းကလေးတစ်ဦးက ဝိုင်းကူရောင်းပေးနေသည်။ သမီးလား၊ တူမလား၊ ညီမလားတော့ ကျွန်တော် မသိ၊ မိန်းကလေးမှာ ဂျပန်ဆံတောက်ကလေးနှင့်ဖြစ်သည်။

ကျွန်တော်သည် ထိုလက်ဖက်ရည်ဆိုင်၌ သုံးညတိတိ အိပ်ခဲ့၏။ သူတို့တွေနှင့် စကားမပြောဖြစ်ခဲ့၊ ဆိုင်ရှင် ဦးစောထူးက တစ်ခါတစ်ရံတော့ စကားလာပြော၏။ ကျွန်တော်က အားလပ်ချိန်များတွင် စားပွဲတစ်လုံးတွင်ထိုင်၍ ကျွန်တော့်တပ်ခွဲမှ တစ်ဦးတည်းသော တပ်စုမှူး ဗိုလ်ဒွေးမြင့်နှင့် စစ်တုရင် သဲသဲမဲမဲ ထိုးနေသည်။ ဗိုလ်ဒွေးမြင့်က ရန်ကုန်တက္ကသိုလ် စစ်တုရင် လက်ရွေးစင်ဖြစ်၍ စစ်တုရင်အလွန်ကောင်း၏။ ထို့ကြောင့် ကျွန်တော်တို့သည် သုံးရက်လုံးလုံး စစ်တုရင်အား ထမင်းမေ့၊ ဟင်းမေ့ထိုးကြ၏။ ကျွန်တော်ကလည်း စစ်တက္ကသိုလ်လက်ရွေးစင် ဗိုလ်အောင်မြင့်ဆွေထံမှ အဆင့်မြင့်စစ်တုရင်နည်းနာများကို မကြာသေးမီကမှ လေ့လာထားရာ ရန်ကုန်တက္ကသိုလ် လက်ရွေးစင်နှင့် ဘတစ်ပြန် ကြားတစ်ပြန်ဖြစ်နေသည်။ အကြိတ်အနယ် ထိုးရ၏။ ကျွန်တော်တို့ စစ်တုရင်ထိုးနေချိန်များတွင် ထိုချောမောလှပသော မိန်းမပျိုကလေးက ကြည့်ကွက်ကြည့်ကွက်လုပ်နေသည်။ ရံဖန်ရံခါ မဝံ့မရဲဖြင့် ရေနွေးများ လာ





ပေးသွား၏။ စကားကိုမူ လုံးဝမပြော၊ ကျွန်တော်တို့ကလည်း ကိုယ့်အာရုံနှင့်ကိုယ်မို့ သူမကို ဘာမှမပြောဖြစ်၊ ဤသို့ဖြင့် တောမိဇာတ်ခင်းလာသည်မှာ သုံးရက်ပြည့်မြောက်သွား၏။

လေးရက်မြောက် နံနက်ခင်းတွင် ကျွန်တော်သည် နံနက်စောစောအိပ်ရာမှ ထ၍ မျက်နှာသစ်ပြီး ခွဲရုံးမှ တက်သားလုထွန်း လာပို့သည့် နံနက် လက်ဖက်ရည်သောက်နေစဉ်-

''ဗိုလ်ကြီး…ကျွန်မ ပြန်တော့မလို့''

မဖျော်လင့်သော အသံကြောင့် လှည့်ကြည့်လိုက်မိသည်။ ခရီးထွက်ရန် ပြင်ဆင်ထားသည့် မိန်းမလှကလေးကို တွေ့ရ၏။ ကျွန်တော်နှင့် လေးငါးခြောက်ပေလောက် ဝေး၏။ မျက်လွှာချကာ လှမ်းပြောလိုက်ခြင်းဖြစ်၏။ ဘေးမှလည်း လူတစ်ဦးမှ မရှိ၊ ဒီမိန်းကလေး ဘယ်သူ့ကို ပြောနေတာပါလိမ့်၊ ကိုယ်နဲ့လည်း စကားပြောဖူးတာ မဟုတ်၍ ကိုယ့်ပြောတာလို့လဲ မထင်၊ ထို့ကြောင့် ဘေးဘီကို ငဲ့ကြည့်မိသည်။ မည်သူတစ်စုံတစ်ဦးမှမတွေ့။ ထို့ကြောင့်-

''ကျွန်တော့်ကို ပြောနေတာလား''

ကျွန်တော်က အံ့သြစွာဖြင့် လှမ်းမေးလိုက်၏။

''ဟုတ်ကဲ့…ကျွန်မ ဒီနေ့မနက် ရွာပြန်တော့မလို့ပါ''

''ဗျာ…ဒါ ခင်ဗျားတို့ဆိုင် မဟုတ်ဘူးလား၊ ခင်ဗျားက ဘယ်ပြန်မှာလဲ''

''ဒါက ကျွန်မတို့ ဦးလေးဆိုင်ပါ၊ ကျွန်မက ဘီးလင်းမှာ ကျောင်းနေပါတယ်၊ အခု ကျောင်းပိတ်လို့ လေးကောကို ပြန်မလို့ပါ၊ ကျွန်မအစ်ကို လာခေါ်တယ်၊ မနေ့ညက သူရောက်လာလို့ ဒီနေ့မနက်ပြန်တော့မလို့၊ အစ်ကို့လာခေါ်တာ စောင့်ရင်း ဦးလေးတို့ အဒေါ်တို့ကို ဈေးကူရောင်းပေးနေတာပါ''



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးက စကားမပြောဘူး၊ စကားမပြောဘူးနဲ့ ပြောတော့လဲ အရှည်ကြီးပါလား။

"သြော်...ဟုတ်လား၊ အဲ...နာမည်လဲ ပြောခဲ့အုံးလေ၊ ခင်ဗျားနာမည် လဲ ကျွန်တော် မသိသေးဘူး"

"နော်အေးကြည်ပါ၊ အစ်ကို့နာမည်က စောမောင်ဝင်းပါ၊ ဗိုလ်ကြီး လေးကေရောက်ရင် အိမ်လာလည်ပါ၊ အိမ်က ရွာအရှေ့တောင်ဘက်ထိပ်မှာပါ၊ အစ်ကို စောင့်နေလို့ သွားတော့မယ်နော် ဗိုလ်ကြီး"

မိန်းမလှကလေးက ပြောပြောဆိုဆို ကျွန်တော့်ကို နှုတ်ဆက်ပြီး ဆိုင် နှင့် ခပ်လှမ်းလှမ်းမှာ ရပ်ထားသည့် လှည်းရှိရာသို့ ထွက်ခွာသွားပါသည်။ သူ့အစ်ကို စောမောင်ဝင်းဆိုသူကတော့ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း နဲ့၊ သူ့ညီမအား လှည်းပေါ်ဆွဲတင်၍ လှည်းမောင်းထွက်သွားသည်။ မအေး ကြည် ပါသွားသော လှည်းကလေးက နွေဦး၏ လေရူးနဲ့အတူ ပါလာသည့် ဖုံလုံးကြီးများကြားတွင် စာလိပ်လိပ်နှင့် ပျောက်ကွယ်သွားပါတော့သည်။ ကျွန် တော့်ရင်ထဲမှ လှိုင်းခတ်သံတစ်ခုကို ကြားလိုက်ရ၏။

"တပ်ခွဲမှူး၊ လက်ဖက်ရည်တွေ အေးကုန်တော့မယ်"

"အံမယ်...ခွေးမသား၊ မင်း ချောင်းကြည့်နေတယ်ပေါ့လေ"

ဘယ်အချိန်က အနားရောက်လာမှန်းမသိသည့် တပ်သားလှထွန်းက လက်ဖက်ရည်သောက်ရန် သတိပေးလိုက်သဖြင့် ကျွန်တော်က တပ်သားလှထွန်း အား အထက်ပါအတိုင်း ပြောမိသည်။ တပည့်ကျော်လှထွန်းက လူပုံက ခပ်ထူထူ ခပ်အအပုံမျိုး။ သို့ရာတွင် လူအကဲခပ်ခြင်းနှင့် သတင်းအချက်အလက်စုဆောင်း ရာ၌ အလွန်အားထားရသူဖြစ်၏။ ထို့ကြောင့် တပ်ခွဲရုံးတွင် ခေါ်ထားရခြင်း ဖြစ်သည်။ ယခုလည်း သူက သူ့တပ်ခွဲမှူးကို စသလို၊ နောက်သလို၊ အတည်





လိုနှင့် "လက်ဖက်ရည်တွေ အေးကုန်မယ်" ဟု ပြောလိုက်သေး၏။

"အရမ်းလှတယ်နော်"

"ဘာပြောတာလဲ"

"တပ်ခွဲမှူးကြီးကလည်း ကြားရဲ့သားနဲ့"

ကျွန်တော်တို့ နှစ်ယောက်အချီအချစကားပြောနေစဉ် စစ်ကြောင်းရုံးမှ ယနေ့မြောက်ဘက်သို့ ပြန်ထွက်မည့်အကြောင်း ညွှန်ကြားချက်ရောက်လာ၏။

"ကဲ...လှထွန်းရေ...နေ့လည်စာစားပြီးရင်တော့ တို့မြောက်ဘက် ပြန်တက်ရမယ်၊ အားလုံးကို လိုက်ပြောလိုက်ကွာ"

ထို့နေ့ နေ့လည်စာစားပြီးသည်နှင့် ကျွန်တော်တို့သည် ရိက္ခာများကို သယ်ဆောင်ကာ ပိန္နဲတော၊ လေးကော၊ ကျသောင်းဆိပ်လမ်းမကြီးအတိုင်း တပ် ဖြန့်ကာ ချီတက်ခဲ့ကြ၏။ တစ်ညနေလုံး တဖြည်းဖြည်း ရှင်းလင်းချီတက်ပြီး ညအိပ်ချိန်မတိုင်မီ ဝင်းတပသို့ ရောက်၏။ ဝင်းတပတွင် တပ်ရင်းမှူးကြီးနှင့် ခွဲ (၁) က ရွာထဲတွင် အခြေပြု၏။ ကျွန်တော်နှင့် တပ်ခွဲ (၃) က ရွာပြင်တွင် နေရသည်။ ကျွန်တော့်တပ်ခွဲစခန်းချတော့ မနီးမဝေးတွင် လှည်းတန်းကြီးတစ်ခုကို တွေ့ရ၏။ သူတို့လည်း မီးဖိုကာ ချက်ပြုတ်စားနေကြ၏။ ဘီးလင်းသို့ ကြံသကာ ပို့၍ ပြန်လာသည့် လှည်းများဖြစ်သည်။ ထိုစဉ်က ကျွန်တော် အရက်မသောက် တတ်သေး၊ ထို့ကြောင့် ထမင်းစောစော စားတတ်၏။ ထမင်းစောစော ပြင်ခိုင်း လိုက်သည်။ ခွဲရုံးအဖွဲ့များ ညနေစာစားရန် ပြင်ဆင်ပေးနေစဉ် ရဲဘော်လှထွန်း ကုပ်ချောင်းကုပ်ချောင်းနှင့် ကျွန်တော့်အနား ရောက်လာသည်။

"တပ်ခွဲမှူး၊ လှည်းဝိုင်းမှာ မအေးကြည်တို့ မောင်နှမ တွေ့ခဲ့တယ်၊ သူတို့လဲ ထမင်းစားကြမလို့တဲ့၊ ကျွန်တော့်ကို တွေ့တော့ တပ်ခွဲမှူးကို ထမင်း အတူ လာစားဖို့ပြောပေးပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါ့မလား ဟောကောင်ရာ"

"ရပါတယ် တပ်ခွဲမှူးရဲ့၊ ကျွန်တော်တို့ လာပို့မှာပေါ့"

တပည့်ကျော်၏ တိုက်တွန်းအားပေးမှုကြောင့် သူတို့မောင်နှမနှစ်ယောက်နှင့်အတူ ထမင်းသွားစားဖြစ်တော့ သူတို့ အထူးဝမ်းသာနေကြ၏။ စောမောင်ဝင်းက ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားပီသသူဖြစ်၏။ အသက်ကတော့ ကျွန်တော့်ထက် နှစ်နှစ်၊ သုံးနှစ်ငယ်မည်ထင်၏။ စကားလည်းနည်းသည်။

"ညီမလေးက ဗိုလ်ကြီးနဲ့ ပိန္နဲတောမှာ တော်တော်ခင်ခဲ့တယ်လို့ပြောတယ်"

ဟု တစ်လုံးသာ ဆို၏။ ထမင်းစားပြီး စကားပြောကြတော့ သူက ခပ်လှမ်းလှမ်းသွား၍ ဆေးတံတစ်ချောင်းထုတ်ကာ သောက်နေ၏။ ကျွန်တော်က ဆေးလိပ်သောက်တတ်သူမဟုတ်တော့ အားနာသည် ထင်ပါ၏။ မအေးကြည်နှင့် ကျွန်တော်သာ အပြန်အလှန်စကားပြောဖြစ်ကြသည်။

"မအေးကြည်က ကိုမောင်ဝင်းကို ကျွန်တော်နဲ့ ခင်တယ်လို့ပြောထားတယ်ဆို"

"ဟုတ်ပါတယ်"

"ဟင်…စကားလဲ ဟုတ်တိပတ်တိ မပြောဘူးပဲနဲ့ ဘယ်လိုလုပ်ခင်နိုင်မလဲ၊ နေပါအုံး၊ အဲဒီမှာ နေတဲ့ နှစ်ရက် သုံးရက်မှာ ကျွန်တော်တို့ကို ဘာလို့စကားမပြောတာလဲ"

"ဗိုလ်ကြီးကမှ စကားမပြောပဲ ကျွန်မက ဘယ်လိုလုပ်ပြောရဲမလဲ"

"ဈေးရောင်းတာပဲဗျာ၊ ပြောရမှာပေါ့"

"ကျွန်မက ဈေးသည်အစစ်မှ မဟုတ်ဘဲ၊ ဒေါ်လေးတို့ဆိုင် ဈေးကူရောင်းပေးတာ ကျွန်မ ကျောင်းသူပဲဥစ္စာ"

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



သူမ၏ စကားဆုံးသည်နှင့် ကျွန်တော်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တခစ်ခစ်နှင့် ရယ်မောလိုက်ကြ၏။ မီးရောင်အောက်တွင် သူမ၏ ဖြူနုသော မျက်နှာလေးမှာ ပီအိ တကယ့်ကျောင်းသူလေးမှန်း သိသာလှပါသည်။ ကျွန်တော်တို့ စကားပြောနေသည်ကို တပ်သားလှထွန်းက မကြားချင်ယောင်ဆောင်နေသည်။ စကားပြောရင်း တဖြည်းဖြည်း ညဥ့်နက်လာ၏။ ပြန်မှ သင့်မည်ထင်သည်။ မနက်လည်း ခရီးဆက်ရဦးမည်ဖြစ်ရာ-

"ကဲ…မအေးကြည်၊ ပြန်ပါဦးမယ်၊ အလုပ်တွေက ရှိသေးတယ်လေ"

နေ့ပူလို့ ညချမ်း၊ တပေါင်းလသရမ်းမို့ ညရောက်တော့ အနည်းငယ်အေးလာ၍ မီးဖိုထားရသည်။ မီးရောင်အောက်တွင် မအေးကြည်၏ ချစ်စဖွယ်ငယ်နုချောမောသော မျက်နှာဝိုင်းဝိုင်းကလေးအား ကျွန်တော် မြင်နေရသည်။ ရှည်လျားကော့ညွတ်သော မျက်တောင်များအောက်မှာ မျက်လုံးဝိုင်းဝိုင်းလေးများက သူမ၏ နှုတ်ခမ်းပါးလေးနှင့် လိုက်ဖက်လှ၏။ စိုပြေသော အသားအရည်နှင့် နုနယ်ပျိုမြစ်သော အသက်အရွယ်ကြောင့် သူမ အလှအပတွင် အတန်ကြာအောင် ကျွန်တော် ငေးမောနေမိ၏။ ကြာကြာနေလို့တော့ မသင့်တော်တော့ပါ။ ထို့ကြောင့် စကားကို အတင်းဖြတ်ကာ နှုတ်ဆက်ပြီး ထပြန်ခဲ့ရပါတော့သည်။

"လေးကော ရောက်ရင် ဝင်ခဲ့ပအုံးနော်"

သူမက တိုးတိတ်ညင်သာစွာ ပြောလိုက်ရာ ကျွန်တော်က ခေါင်းညိတ်ပြလိုက်၏။ ထိုညက တော်တော်နှင့် အိပ်မပျော်။

အင်း…နွေဦးအိပ်မက်တစ်ခု သွားမက်လိုက်မိပြီ ထင်ရဲ့။

* * *

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်လေးနာရီတွင် ဝင်းတပမှ ထွက်ခဲ့ရသည်။ လမ်းတွင် ပစ်ခတ်မှုဖြစ်၍ ကားလမ်းနှင့် ဒုံသမိချောင်းကြားတွင် ဟိုရှင်းဒီရှင်း လိုက်ရှင်းနေရ၏။ ထို့ကြောင့် လေးကေသို့ သုံးလေးရက်ကြာမှ ရောက်သွားသည်။ ရောက်တော့လည်း မနားလိုက်ရ၊ ကျသောင်းဆိပ်ဘက်တွင် ကေအင်န်ယူ တပ်မဟာ (၁) မှူး ကျော်ဟိုးသတင်းပေါ်နေ၍ ဆက်ထွက်ခဲ့ရသည်။ ကျွန်တော့် တပ်ခွဲက ပွိုင့်၊ ထို့ကြောင့် ကိုယ်တိုင်ကြီးကြပ်နေရ၏။ ကျော်ဟိုးဆိုတာ အလစ်ပေး၍မရ။ ထို့ကြောင့် လေးကေရောက်တော့ မအေးကြည်ကိုလည်း ဝင်မတွေ့နိုင်တော့။ ကျသောင်းဆိပ်သို့ ခရီးဆက်ခဲ့ရသည်။ ကျသောင်းဆိပ်နှင့် ပျဉ်းမပင်ဆိပ်အနီးတွင် သွားလိုက်၊ လာလိုက်နှင့် အတော်လေးကြာသွား၏။ ကျွန်တော့်တပ်ခွဲ လေးကေကို လုံးဝပြန်မရောက်တော့။ ဗိုလ်စိုးဝင်းတပ်ခွဲသာ နှစ်ခါလောက် ပြန်ရောက်သွားသည်။

"ဟော့…ကိုသက်ဦး။ လေးကေက မအေးကြည်ဆိုတဲ့ ခပ်ချောချောကောင်မလေးက ခင်ဗျားကို မေးတယ်ဗျာ၊ ကိုယ့်လူ ဘာတွေလုပ်ခဲ့လဲ"

"ဘာမှမလုပ်ခဲ့ရပါဘူး အစ်ကိုရာ၊ သူ့ဆိုင်သွားတည်းမိလို့ စကားလေးဘာလေး ပြောမှုးတာပါ"

ဗိုလ်စိုးဝင်းက ကျွန်တော့်ကို စူးစမ်းသည့်အကြည့်ဖြင့် မေး၍ ကျွန်တော်က အထက်ပါအတိုင်း ပြန်ဖြေလိုက်၏။

"ကျွန်တော် အဲဒီကို နှစ်ခေါက်ရောက်တာ နှစ်ခေါက်လုံး ကောင်မလေးက ခင်ဗျားချည်းပဲ မေးနေလို့ဝါ"

"ဩော်…ဒါကတော့ သူက တကယ်ခင်နေလို့ ဖြစ်မှာပါ"

ကျွန်တော်က အထက်ပါအတိုင်း ပြန်ပြောလိုက်မိပါသည်။ ဝင်းတပတွင် ဆုံသည့်ညက မီးပုံဘေးမှ ကျွန်တော် ထလာတော့ မအေးကြည်၏





မျက်လုံးအစုံတွင် တစ်စုံတစ်ရာကို ကျွန်တော် မြင်လိုက်မိပါသည်။ လေးကေကို တတိယအကြိမ် ပြန်ရောက်ချိန်တွင် တွေ့ရသည့် ဓာတ်ပုံမှ မျက်လုံးများထဲတွင် ထိုတစ်စုံတစ်ရာကို ကျွန်တော် တွေ့နေပါသေးသည်။

"ခွင့်လွှတ်ပါ မအေးကြည်၊ ကျွန်တော်ဟာ စစ်သားတစ်ယောက်ပါ၊ သစ္စာလေးချက်ကို ဦးထိပ်ရွက်နေရတဲ့သူပါ၊ ကျွန်တော် မလိမ်ရဲပါဘူး၊ လိမ်လဲ မလိမ်ဝံ့ပါဘူး၊ အဲဒီတုန်းက ကျွန်တော့်မှာ မိန်းမနဲ့ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက် ရှိပါတယ်၊ မအေးကြည်တို့အမျိုးတွေပါပဲ"

* * *

ကြာတော့ ကြာခဲ့ပါပြီ။ အားလုံးပြန်ပြီး ကြည့်လိုက်တော့ အနှစ်သုံးဆယ်လောက်တောင် ရှိနေပြီပဲ၊ ဒါပေမယ့် မအေးကြည်တို့ရဲ့ လေးကေကိုတော့ အထူးတလည် သတိရနေဆဲပါ။ ဒီလို ရာသီရောက်တိုင်း လေးကေကို အစဉ်အမြဲ သတိရလျက်ပါ။

သောင်းဝေဦး

၄-၁၂-၂၀၀၁



www.burmeseclassic.com

www.burmeseclassic.com

# ငါ့သားများ စစ်ထဲဝင်ရင်လေ

## ငါ့သားများ စစ်ထဲဝင်ရင်လေ

**ငါ့သားများ စစ်ထဲဝင်ရင်လေ၊ သူ့ကို ပြောလိုက်စမ်းပါကွာ၊ စစ်တပ်ဆိုတာ အမှန်သာ လိုက်နာနိုင်ရင် တကယ့်ယောက်ျားမြတ် ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့။**

စစ်သည်တော်ဟောင်းကြီးတစ်ဦး၏ အထက်ပါ အဆိုအမိန့်အား ရန်ကုန်မြို့ ပြည်လမ်းမကြီးဘေးရှိ ဟိုတုန်းက စစ်သားစုဆောင်းရေးတပ်၌ စစ်ထဲဝင်ရန် အလာမှာ မောင်မောင် စတင်မြင်ဘူးသည်။ စစ်သားစုဆောင်းရေးတပ်၏ တန်းစီကွင်းရှေ့တွင် ကြီးမားသော ဆိုင်းဘုတ်ကြီးနှင့် စိုက်ထူထားခြင်းဖြစ်၏။

လွန်ခဲ့သည့် အနှစ်သုံးဆယ်ကာလ သို့မဟုတ် ၁၉၆၆ ခုနှစ်၊ နှစ်ဦးအစက မောင်မောင် မအုမလည်နှင့် စစ်ထဲဝင်ခဲ့သည်။ စစ်တပ်အကြောင်း၊ အကောင်းအဆိုး ဘာဆိုဘာမှ သိသည်မဟုတ်။ ကိုယ့်ကိစ္စနှင့်ကိုယ်၊ ကိုယ့်ခံစားချက်နှင့် ကိုယ်၊ စစ်ထဲဝင်လာခဲ့ခြင်းသာ ဖြစ်၏။ ရယ်တော့ရယ်ရပါသည်။

* * *

**လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေက ကြာခဲ့ပါပြီလေ။

အခုတော့ မအူမလည် စစ်သားလေးဘဝမှ ယောက်ျားမြတ်တွေ ဖြစ်စေနိုင်တဲ့တရားတွေ သင်ကြားပေးခဲ့တဲ့ စစ်ကျောင်းကြီးတစ်ခုမှာပင် မောင်မောင်တစ်ယောက် အာစရိယပိုဏ်းဝင် ကျောင်းအုပ်ဆရာကြီးတစ်ယောက်တောင် ဖြစ်လာခဲ့ပါပြီ။

ဗိုလ်လောင်းရွေးချယ်ရေးတွင်လည်း မကြာခဏ တာဝန်ယူနေရပါသည်။ ယခုလည်း မင်္ဂလာဒုံဗိုလ်ရွေးအဖွဲ့တွင် ဘွဲ့ရဗိုလ်လောင်းများ ရွေးနေရသည်မှာ လေးရက်ရှိပြီ၊ ယနေ့ နောက်ဆုံးရက်ဆိုတော့ အပြတ်ဖြတ်ရမည်။ ကြည်း၊ ရေ၊ လေ ဖြစ်၍ ဖြေသူများလှ၏။ နောက်ဆုံးဖြေသူ လူငယ်လေး ဝင်လာတော့ ညနေလေးနာရီထိုးပြီ။ ဘုတ်အဖွဲ့အတွင်းရေးမှူးက အနည်းငယ် စစ်ဆေးသည်။ ကျန်အဖွဲ့ဝင်များကလည်း အသီးသီး မေးကြသည်။ လူငယ်လေးက မေးခွန်းတိုင်းအား ကောင်းမွန်သွက်လက်စွာ ဖြေနိုင်ပါသည်။ ကျန်အမှတ်များကလည်း ကောင်းနေသဖြင့် ကျေနပ်စရာပါ၊ ရွေးမည်ဆိုပါ လွတ်လွတ်ကျွတ်ကျွတ် ရွေး၍ရသည်။ အားလုံးပြီးတော့ အတွင်းရေးမှူးက မောင်မောင်အား…

"ကဲ…ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး…မေးပေးပါအုံးခင်ဗျာ"

"မင်းနာမည်က သက်လွင်အောင်နော်၊ အသက်နှစ်ဆယ့်လေးနှစ်၊ စက်မှုအင်ဂျင်နီယာဘွဲ့ရဟုတ်လား"

မောင်မောင်က စမေးသည်။ စိတ်ထဲတွင်တော့ ဒီမျက်နှာဝိုင်းဝိုင်းလေးကို ကြည့်ရတာ သူ အလွန်ရင်းနှီးခဲ့သည့် ဟိုတုန်းက အသိအကျွမ်းတစ်ယောက်ယောက်နှင့် တူသလိုလိုပင်၊ မည်သူဆိုသည်ကို ဖော်လို့တော့မရ။

"ဟုတ်ပါတယ်ခင်ဗျာ"





"နေပါအုံးကွာ…မင်းက စက်မှုအင်ဂျင်နီယာဘွဲ့ရပြီး ကြည်း၊ ရေ၊ လေ သုံးခုစလုံးမှာ ဘာဖြစ်လို့ ကြည်းတစ်ခုထဲ လျှောက်ရတာလဲ"

"ကျွန်တော်က ကြည်းရွာပ်ပဲ ဝါသနာပါလို့ပါခင်ဗျာ"

"မင်းမိဘတွေက ဘယ်ကလဲ"

"ဦးကိုကိုအောင်နဲ့ ဒေါ်ထားထားပါခင်ဗျာ၊ ရန်ကုန်ကပါ…ဖေဖေက ရေတပ်က အငြိမ်းစားဗိုလ်မှူးပါ၊ တပ်ကနေပြီး နယ်ဘက်ပြောင်း အမှုထမ်းနေရာက မနှစ်က ဆုံးသွားပါပြီခင်ဗျာ"

သူ့အဖြေကို မောင်မောင် ချက်ချင်း စိတ်ဝင်စားလာသည်။

"ဪ…မင်းအမေကရော ဘာလုပ်လဲကွ"

မောင်မောင်က ကိုယ်ရေးရာဇဝင်ဖိုင်အား လှန်ကြည့်ပြီး ဆက်မေးလိုက်ရာ-

"မေမေက အထက်တန်းပြဆရာမကြီးပါ ခင်ဗျာ"

"အခု မင်းတို့နေတော့ရော"

"ဖေဖေ မဆုံးခင်က ဦးဝိစာရအိမ်ရာမှာနေပြီး အခုတော့ ပုဇွန်တောင်က အဖွားအိမ်ပြောင်းနေပါတယ်"

"မင်းအဖွားက ဘယ်သူလဲကွ"

အဖွား ဘယ်သူလဲဟု မေးခံလိုက်ရသည်ကို သက်လွင်အောင်က ရုတ်တရက် အံ့ဩသွားဟန်နှင့်…

"အဖွားသက်…အဲ…ဒေါ်သက်ပါခင်ဗျာ"

"အင်း…သေချာသွားပါပြီ၊ ဪ…လက်စသတ်တော့ မမထားသားနဲ့မှ လာတိုးနေတာကိုး၊ ဒါကြောင့် ဒီမျက်နှာလေး မြင်ဖူးပါတယ်လို့ ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်အတွေးအား ချက်ချင်းရပ်၍ မောင်မောင်က-

"အေး...အေး၊ သက်လွှင်အောင် ရပါပြီကွာ၊ ကဲ...ကဲ...မင်းသွားနိုင်ပါပြီ"

ဟု ဆိုလိုက်သည်။

နောက်ဆုံးဖြေဆိုသူလေးက အခန်းတွင်းမှ ဦးညွတ်ပြီး ထွက်ခွာသွားပါသည်။

"ဩော်...မမထားရယ်၊ မမရဲ့ သားနဲ့မှလာပြီး ကြုံရပလေ"

စစ်သားဟောင်းကြီး မောင်မောင်တစ်ယောက် တန်းဖြုတ်ပြီး ရိပ်သာအပြန်တွင်တော့ ဟိုအတိတ်ကို တမ်းတပြီး လွမ်းရမလိုလိုနဲ့ ကြာတော့လည်း ကြာခဲ့ပါပြီလေ။ ဒါပေမယ့်...

＊＊＊

၁၉၆၄ ခုနှစ်က ဖြစ်ရပ်များ။

မောင်မောင်နဲ့ ထားထားတို့သည် ရန်ကုန် (ဃ)နယ်ပညာအုပ်ရုံးမှ အထူးမူလတန်းပြဆရာများ လောကတွင် ကျော်ကြားသော အတွဲကလေးတစ်တွဲ ဖြစ်သည်။ မကျော်ကြား၍လည်း မရပါ။

မောင်မောင်က ယောက်ျားလေးဆိုပေမယ့် လူက အသားဖြူဖြူ ကြူပင်လို နွဲ့နွဲ့၊ ဝေဝဲကျနေသည့် ဆံနွယ်ခွေများနှင့် ပါးပါးလျားလျားလေး။

ထားထားကတော့ အသားလတ်၍ လှပကျော့ရှင်းပြီး တောင့်တင်းကြွံနိုင်သည့် ကိုယ်လုံးကိုယ်ထည်နှင့် အမြဲလိုလို သပ်သပ်ရပ်ရပ်၊ တစ်ပတ်လျှိုဆံထုံးတွင် နှင်းဆီပန်းတစ်ပွင့်နဲ့ ရခိုင်ချိတ်လုံချည်၊ အင်္ကျီလက်ရှည်နဲ့ မြန်မာဆန်ဆန်လှပသူ။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



အဆိုတော်ကြီး ကိုမင်းနောင်ရဲ့ **"တက္ကသိုလ်ကျောင်းသူတစ်ဦး"** သီချင်းထဲကအတိုင်း-

**"တစ်ပတ်လျှိုဆံထုံးကျော့မှာ ××× တစ်ပွင့်ပန်းပန်ကာ ××× နုဝါသွေး ရှုကာဝေး ××× လက်ရှည်ထုတ်ထုတ်လေး ဝတ်ကာ ××× ကြက်သွေးနီနီ ××× ထဘီပန်းခက်ယဉ်သထက်ယဉ်တာ ××× နက်မှောင်ကွန့်မြွှိုပါ ××× လှပယဉ်ကျေးပုံတော်လေးနဲ့ပါ"** ဟု ဆိုရပါမည်။

ထိုစဉ်က မောင်မောင်က အသက်ဆယ့်ကိုးနှစ်ကျော်၊ နှစ်ဆယ်ပင် မပြည့်တတ်သေး၊ ထားထားကတော့ မောင့်မောင့်ထက် လေးနှစ်ခန့်ကြီးသည်။ ထို့ကြောင့်လည်း အပေါင်းအသင်းများက သူတို့အတွဲကို မမထားနဲ့ အပါဟု လည်း အမည်သညာ ပေးထားကြပါ၏။

ဒီအတွဲက အတော်သဲသည်။

သူတို့တာဝန်ကျရာ စာသင်ကျောင်းတွင်ပင်သာမက သူတို့ နောက်ဆုံးနှစ်တက်ရာ လုပ်သားကောလိပ်တွင်လည်း တပူးပူးတတွဲတွဲ၊ စားအတူ သွားအတူ၊ လာအတူ ဘာသာတွဲကလည်း တူသဖြင့် အတန်းတက်လည်း အခန်းတူ၊ ကုန်ကုန်ပြောရလျှင် ညအတန်းပြီး၍ ပြန်ရာတွင်ပင် ကျောင်းသူများ ဖယ်ရီကားဖြင့် မောင်မောင်က ထားထားနဲ့အတူ လိုက်ထိုင်ပြီး ပြန်တတ်သည်။ လွှန်ကြင်ငှက်မောင်နှံလို မခွဲနိုင် မခွာရက်၊ ဒါကို ထားထားကလည်း ကျေနပ်နေသူ၊ ထိုင်တာ နည်းနည်းဝေးရင်တောင် "မောင်မောင်...ဒီတက်တိုးလေ"ဟု ပြောတတ်သူ၊ ဒါကို သေးက "ဟင်း...သဲကိုသဲတယ်" ဟု မေးငေါ့ကြ၏။

ဒီလို တပူးတွဲတွဲနဲ့ သဲခြင်း၊ ကဲခြင်းကြောင့်လည်း သူတို့အတွဲက နာမည်ကျော်ချင်းပါ။

＊＊＊

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ကြိုဘွဲ့ရ မူလတန်းပြဆရာသင်တန်းတွင် မောင်မောင်နဲ့ ထားထားတို့ စတင်ရင်းနှီးခဲ့ကြသည်။

တစ်ပတ်လျှိုဆံထုံးနှင့် နှင်းဆီနီတစ်ပွင့် အမြဲပန်တတ်သည့် မြန်မာဆန်ဆန် အလှပိုင်ရှင် ထားထားကို သင်တန်းအစမှာပင် မောင်မောင်က သတိပြုမိခဲ့သည်။ ရန်ကုန်လို နေရာမျိုးတွင် ထားထားရဲ့ မြန်မာဆန်ဆန် အလှမျိုးက ခပ်ရှားရှား မဟုတ်လား။

သည်လိုပင် သင်တန်းသားအားလုံးတွင် အသက်အငယ်ဆုံးဖြစ်သူ မောင်မောင်အားလည်း ထားထားက သတိထားမိသည်။ ယောကျ်ားလေးဆိုပေမယ့် အသားကဖြူဖြူ၊ လူကနွဲ့နွဲ့၊ စကားကို အေးဆေးညင်သာစွာ ပြောတတ်သူ၊ ရစ်ဝဲကျနေသော ဆံနွယ်ခွေများအောက်မှာ အစဉ်ရီဝေညှို့မှောင်နေသော မျက်လုံးများနှင့် ဝမ်းနည်းဟန်ပေါက်နေတတ်သူ၊ မိန်းကလေးများကဲ့သို့ ပါးတွင်းပါးချိုင့်ကလေးရှိသူ၊ သင်တန်းတွင် စာအတူးကြိုးစား၍ ဉာဏ်ပညာ ထက်မြက်သူ၊ ရခိုင်လုံချည်အနီနှင့် ကော်လာမပါ တက်ထရွန်အင်္ကျီ အဖြူရောင် လက်ရှည်အမြဲဝတ်ပြီး အညိုရောင် တိုက်ပုံအင်္ကျီကို ဘယ်ဘော့မှ မချွတ်ဘဲ ဝတ်တတ်သည့် လူကြီးလေးလိုနေသူ၊ ဤသို့သော မောင်မောင်အား ထားထားက စတင်ခင်မင်ရင်းနှီးစကပင် ဘယ်ရေးရေစက်ကြောင့်မှန်းမသိ၊ မောင်ငယ်လေးသဖွယ် သံယောဇဉ် တွယ်ငြိမိခဲ့ပါ၏။

* * *

သင်တန်းပြီးတော့ ရန်ကုန်၊ ပုဇွန်တောင်က မူလတန်းကျောင်းတစ်ခုမှာ အတူတာဝန်ကျပြန်သည်။ ထားထားက ပုဇွန်တောင်ဘူတာရုံအနီးက လမ်းတို့





လေးတစ်ခုထဲတွင် အမေတို့၊ အစ်မကြီးတို့နဲ့နေသူ။ မောင်မောင်က ပုဇွန်တောင်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှ နေပြီး ဘဝကို ပင်ပန်းချို့တဲ့စွာ ရုန်းကန်ရင်း ကိုယ့်ကျောင်းစရိတ် ကိုယ်ရှာ၍ တက္ကသိုလ်တက်နေရသူ။

မူလတန်းပြ ဆရာဘဝတွင် တစ်ကျောင်းထဲကျ၍ လူချင်းပိုမိုရင်းနှီးလာသောအခါ မောင်မောင် ဆိုသည်မှာ မြန်မာနိုင်ငံအထက်ပိုင်း မီးရထားလမ်းဘေးမြို့ကလေးတစ်မြို့က မိဘမဲ့သား၊ ငယ်စဉ်ကပင် အမျိုးဘုန်းကြီးက ကောက်ယူမွေးစား၍ ကျောင်းထားပေးခဲ့သူ၊ ဉာဏ်ပညာထက်မြက်၍ ပညာလိုလားပြီး အတူးစာကြိုးစားသူဖြစ်သဖြင့် အသက်ငယ်ငယ်နှင့် ဆယ်တန်းအောင်လာသူ၊ မွေးစားဖခင် ဘုန်းကြီး၏ စီစဉ်ပေးမှုဖြင့် ပုဇွန်တောင်ရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှနေပြီး ရန်ကုန်တက္ကသိုလ်တက်နေသူ၊ ဒါတွေကို ပြည့်ပြည့်စုံစုံ သိလာရသည်။

မောင်မောင်ဘဝကို သိလာရသည်တွင် ထားထား မောင်မောင့်ကို "‌ဩော်…သူ့ခင်များ ငယ်ငယ်ရွယ်ရွယ်နဲ့ သနားစရာပဲ" ဟု ဂရုဏာသက်မိပါသည်။ ဘဝကို ပင်ပန်းချို့တဲ့စွာ တစ်ဦးတည်း ရုန်းကန်နေရှာသည်ကို သနားသည်။ မောင်လေးအရွယ်မို့ မောင်လေးလိုတစ်မျိုး။ ဘဝတူ ကျောင်းဆရာအဖြစ်သာမက လုပ်သားကောလိပ်တက်ဖော်တက်ဖက်မို့ သူငယ်ချင်းလိုတစ်မျိုး သံယောဇဉ်ဖြစ်ခဲ့ရပါသည်။ နောက်ဆုံးတော့ ထိုကဲ့သို့သော အကြောင်းနာများစွာနဲ့ မောင်မောင့်ကို သဒ္ဓါပိုပြီး ချစ်သူလိုပါ ထားထား ချစ်ခဲ့မိပါသည်။

မောင်မောင်ကလည်း ဘဝမှာ အထီးကျန်ဆန်စွာ တစ်ယောက်တည်းနေခဲ့ရာမှ ထားထားနဲ့ တွေ့ခဲ့ရရာ အဖေ၊ အမေ သာမက သူ့ဘဝမှာ အစ်မပင်မရှိဘူးသူမို့ ထားထားကို ချစ်သူလိုသာမက အစ်မလိုပါ ပွတ်သီးပွတ်သတ်ဖြင့် မပြတ်တွယ်တာချစ်မိခဲ့ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



မမြင်နိုင်သည့် သံယောဇဉ်နှောင်ကြိုးက အစကတည်းက တင်းခဲ့ချေပြီတည်း။

* * *

ထားထားတို့က မောင်နှမငါးယောက်၊ ရန်ကုန်ကြီးတွေ။

အစ်မကြီးဌေးဌေးက အကြီးဆုံး အပျိုကြီး၊ အဖေက အစိုးရအမှုထမ်းပင်စင်စားအရာရှိကြီး၊ ကွယ်လွန်ခဲ့ပြီးပြီ။ အဖေ ဆုံးပြီးကတည်းက ဌေးဌေးက ထားထားတို့ကို ထိန်းလာတာ၊ ဌေးဌေးအောက်မှာ ကိုစိုး၊ ကိုမျိုး၊ ကိုတိုးတို့ ညီအစ်ကို သုံးယောက်ပြီးတော့မှ ထားထားက အငယ်ဆုံး။

ထားထားက ငယ်ငယ်က အစ်ကိုတွေနဲ့ တရုန်းရုန်းနေလာသည်မို့ နွဲ့နွဲ့နှောင်းနှောင်းနဲ့ မိန်းကလေးလို မနေတတ်လှ၊ အစ်ကိုတွေ တစ်ယောက်ပြီးတစ်ယောက် စစ်ထဲဝင်သွားကြမှ အစ်မကြီး ဌေးဌေးရဲ့ သွန်သင်မှုအောက်မှာ ကြီးပြင်းလာခဲ့သူ အငယ်ဆုံးဖြစ်၍ အားလုံးရဲ့ အလိုလိုက်မှုကို ခံခဲ့ရသူ။

အစ်မကြီး ဌေးဌေးက သူနာပြုဆရာမကြီး၊ အရင်က စစ်ဆေးရုံမှာလည်း လုပ်ဖူးသေးသည်။ ဖေဖေ့ကျန်းမာရေးကြောင့် အလုပ်က နားပြီး အိမ်မှာ အမေ့ကို ပြုစုနေရသူ၊ အမေက အသက်ကြီးပြီ၊ အမေ့ကိုယ်စား ထားထားကိုလည်း သူပဲ ထိန်းလာတာ၊ အစ်မကြီး အမိအရာ၊ အမေ ဒေါ်သက်က အဖေ ဦးညို ဆုံးပြီး အသက်ငါးဆယ်ကျော်လောက်ကတည်းက စချူချာလာသည်။

အမေက သူ့သမီးလေး ထားထားကို စိတ်မချ၊ သူ့မျက်စေ့မမှိတ်ခင် အိမ်ထောင်ချထားပေးချင်သည်။ သားငယ် ကိုတိုးနဲ့ ရေတပ်ထဲ အတူဝင်သည့် ဗိုလ်ကြီး ကိုကိုအောင်နဲ့ မနှစ်က စေ့စပ်ပေးထားသည်။ ကိုကိုအောင်က ငယ်





ငယ်ကတည်းက ထားထားကို ကိုတိုးနဲ့ ပတ်သက်ပြီး အိမ်ကို ဝင်ထွက်ရာမှ တွေ့မြင်ချစ်ခင်သဘောကျလာနေသူ၊ မျိုးကောင်းရိုးကောင်း၊ ထားထားကို လာပြီး စေ့စပ်တော့လည်း အဆင့်အတန်းရှိရှိမို့ အားလုံးက ကျေနပ်ကြသည်။ ထားထားကိုလည်း ဘွဲ့ရပြီးကတည်းက ကိုကိုအောင်နဲ့ လက်ထပ်ဖို့ အားလုံးက ဝိုင်းပြီး သဘောတူ နားချထားကြသည်။

ထားထားကတော့ "အမေ့ဆန္ဒ ပြည့်ဝရပါစေမယ်" ဟု ကတိပေးခဲ့သည်။ ဗိုလ်ကြီး ကိုကိုအောင်ကိုတော့ ချစ်လှချည်ရဲ့ မဟုတ်ခဲ့ပါ။

မောင်မောင်နဲ့ ထားထားတို့ နေ့တွင် ကျောင်းဆရာလုပ်ရင်း ညတွင် ဝိဇ္ဇာနောက်ဆုံးနှစ်အတွက် လုပ်သားကောလိပ်တက်ကြသည်။ ယူသည့် ဘာသာတွဲက တူသည်။ နေရာချင်းကလည်း မဝေးလှသဖြင့် ထားထားတို့ အိမ်ကို ကျောင်းကိစ္စများဖြင့် မောင်မောင် အဝင်အထွက် များလာသည်။ တပူးပူးတတွဲတွဲနှင့် အသွားအလာတွေကလည်း များလာသည်။ ဒါကို စောင့်ကြည့်နေသည့် အစ်မကြီးဌေးဌေးက သိသည်။ သူလည်း ငယ်ရာက ကြီးလာတာပဲ၊ ရိပ်မိသည်ပေါ့။

"အင်း…စွန်ကလေးကတော့ ဝဲနေပြီ"

မောင်မောင်က မကြာခဏ ထားထားပန်ဖို့ရာအတွက် စပယ်၊ နှင်းဆီ၊ ဒေလီယာ စတဲ့ ပန်းများ ဝယ်လာတတ်သည်။ စာများ ကူးရေးပေးသည်။ ကျောင်းပိတ်ရက်များတွင် အိမ်လာပြီး ထားထားနဲ့ အကြာကြီးထိုင်ကာ အတူစကားပြောသည်။ ညနေ့နက်သန်းခေါင်မှ ပြန်တတ်သည်။ နောက်ပိုင်း ထမင်းပါစားတတ်လာသည်။ ဒါတော့ လွန်ပြီ။

"ကဲ…မရွှေထား၊ ညည်းဆရာလေးက ထမင်းတွေ ဘာတွေ ဝင်စားလို့ လွန်လာပြီ၊ ကြည့်လဲ လုပ်နော်၊ ဟင်း…တော်ကြာ အပျက်ပျက်နဲ့ နာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



သွေးထွက်မယ်၊ ခွေးကလေး အရောင် ပါးလျှက်နှားလျှက်နဲ့၊ မမကြီးကတော့ ဒီလောက် တပူးပူးတတွဲတွဲနေတာ မကြိုက်ဘူး၊ အမေနဲ့ ညည်းအစ်ကိုတွေ မျက်နှာပျက်အောင် မလုပ်နဲ့၊ ကိုကိုအောင်နဲ့ စေ့စပ်ထားတာလဲ မေ့မနေနဲ့ဦး"

"မမကြီးရယ်၊ မောင်မောင်က လူအေးလေးပါ၊ ထားထားကို ရိုးရိုးသားသားခင်တာပါ၊ ဘာမှမဖြစ်ပါဘူး၊ စိတ်မပူပါနဲ့၊ အခုဟာကလဲ အလုပ်အတူတူလုပ်နေရလို့ လာနေတာပါ"

ထားထားက မမမြွေးကို နှစ်သိမ့်ထားခဲ့သည်။ သို့ရာတွင်…

* * *

ထိုနှစ် ဆောင်းနှောင်းကာလ။

လုပ်သားကောလိပ်မှ စာမေးပွဲအောင်စာရင်းများ ထွက်လာသည်။ မောင်မောင်ရော ထားထားပါ ဝိဇ္ဇာအပိုင်း (ခ) အောင်မြင်ကြသည်။ ဘွဲ့ရပြီပေါ့၊ အညာက ထားထားတို့ ဆွေမျိုးတွေက ဒီအချိန်မှ အပူသက်သာသည်ဆို၍ အမေ့ကို ဘုရားဖူးခေါ်သည်။ အမေက တစ်ယောက်တည်း ဖြစ်နေသည်မို့ ထားထား ရုတ်တရက်ခွင့်ယူကာ အညာကို အမေနဲ့ ဘုရားဖူးလိုက်သွားရသည်။ တစ်ပတ်ခန့်ကြာသည်။ မြွေးမြွေး အိမ်စောင့်ကျန်ခဲ့သည်။ မောင်မောင် နှစ်ခါ၊ သုံးခါ လာသည်။ ထားထား မရှိ၍ နေမထိ၊ ထိုင်မထိ ဖြစ်နေပုံရသည်။ ထားထား ခွင့်တင်ပြီး ရုတ်တရက် ခရီးထွက်သွားတာ မောင်မောင် မသိလိုက်၊ မောင်မောင်က အစ်မကြီးမြွေးမြွေးနဲ့ကျတော့ ဘာစကားမှ သိပ်မပြော။

ထားထားတို့ ပြန်ရောက်လာသည်။ ထားထား မရှိတုန်း မောင်မောင်လာတာကို မြွေးမြွေးက မပြော၊ ထားထား ကျောင်းပြန်တက်သည်။ တစ်ရက်၊





နှစ်ရက်အကြာတွင် ထားထား အိပ်ရာရှင်းပေးရင်း ခေါင်းအုံးအောက်က စာကလေးတစ်စောင်တွေ့သည်။

**မမထား**

*အညာဘုရားဖူးသွားတာ ဘာလို့ပြောမသွားလဲ မမရယ်။ မမ မရှိတဲ့ လေးငါးရက် ကျွန်တော် လုံးဝ နေလို့မရဘူး၊ နေမထိ ထိုင်မထိပဲ၊ ကျောင်းမှာ စာလဲကောင်းကောင်းမသင်နိုင်ဘူး၊ နောက်တစ်ခါတော့ ကျွန်တော့်ကိုပစ်ပြီး အခုလို မသွားပါနဲ့၊ မမနဲ့ခွဲပြီး ကျွန်တော် မနေတတ်တော့ဘူး မမရယ်။*

**ချစ်သော မောင်မောင်**

ချစ်သော မောင်မောင်ဆိုပါလား။

အင်း…ရောဂါတော့ ညည်းနေပြီ။ ဒီအချိန်မှ ဆေးမကုရင် ရောဂါကျွမ်းတော့မည်။ မြွေးမြွေး စီစဉ်သင့်သည်ကို စီစဉ်လိုက်၏။

* * *

သိပ်မကြာလှပါ၊ ထားထားအိမ်မှာ မရှိသည့် တစ်ရက် မောင်မောင့်ကို သူပြောင်းရွှေ့နေရာ (၁၀၁) လမ်းရိပ်သာသို့ အရေးတကြီး မြွေးမြွေးက လူလွှတ်အခေါ်ခိုင်းသည်။ မောင်မောင် ရောက်လာတော့ ကြီးကြီးသက်နဲ့ မမမြွေးက မောင်မောင့်အား ပြောရန်ရှိသည့် စကားများကို ခပ်ပြတ်ပြတ်ပင် ပြောခြေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမိက ကတော့ မောင်မောင်နဲ့ ထားထား ဇာတ်လမ်း ရှေ့မဆက်ဖို့နဲ့ မောင်မောင် ရန်ကုန်က ထွက်သွားဖို့ပဲဖြစ်ပါ၏။ ဖြစ်နိုင်ရင် လောလောဆယ်မှာပင် မောင်မောင်က ထားထားကို အဆက်အသွယ်မလုပ်ဖို့လဲ ပါသည်။ မောင်မောင်က ထားထားကို ချစ်တယ်ဆိုရင်ပေါ့လေ။

''ဒီမယ် မောင်မောင်၊ မင်းကို တို့ပြောမယ်၊ ထားထားကို မင်း ချစ်သလား၊ အေး…ချစ်တယ်ဆိုရင်တော့ ထားထားကို ဒုက္ခမပေးနဲ့၊ ထားထားနဲ့ ဗိုလ်ကြီး ကိုကိုအောင်က စေ့စပ်ထားတာကြာပြီ၊ ဟိုး…ထားထား ကောလိပ်ရောက်စကတည်းကပဲ တို့က သူဘွဲ့ရရင် လက်ထပ်ပေးဖို့ လုပ်ထားပြီးသား၊ အဲဒါ လူကြီးတွေ စီစဉ်ထားတာ၊ ဒါတော့ အပျက်မခံနိုင်ဘူး''

''အဲ…နောက်တစ်ခု ပြောအုံးမယ်၊ မင်းလို ပျော့တိပျော့ဖတ်နဲ့ ယောကျ်ားနဲ့မတူတဲ့ မိန်းမလိုလူမျိုးလဲ ဒို့က မကြိုက်ဘူး၊ ထားထား အစ်ကိုတွေကဆို ဝေးရော၊ သူတို့က စစ်ဗိုလ်စစ်သားတွေကွ၊ သူတို့လို ကျားကျားယားယားမှ သဘောကျတာ''

''မင်းက ထားထားထက်လဲ အသက်ငယ်တယ်၊ မိဘမျိုးရိုးကလဲ ဘာမှန်းမသိ၊ ညာမှန်းမသိနဲ့၊ တို့က မျိုးမသိ ရိုးမသိ မျိုးမရှိ ရိုးမရှိတဲ့ မင်းနဲ့ ထားထားကို လုံးဝသဘောမတူဘူး၊ ထားထား မင်္ဂလာကိစ္စလဲ အပျက်မခံနိုင်ဘူး၊ အဲဒါကြောင့် တို့အိမ်လဲ မင်း လုံးဝမလာပါနဲ့တော့''

ဒါတွေက မမဌေးက ဒိုင်ခံပြောခဲ့သည်။

''ထားထားကို ဒီသင်္ကြန်အပြီးမှာ ဗိုလ်ကြီး ကိုကိုအောင်နဲ့ လက်ထပ်ပေးတော့မှာကွဲ့၊ အားလုံးစီစဉ်ထားပြီးပြီ''

တစ်ချိန်လုံး စကားတစ်လုံးမှ မပြောသည့် ထားထားအမေ ကြီးကြီးသက်က ဝင်ပြောသည်။





''မင်းလို နွံ့တဲ့တဲ့နဲ့ ယောကျ်ားလေးမျိုးကိုလဲ တို့သဘောမကျဘူးကွဲ့''

ကြီးကြီးသက်ရဲ့ စကားကြောင့် မောင်မောင် ဝမ်းနည်းရပါသည်။ မမထားအတွက် စွန့်စားရပါတော့ပါမည်။ ထားထားကိုလည်း သူ တကယ်ချစ်ခဲ့ပါသည်။

''ကျွန်တော် မမထားကို တကယ်ချစ်တာပါ၊ မမဌေးတို့ မကြိုက်ရင် ဒီအိမ်ကို နောက်ဘယ်တော့မှ မလာတော့ပါဘူး''

ပြောပြောဆိုဆို မောင်မောင် ချာကနဲ လှည့်ထွက်ခဲ့သည်။ တစ်ခါမှ ဒါမျိုးအပြောမခံခဲ့ရဘူး၍ စိတ်နာသည်၊ ပြီးတော့ ရှက်လည်းရှက်သည်။

''သြော်…ကျွန်တော်က မိန်းမလို လူမျိုးတဲ့ ဟုတ်လား၊ စစ်ဗိုလ်စစ်သားမှ သဘောကျတာတဲ့လား၊ ဒါဆိုလဲ ရပါတယ်၊ မောင်မောင်ပဲလေ၊ ကြည့်ကြသေးတာပေါ့''

မောင်မောင်က အံကြိတ်ကာ ကြုံးဝါးလိုက်၏။

**''ယောကျ်ားတံခွန် လူရည်ချွန်က၊ ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လဲ၊ မလွတ်စတမ်း ရမြဲလမ်းတည့်''** မဟုတ်လား၊ ဖြစ်ရမှာပေါ့၊ သူတို့ပြောတဲ့ စစ်ဗိုလ်စစ်သား။

* * *

ထားထားကို မတွေ့အောင် မောင်မောင် ရှောင်ခဲ့ပါသည်။ ကျောင်းမှ ခွင့်ယူလိုက်သည်။ ပြီးတော့ ဗိုလ်သင်တန်းလျှောက်သည်။ စစ်တပ်ထဲဝင်နိုင်ရန် ဘယ်သူ့ကိုမှမပြောဘဲ တိတ်တဆိတ် ကြိုးစားခဲ့၏။ ကံအားလျော်စွာ ဘွဲ့ရများ ဗိုလ်သင်တန်းခေါ်နေသည်နှင့် ကြုံနေ၍ မောင်မောင်အတွက် အခွင့်အလမ်းရ

www.burmeseclassic.com



ခဲ့သည်။ ဗိုလ်သင်တန်းအား အထူးကြိုးစားပြီး ဖြေသည်။ ကြိုးစားမှုရလဒ်ကြောင့် ဗိုလ်လောင်းအဖြစ် အရွေးခံရသည်။ ထားထားကတော့ ဒါတွေ သိလျှင်သိခြင်း မောင်မောင့်ကို မတွေ့တွေ့အောင် ရှာသည်။ အကြောင်းအမျိုးမျိုးကြောင့် တော်တော်နှင့် မတွေ့၊ သကြံန်ကျပြီး နှစ်ဆန်းတစ်ရက်နေ့တွင်တော့ သူတို့ကျောင်းလေးက ဆရာကန်တော့ပွဲမှာ မောင်မောင် မသွားမဖြစ် နောက်ဆုံးသွားလိုက်ရ၍ မမထားနဲ့ တွေ့ရပါတော့သည်။ မောင်မောင်က ထားထားအား စကားလည်း မပြော၊ ကြည့်လည်း မကြည့်၊ ဆရာ ကန်တော့ပွဲအပြီးတွင် ထားထားကိုတောင် နှုတ်မဆက်တော့ဘဲ ချက်ချင်းထွက်သွားသည်။ ထားထားက မောင်မောင့်အား သူ ငှားနေရာ ရိပ်သာလေးသို့ အတင်းလိုက်တွေ့သည်။ လူချင်းတွေ့ကြတော့ ထားထားက မောင်မောင့်ကို တွေတွေကြီးကြည့်ပြီး မျက်ရည်များကျလာသည်။

"မမထားကို မုန်းသွားပြီလား၊ မကြည့်ချင်တော့ဘူးလား မောင်မောင်ရယ်"

"ကျွန်တော် မမထားကို ဘယ်တော့မှ မမုန်းပါဘူးဗျာ၊ ဒါပေမယ့် မမထားရဲ့ အသိုင်းအဝိုင်းကိုတော့ကြောက်တယ်"

သူက လူငယ်ပီပီ ခံစားရ၏။ ထို့ကြောင့် ခံစားချက်အတိုင်းပြောဖြစ်သည်။

"မောင်မောင်ရယ်...မမထား မင်းကို တကယ်ချစ်ခဲ့တာပါ၊ အခုကိစ္စက ဟိုတုန်းကတည်းကကိစ္စပါ"

"ကျွန်တော် သိပါတယ်"

"အမေနဲ့ အစ်မ၊ အစ်ကိုတွေကြောင့် မမထား ဒီကိစ္စကို ဘယ်လိုမှ မလွန်ဆန်နိုင်ပါဘူးကွယ်"





"ဒါလည်း ကျွန်တော် သိပါတယ်"

"မောင်မောင်ရယ်...မင်း မမကို ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ်ဗျာ၊ တစ်ခါပါပဲ၊ မမထားအိမ်က ကျွန်တော့်ကို ယောကျ်ားနဲ့ မတူတဲ့ ကနွဲ့ကလျှနဲ့ ယောကျ်ားတဲ့၊ မကြိုက်ဘူးတဲ့၊ နောက် ဘယ်တော့မှ မလာပါနဲ့တဲ့ဗျာ၊ မမကို တကယ်ချစ်ရင် အနှောင့်အယှက်မပေးပါနဲ့တဲ့၊ ဖြစ်နိုင်ရင် ဒီက ထွက်သွားပါတဲ့၊ အဲ့ဒါကြောင့် မမနဲ့ မတွေ့အောင် နေတာပါဗျာ"

"ကျွန်တော်က တကယ်ပဲ ယောကျ်ားနဲ့ မတူဘူးလားဗျာ၊ ကျွန်တော်က ယောကျ်ားမဟုတ်ဘူးလား၊ ဒီမယ် မမထား...ကျွန်တော် မမထားကို ချစ်လွန်းလို့ လက်ဖျားနဲ့တောင် မထိခဲ့တာ မမ အသိပါ၊ ကျွန်တော် ယောကျ်ားပါဗျာ၊ ဒါကြောင့်လဲ ကျွန်တော် ဘယ်သူမှ မပြောဘဲ စစ်ထဲဝင်ခဲ့ပြီးပြီ၊ အခု တပ်ကလဲ ခေါ်နေပြီ၊ အဲဒါ နက်ဖြန် သင်တန်းတက်ဖို့ သွားရတော့မယ်၊ စိတ်ချပါ နောက်မတွေ့ရတော့ပါဘူး"

ထားထား အံ့သြရပါသည်။ ဘယ်တုန်းက လျှောက်လိုက်တာပါလိမ့်။

"ဟင်...ဒါဆို မောင်မောင် တကယ်သွားတော့မှာပေါ့"

"ဪ...မမထားရယ်၊ ဘယ်တုန်းက လိမ်ခဲ့ဖူးလို့လဲ၊ တကယ်သွားတော့မှာပါ၊ ဒါပေမယ့် မသွားခင်တော့ မမထားကို ကျွန်တော်လဲ သူများလို ယောကျ်ားဆိုတာ သိအောင်ပြမှာပါ"

ပြောပြောဆိုဆို မောင်မောင်က ဘယ်တုန်းကမှ မတို့မထိဘူးခဲ့သည့် လက်တောင်မကိုင်ခဲ့ဖူးသည့် ထားထားအား ခပ်ကြမ်းကြမ်းဖက်ပြီး ပါးနှစ်ဖက်အား အငမ်းမရ နမ်းလိုက်သည်။ ပါးပြီးတော့ နှုတ်ခမ်း။ နောက်တော့... နောက်တော့...



www.burmeseclassic.com

www.burmeseclassic.com



"အို...မောင်မောင်ရယ်"

ထားထားက မရှန်းဖြစ်ခဲ့။

"မမ...ကျွန်တော်ယောကျ်ားပါနော်"

"သြော်...မောင်ရယ်၊ မင်း ယောကျ်ားဟုတ်ပါတယ်ကွယ်"

"မမ ကျွန်တော့်ကိုရော တကယ်ချစ်သလား"

"ဘယ်လို မေးလိုက်တာလဲ မောင်ရယ်၊ မင်းကိုမချစ်ဘဲ မင်းဆီ လာပါ့မလား"

မောင်မောင်က ထားထားအား ပို၍ တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားလိုက်ပြန်သည်။ နှစ်ဦးစလုံးရဲ့ အသက်ရှူသံများက မြန်လာကြ၏။ ပါးချင်းလည်း အပ်မိကြပြန်သည်။ နှုတ်ခမ်းချင်းပါ ထိကပ်သွားကြ၏။ ထားထားဆီမှ သနပ်ခါးနံ့များ၊ နှင်းဆီပန်းနံ့များ၊ သုံးနေကျ ဂိုယာနှင်းဆီနက်ရေမွှေးနံ့များက မောင်မောင့်တစ်ကိုယ်လုံးရှိ အာရုံကြောများအတွင်းသို့ စိမ့်ဝင်စီးဆင်းသွားကြလေပြီ။

သွေးတို့ကလည်း ဆူပွက်ကုန်ကြပြီ ထင်၏။ ကမ္ဘာသစ်တစ်ခုထဲ ရောက်သွားကြသည်။ ကမ္ဘာဦးအစ အာဒံနဲ့ ဧဝတို့ကဲ့သို့ပင် သူတော်စင်တို့၏ ပညတ်ချက်အား သူတို့နှစ်ဦး ဖောက်ဖျက်ခဲ့ကြပါပြီတည်း။

ထားထားက မောင်မောင့်ကို သူမ ဘယ်လောက်ချစ်ကြောင်း၊ ထိုနေ့က လက်တွေ့ပြသွားခဲ့ပါသည်။ မောင်မောင့်အခန်းလေးက ညအတော်မိုးချုပ်မှ ပြန်သွားသည်။

* * *





နောက်တစ်နေ့တွင် မောင်မောင်တစ်ယောက် ပြည်လမ်းစစ်သားစုဆောင်းရေးမှတစ်ဆင့် မှော်ဘီဗိုလ်သင်တန်းကျောင်းသို့ ရောက်ရှိသတင်းပို့ပါသည်။

ထိုနေ့မှစ၍ စစ်တပ်ဆိုတာ ဘာလဲဆိုသည်ကို မောင်မောင် နဖူးတွေ့၊ ဒူးတွေ့ တွေ့ရပါတော့သည်။

တကယ်တော့ စစ်တပ်ဆိုသည်မှာ...

* * *

အရပ်သားဘဝမှ စစ်သားဘဝကူးပြောင်းရသည့် ကိုးလကျော်ဆယ်လနီးပါးကာလမှာ မောင်မောင့်အတွက် ပင်ပန်းပွန်းလှပါ၏။ မိုးလင်းမှ မိုးချုပ်တိုင် သင်တန်းဖယားများကအပြည့်၊ အားသည်၊ နားသည်ဆိုသည်မှာ မရှိခဲ့ပါ။ သင်တန်းစာများကတော့ စိတ်ပိုင်းရော၊ ရုပ်ပိုင်းပါ အရပ်သားဘဝကို ခဝါချပြီး စစ်သားဘဝကူးပြောင်းနိုင်အောင် စီစဉ်သင်ကြားပို့ချပေး၏။ သင်ကြားသည့် ဘာသာရပ်များကား-

စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်မြေပြင်၊ ကျွမ်းကျင်မှု၊ စစ်နည်းဗျူဟာဘာသာရပ်များ၊ ခန္ဓာကိုယ်ကြံ့ခိုင်ရေး။ ဒါ့အပြင် တပ်မတော်၏အား (၁၀)ပါးကို အထောက်အကူပြုစေသည့် ပို့ချချက်များ စုံလင်လှပါသည်။

စစ်တပ်နဲ့ အဆက်အစပ် လုံးဝမရှိဘူးသည့် မောင်မောင့်အတွက် အရာရာမှာ ထူးဆန်းနေပြီး အခက်အခဲများနဲ့ ကြုံရသည်။

စစ်ရေးပြမှား၍ မကြာခဏ တစ်ယောက်တည်းထွက်ပြီး လေ့ကျင့်ရသည်။ ရိုင်ဖယ်မနိုင်ဘဲ လွတ်ကျသဖြင့် အဆောင်ပတ်ပြီး ပြေးခဲ့ရပေါင်းလည်း မနည်းတော့၊ ခရီးရှည်ထိုးဖောက်ချီတက်ရာတွင် စက်လတ် မထမ်းနိုင်။ ခက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်းရေး၊ လေ့ကျင့်ခန်းများတွင် ဘူးစင်ကို မကူးရဲ၊ ကြိုးလွဲဆိုပြန်တော့ တွင်းထဲပြုတ်ကျနှင့် နည်းပြများ စိတ်ညစ်ကြရပါသည်။ မောင်မောင်လည်း စိတ်ညစ်ပါသည်။ အရာရာမှာ ချာတူးလန်၍ အယောင်ယောင် အမှားမှားပင် ကြာတော့ ထွက်ပြေးရရင် ကောင်းမလားတောင် စဉ်းစားမိ၏။ အရှက်ကြောင့် ယွက်မပြေးဖြစ်ခဲ့။

"မင်းလို ပျော့တိပျော့ဖတ် ယောကျ်ားလေးမျိုး ဒို့ကမကြိုက်ဘူး"

"ထားထား အစ်ကိုတွေကလဲ စစ်သားတွေ၊ ကျားကျားယားယားမှ သဘောကျတာ"

ထိုစကားများက မောင်မောင့်ကို ထွက်မပြေးအောင် တားနေကြသည်။

နောက်ဆုံးတော့ သင်တန်းသားသူငယ်ချင်းများ၏ ကူညီမှု၊ ဆရာများ၏ ဖေးမမှု၊ နည်းပြအရာရှိများ၏ နည်းကောင်းညွှန်ပြမှုများကြောင့် မောင်မောင် အလွန်ကြာသည်ဟု စိတ်တွင် ထင်ရသော သင်တန်းကာလအား နောက်ဆုံးတွင် အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပါသည်။

ဤတွင် မောင်မောင်တစ်ယောက် ရဲဘော်စိတ်ဆိုသည့် စကားကို ရေးရေးတော့ သဘောပေါက်စ ပြုလာပါသည်။

* * *

မောင်မောင် သင်တန်းတက်စ ဧပြီလကုန်ပြီးစ ကာလမှာပင် ထားထားလည်း အိမ်က သဘောတူထားတဲ့ ဗိုလ်ကြီး ကိုကိုအောင်နဲ့ လက်ထပ်သွားခဲ့၏။

မမထား သတင်းစကားကြားတော့ ပန်းပိတောက်တွေ ကြွေသည့် မော်ဘီမြေမှာ မောင်မောင့်အနေနဲ့ တန်ခူးလေနဲ့ လျော့တော့သည်ဆိုသည့်နယ် စိတ်ကို ဖြေလျော့ခဲ့ရပါ၏။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



တကယ်တော့လည်း သူ့မမထားက…

"မိဘမောင်ဘွား အစ်ကိုတွေကြားမှာ ယက္ခဂုဏ်ဘဏ်ဝန်းရံပတ်လို့ စောင့်ကြပ်တဲ့ နတ်ပန်းအာသာဝတီနွယ်" ဆိုတာ သူသိထားပြီးသားပါ၊ ကိုယ့်ချစ်သူကောင်းစားရေးအတွက် ခွင့်လွှတ်ရင်းနဲ့ နှစ်သိမ့်ရုံကလွဲပြီး မောင်မောင် ဘာမှ မတတ်နိုင်ခဲ့ပါပြီ။ ဒီဘဝအတွက် ဖူးစာပါမှ မပါကြဘဲ ဒီတော့ တန်ခူးလေနဲ့ လျော့တော့သည်ပဲပေါ့။

* * *

သင်တန်းပြီးတော့ ကရင်ပြည်နယ်တွင် မောင်မောင် တာဝန်ထမ်းဆောင်ရသည်။ တပ်မတော်က ပုံသွင်းပေးလိုက်သဖြင့် အရင်ကလို ဖြူဖျော့ဖျော့ ပျော့နွဲ့နွဲ့မဟုတ်တော့၊ ကြံ့ခိုင်တောင့်တင်းသည့် မောင်မောင် ဖြစ်လာသည်။ သင်တန်းကာလ အားလပ်ချိန်များတွင် အလေးမနှင့် ဂျူမ်းဘားကိုပါ တစ်နှစ်နီးပါး ပူးတွဲလေ့ကျင့်ခဲ့မှုက မောင်မောင့်ခန္ဓာကိုယ်အား နတ်ရေကန်ထဲ ချလိုက်သည့်အလား ကျားကျားယားယားနှင့် ယောကျ်ားပီသစေခဲ့သည်။ တပ်မတော်ရဲ့ ကျေးဇူးတရားများပါ။

ရုပ်ပိုင်းတွင်သာမက စိတ်ပိုင်းတွင်လည်း မြန်မာ့သမိုင်း၊ မြန်မာ့လွတ်လပ်ရေးသမိုင်း၊ မြန်မာ့တပ်မတော်သမိုင်း စသည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေသည့် ဘာသာရပ်များအား လေ့လာခဲ့ကြရသည်။ မိမိတို့ တပ်မတော်ဆိုသည်မှာ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဆိုသည်ကို သိလာခဲ့၏။ တပ်မတော်ခေါင်းဆောင်များက မောင်မောင်တို့အား–

**"အမျိုးအစား ပို၍ ကောင်းရမည်၊ ပြည်သူလူထုနဲ့ တသက်တည်းဖြစ်ရမည်"** ဟု အမြဲမပြတ် တိုက်တွန်းကြပ်မတ်ခဲ့ကြပါ၏။

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဆိုသည်မှာလည်း ဒီတပ်မတော်ကြီးက မွေးထုတ်လိုက်သည့် သား၊ နေ့စဉ် သစ္စာလေးချက် ဦးထိပ်ရွက်နေသည့် ပြည်သူ့တပ်မတော်သားများထဲမှ တစ်ယောက်မဟုတ်ပါလား။

* * *

တပ်မတော်သားဘဝ၌ နာမည်ကျော် စစ်ဆင်ရေးအတော်များများတွင် မောင်မောင် ပါဝင်ဆင်နွှဲခဲ့ရပါသည်။ စီစီဝမ်၊ တာပန်၊ နောင်လိုင်၊ ပါဖန်၊ မိုင်ယောင်၊ မန်ခူး၊ မန်ခါး စသည့် အရှေ့မြောက်ဒေသက တိုက်ပွဲစဉ် အတော်များများပင် မောင်မောင် ပါဝင်ခဲ့၏။ ထိုအထဲမှ အမှတ်တရဖြစ်ရသည့် ဖြစ်စဉ်တစ်ခုမှာကား-

၁၉၇၈ ခုနှစ်က နောင်လိုင်၊ ပါဖန်အရေးအခင်းကာလ။

ထိုနှစ် မတ်လဆန်းတွင် ဗကပတပ်မဟာ (၈) နှင့် (၁၂) ပူးပေါင်းပြီး နောင်လိုင်၊ ပါဖန်ဒေသအား ရုတ်တရက် အဆမတန် သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ရာ မောင်မောင်တို့ တပ်စခန်းအချို့ ကျဆုံးခဲ့ရသည်။

အထက်ဌာနများ၏ အစီအမံဖြင့် စစ်ကူစေလွှတ်ရာတွင် မောင်မောင် ပါဝင်သွားသည်။ မောင်မောင် ပါဝင်သည့် တပ်ခွဲသည် နောင်လိုင်စခန်းတောင်ဘက် သုံးမိုင်အကွာခန့်ရှိ ပန်မွန်းဆိုသည့် ရှမ်းရွာကလေးတွင် ရန်သူအင်အား (၅၀၀) ခန့်နှင့် တွေ့ဆုံပြီး ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည်။

ရန်သူ၏ များစွာသာလွန်သည့် လူအင်အား၊ လက်နက်ကြီး ပစ်အားနှင့် ရုတ်ချည်းတိုက်စစ်ကြောင့် မောင်မောင်တို့ဘက်တွင် အထိအနိုက် အကျအဆုံးများပြားခဲ့ရသည်။ ထိခိုက်ဒဏ်ရာရသူများထဲတွင် တပ်ခွဲမှူးလည်းပါသည်။





ဂျူနီယာ တပ်စုမှူးတစ်ဦးလည်း ပါသည်။ မောင်မောင်ကတော့ ကိုယ့်တပ်စုနှင့် အလူးအလဲခုခံသည်။ မနက်ကတည်းက တိုက်ပွဲဖြစ်သည်မှာ ညနေအထိ တစ်နေကုန်သည်။ ရန်သူက လုံ့ဖွပ်အကြိမ်ကြိမ် ထိုးသည်။ မိမိတို့ ခုခံမှုကြောင့် ရန်သူပြန်ပြီး လန်သွားသည်။ ညနေစောင်းတော့ ရန်သူက လက်နက်ကြီး ပစ်ကူဖြင့် ထပ်ဆောင်းအင်အားများနဲ့ ပိုပြီး ဖိလာသည်။ မောင်မောင်တို့ ဂျည် ဆန်ကုန်ပြီး ခွာစစ်ဆင်ရသည်။

တပ်ခွဲမှူးအပါအဝင် ဒဏ်ရာရသူများအား မောင်မောင်မှ ဦးစီးသယ်ယူသည်။ တပ်ခွဲအရာခံဗိုလ် ဆရာကြီးစိုင်းမောင်က တိုင်းရင်းသားရှမ်းလူမျိုး၊ သတ္တိကောင်းလှ၏။ သူက-

"ကဲ…ဗိုလ်ကြီး၊ ဒဏ်ရာရထားတဲ့ တပ်ခွဲမှူးနဲ့ ဗိုလ်ကြီးတင်မောင်အေးတို့ ခေါ်ပြီး လူနာတွေနဲ့ ဆုတ်သာဆုတ်တော့၊ ကျွန်တော် ဆရာစန်းမောင်တို့အဖွဲ့နဲ့ ခံချထားမယ်" ဟု ဆိုကာ တပ်စုတစ်စုနှင့် ဟန့်စစ်ဆင်ကျန်ရစ်ခဲ့သည်။

ဆရာကြီးစိုင်းမောင်တို့အဖွဲ့ ခုခံပစ်ခတ်ပေးမှုကြောင့် မောင်မောင်တို့ လူနာ (၁၂) ဦးပါသည့် လူ (၃၀) ခန့်အဖွဲ့ အောင်မြင်စွာ ခွာစစ်ဆင်ပြီး ဆုံကွေ့ရှိ ဗျူဟာရုံးကို နောက်တစ်နေ့တွင် သတင်းပို့နိုင်ခဲ့ပါသည်။ သို့ရာတွင် ဟန့်စစ်ဆင်ကျန်ခဲ့သည့် ဆရာကြီးစိုင်းမောင်၊ ဆရာခွန်လှ၊ ဆရာစန်းမောင်၊ ဆရာခင်မောင်၊ ဆရာလှျံခမ်း၊ ဆရာဆောင်းကို၊ ဆရာတင်သိန်း၊ တပ်သားကျည်း၊ တပ်သားအိုက်စံ၊ တပ်သားဇော်ဘွမ်း၊ တပ်သားမြင့်ဆွေ၊ တပ်သားအေးကိုတို့ အပါအဝင် တပ်ခွဲမှ အရာခံအကြပ်တပ်သား အတော်များများ ကျဆုံးခဲ့ရပါသည်။ သူတို့တတွေအား ရက်သတ္တသုံးပတ်အကြာတွင် ထိုဒေသကို မိမိတို့ တပ်မတော်က ပြန်လည်သိမ်းပိုက်ပြီးမှ သင်္ဂြိုဟ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ကိုယ်တိုင် ဦးစီးပြီး သင်္ဂြိုဟ်ခဲ့ခြင်းဖြစ်သည်။ သူ့တပ်ခွဲမှ သူနှင့် သေတူရှင်မကွာ လပေါင်းများစွာ အတူနေလာခဲ့ကြသူများဖြစ်၍ တသက်နဲ့ တကိုယ်၊ မမထား အပါအဝင် ဘယ်သူ့အတွက်မှ မျက်ရည်မကျခဲ့ဖူးသည့် မောင်မောင်တစ်ယောက်၊ ထိုစဉ်က မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့၏။ ဒီ ကျဆုံးသွားသူတွေက မိမိတို့အတွက် ရဲဘော်စိတ်အပြည့်ဖြင့် အသက်စွန့်သွားကြသူများ မဟုတ်လား။

**"ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်၏"** ဆိုသည်ကို မောင်မောင် ဤတွင် ကောင်းစွာ နားလည်ခဲ့ရပါသည်။

သွားကြပေဦးတော့ ရဲဘော်တို့ရေ... "ရဲသော်မသေ၊ သေသော် ငရဲ မလား ပါ"။

* * *

မောင်မောင်တို့ တပ်မတော်က လွတ်လပ်ရေးကြိုးပမ်းမှုနဲ့အတူ ပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်သူ့တပ်မတော်လည်း ဖြစ်သည်။ ပြည်သူ့တပ်မတော်ပီပီ၊ ကျင့်ဝတ်များကို စောင့်ထိန်းကြရ၏။ မောင်မောင်တို့ ထိုကျင့်ဝတ် (၆၀) ကို အမြဲလိုက်နာကြရပါသည်။ ဤတပ်မတော်ကြီးသည်ကား –

**"တစ်မျိုးသားလုံးအတွက်တို့ အသက်နဲ့လဲမယ် ××× အာဇာနည်ပီပီ ××× အရေးရှိခဲ့လျှင် ××× ရှေ့တရပ်တာ အသေခံရန် ယုံကြည် ××× ပြည်သူ့ တပ်မတော် အမှန်ဖြစ်သည် ××× နိုင်ငံ တပ်မတော် အမှန်ဖြစ်သည် ×××"**





ဟူသော ဆရာရွှေတိုင်ညွန့်၏ **"ပြည်သူ့တပ်မတော်"** တေးသီချင်းထဲက အတိုင်း တိုင်းပြည်အရေး ကြုံလာတိုင်း ဝင်ရောက်တာဝန်ယူခဲ့ရသည်ချည်းသာ။

ကြည့်ပါ။

လွတ်လပ်ရေးကာလနောက်ပိုင်း ပြည်တွင်းဆူပူသောင်းကျန်းမှုများ ၁၉၅၃-၅၄ တရုတ်ဖြူ အရေးအခင်းများ၊ ၁၉၅၈ ခုနှစ် နိုင်ငံရေးပါတီ အကွဲအပြဲဖောက်လမ်းများ၊ ၁၉၆၂ ခုနှစ် ဖယ်ဒရယ်မှုကိစ္စ အရေးအခင်းများ၊ ထိုကိစ္စများတွင် တပ်မတော်ကြီးကသာ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်တာဝန်ယူခဲ့ရပေသည်။

၁၉၈၈ ခုနှစ်က လှိုင်းကြီးလှေထန်ဖြစ်ရပ်မှန် လောကငရဲကြီးထဲသို့ ကျရောက်ခဲ့ရသော နိုင်ငံတော်ကြီးကိုလည်း တပ်မတော်ကသာလျှင် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားကာ ကယ်တင်ခဲ့ရပြန်ပါသည်။

ထိုစဉ်က မောင်မောင်တစ်ယောက် တွင်းထွက်ရတနာများကြောင့် ယနေ့ နာမည်ကြီးနေသည့် ရှမ်းပြည်နယ်တောင်ပိုင်းက မိုင်းရှူးမြို့ကလေးမှာ တာဝန်ကျခဲ့ပါသည်။ မပြတ်မလပ်သော သတိ ဝီရိယဖြင့် လုံခြုံရေးအစီအမံများ၊ နေ့မအား ညမနား ဆောင်ရွက်နိုင်ခဲ့သဖြင့် မောင်မောင် တာဝန်ကျရာ မိုင်းရှူးမြို့ကလေးမှာ လုံခြုံခဲ့ပါသည်။ ဘာဆို ဘာမှ မဖြစ်ခဲ့ပါ။ တတ်ကျွမ်းနားလည်သမျှနှင့် မောင်မောင် ထိန်းသိမ်းနိုင်ခဲ့ပါသည်။ မောင်မောင့်အား လေ့ကျင့်သင်ကြားပေးခဲ့သော တပ်မတော်ကြီးသည် –

**"စစ်ရေးစွမ်းရည်**

**စည်းရုံးရေးစွမ်းရည်**

**အုပ်ချုပ်ရေးစွမ်းရည်"** စတဲ့ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံသော အစဉ်



www.burmeseclassic.com

www.burmeseclassic.com



အလှ ကောင်းသည့် တပ်မတော်ဖြစ်၏။ ထိုတပ်မတော်ကြီး၏ လေ့ကျင့်သင်ကြားပေးမှုကြောင့်လည်း မောင်မောင်တစ်ယောက် ယခုအခါ–

**"တပ်မတော်ကြီးကို အင်အားရှိဘို့ ××× အရာရာမှာ ကူညီ ××× ရဲဘော်အပေါင်းတို့ ကိုယ့်သွေးသားမို့ ××× အစဉ်မမေ့အပ်ပေသည် ×××"**

ဟူသော စိတ်ဖြင့် ကျရာတာဝန်ကို အားကြိုးမာန်တက် ထမ်းရွက်နေနိုင်ခဲ့ပါပြီ။ မမထားနဲ့ ဖြစ်ပျက်ခဲ့သမျှကိုလည်း ဟိုအဝေးက အတိတ်မှာ ထားခဲ့နိုင်ပါပြီ။

* * *

ကရင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်စဉ် မောင်မောင် အိမ်ထောင်ကျသည်။ တက္ကသိုလ်မှာ စာအတူ သင်ခဲ့ဖူးသည့် သူငယ်ချင်း စောချမ်းအေးနဲ့ ဘားအံတွင် ပြန်ဆုံသည်။ စောချမ်းအေးက သစ်တောအရာရှိကလေး၊ ဘားအံဇီးတောရပ်တွင် အိမ်ရှိသည်။ စစ်ဆင်ရေးနားသည့်အခါ သွားရောက်လည်ပတ်ရင်း စောချမ်းအေးညီမ နော်ကို မောင်မောင် တွေ့သည်။ နော်နဲ့ စောချမ်းအေးကလည်း ဒီမောင်နှမနှစ်ယောက်တည်းသာ ရှိကြရှာသည်။

နော် သို့မဟုတ် နော်မေအေးက ချစ်စရာကောင်းလှ၏။ အသားဖြူဖြူ ဖွေးဖွေးလေးနဲ့ နာမည်နဲ့လိုက်အောင် ရိုးသားအေးဆေးသည်။ မောင်မောင် သွားတိုင်း လိုက်လိုက်လှဲလှဲနဲ့ ကြိုဆိုပြုစုသည်။ စစ်ဆင်ရေးက ပြန်ရောက်တိုင်း သူငယ်ချင်းအိမ်ရောက်ဖြစ်သည်။ နော်၏ အေးချမ်းလှသော ချစ်စဖွယ် အပြုံးလှလှကြောင့် သူငယ်ချင်းအိမ်က မောင်မောင့်အတွက် အိုအေစစ်ကလေးပမာ ဖြစ်ခဲ့ရပါ၏။ နော်ကြောင့် ဒီအိမ်ကလေးကို မသွားဘဲ မနေနိုင်ခဲ့ပါ။ တကယ်တော့ နော့်ကို မောင်မောင် ချစ်နေမိပါပြီ။ ဒါပေမယ့် နော့်ကို ဘယ်က





စပြောရမှန်းမသိခဲ့။ မမထားကြောင့် ခံမှန်ဘူးသည့် စာသူငယ်လို ဖြစ်နေခဲ့သည်။

ကြာတော့လည်း အားလုံးက သဘောပေါက်လာကြပါသည်။ စောချမ်းအေးကတော့ အလိုက်သိစွာ ပြောရှာ၏။

"ယောက်ဖရေ…မင်း ခဏခဏ ဒို့အိမ်လာနေရတာ ချောင်းပေါက်တော့မယ်၊ မင်းမပြောရဲလဲ ငါ့ညီမကို ငါပဲ ပြောပေးပါ့မယ်၊ မင်းနဲ့ဆိုရင် ငါက သဘောတူပြီးသားပါကွာ"

သူ့ညီမလေးကိုသာမက သူ့အမိုးနဲ့ အပါးကိုပါ စောချမ်းအေးက ပြောပေးဖော်ရခဲ့ပါသည်။

သည်သို့ဖြင့် အလိုက်သိသော သူငယ်ချင်းယောက်ဖ၏ ကျေးဇူးကြောင့် နော်နဲ့ လက်ထပ်ဖြစ်ခဲ့သည်။ အိမ်ထောင်ကျပြီး မကြာမီပင် နော်က မောင်မောင့်အတွက် သားလေး ဖိုးခွားကို မွေးဖွားပေးခဲ့၏။

ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့ဖူးသော မောင်မောင်က တစ်ဦးတည်းသော သားအား တနင်္လာသားမို့ သူ့ထက် ကျော်ကြားစေရန် ကျော်မောင်အေးဟု အမည်ပေးခဲ့သည်။

ယခုတော့ သားငယ် စောကျော်မောင်အေးသည်ပင်လျှင် အရွယ်ရောက်နေပေပြီ။

* * *

"ငှက်ပျောပင် နိုက်၊ မိလိုက် ဖပါ" ဆိုသော မြန်မာစကားရှိ၏။ ဘမျိုး ဘိုးတူ ဆိုသလို တစ်ဦးတည်းသောသားလေး စောကျော်အေးက ဆယ်တန်းအောင်ပြီးချိန်တွင်တော့ မောင်မောင့်အား သတင်းပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ…သားလဲ စစ်ထဲဝင်ချင်တယ်"

"ဟာ…ရတာပေါ့၊ ဝင်ပေါ့ သားရဲ့"

မောင်မောင်က အလွယ်တကူ ဝမ်းမြောက်ဝမ်းသာ သဘောတူခဲ့သည်။ ဒါပေမယ့် သားတို့အမေ နော်ကတော့ တစ်ဦးတည်းသော သားလေးမို့-

"မလုပ်ပါနဲ့ အဲဒ်ဒီဒ်ရယ်၊ သားလေးတစ်ယောက်ထဲရှိတာ၊ ဥမကွဲ သိုက်မပျက် အတူတူနေရအောင်ပါ"

"မဟုတ်ပါဘူး နော်ရယ်၊ စစ်ထဲဝင်တာ ကောင်းတာပေါ့၊ တို့တပ်မတော်က ယောကျ်ားကောင်းတွေဖြစ်အောင် သင်ပေးတဲ့ကျောင်းကြီးပဲ၊ ဘာမှ ပူစရာမရှိပါဘူး၊ သားကှာ ယောကျ်ားပဲ၊ လုပ်စမ်းပါစေ"

"မတော်တဆ သေသွားမှ စိုးလို့ အဲဒ်ဒီဒ် ရဲ့"

"အမယ်လေး မိန်းမရယ်၊ စစ်ထဲဝင်လိုက်သာ သေရင် သူ့အဖေ ကိုယ်လည်း သေပြီပေါ့"

'သူ့အဖိုး မင်းအပါးလဲ လေထီးတပ်နဲ့ အိန္ဒိယကနေ မက်ဆိုပိုတေးမီးယားစစ်မြေပြင်ထိ ရောက်ခဲ့တာပဲ၊ တိုက်ပွဲတွေ အများကြီးလဲ တိုက်ခဲ့တယ်၊ သူလဲ စစ်သားလုပ်လို့ သေရင် သေတာကြာပေါ့"

ယောက္ခမကြီးကလည်း အနှစ်လေးဆယ်ကြာ စစ်သားလုပ်ခဲ့သည်။ ဘုရင့်လေထီးတပ်က ပင်စင်စားဖြစ်ခဲ့သူမို့ မောင်မောင်က ထည့်ပြောလိုက်သည်။

သည်သို့နှင့်ပင် သားလေး စောကျော်မောင်အေးတစ်ယောက် ပြင်ဦးလွင် စစ်တက္ကသိုလ်သို့ မနှစ်က ရောက်သွားခဲ့သည်။ အဖေ့ခြေရာနင်းမည့် သားပေါ့၊ ဒီသားကိုတော့ သူကိုယ်တိုင် မှာစရာရှိသည်များ ပြည့်စုံစွာ မှာခဲ့ပါ၏။





သူ ငယ်ငယ်ကလို '**ငါ့သားများ စစ်ထဲဝင်ရင်လေ**' ဆိုသည့် ဆိုင်းဘုတ်ကြီးအား သွားဖတ်နေစရာ မလိုတော့ပါ။

* * *

မမထားကြောင့် မောင်မောင့်ဘဝ လုံးဝပြောင်းလဲခဲ့ရပါသည်။ စစ်ထဲဝင်ခဲ့သည်၊ စစ်သားဖြစ်ခဲ့သည်၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရင်း တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ခဲ့သည်။

**"သားစဉ် မြေးမြစ်၊ ပြောထုံးဖြစ်အောင်၊**
**တစ်စစ် တစ်မက်၊ ကိုယ်နဲ့ သက်ကို နှင်းဆက်တိုက်မည်၊**
**အားသန်ရည်၍၊ ဦးလည်မသုန် ထမ်းပါကုန်လော့"**

**(နန္ဒသေနမှူး)**

အထက်ပါစာအတိုင်း ကိုယ်သာ စစ်သားလုပ်ယုံမက တစ်ဦးတည်းသော သားကိုပါ တပ်မတော်ထဲသို့ လိုက်ပါစေခဲ့ရာ ၄င်း သား ပြင်ဦးလွင် စစ်တက္ကသိုလ်တွင် တက်ရောက်သင်ကြားနေပေပြီ။ နောက်တစ်နှစ် နှစ်နှစ်ဆို ပြီးပြီ။ စစ်သားကြီး ဖြစ်ပေရှော့မည်။

မောင်မောင် ပျော်ပါသည်။ ကျေနပ်လှပါသည်။ တပ်မတော်ထဲ ဝင်ဖြစ်အောင် လုပ်ဆောင်ပေးခဲ့သည့် မမထားတို့ အသိုင်းအဝိုင်းအားလည်း ယခုတော့ ခွင့်လွှတ်ကျေးဇူးတင်ခဲ့ပါပြီ။ စိတ်ပိုင်းရော ရုပ်ပိုင်းပါ ဘဝတစ်ခုလုံး ပြောင်းလဲပေးခဲ့သည့် တပ်မတော်ကြီးကိုတော့ ကျေးဇူးအတင်ဆုံး ဖြစ်ပါ၏။ မောင်မောင်လို မိဘမဲ့သားတစ်ယောက်အတွက် တပ်မတော်သာ အမိ၊ တပ်



www.burmeseclassic.com

www.burmeseclassic.com



မတော်သာ အဖဆိုသည်မှာလည်း မှန်လွန်းခဲ့ပါပြီ။ တပ်မတော်ကြီး၏ ကျေးဇူးတရားက ကြီးမားလှပါပေသည်။ စစ်သားကောင်းတစ်ယောက်အဖြစ် မိမိတစ်ဦးတည်းသာ ရပ်တည်နိုင်ရုံမက မိမိအမွေအား သားဆီသို့ပင် လက်ကမ်းနိုင်ခဲ့ပါပြီ။ ယခုလည်း သားကဲ့သို့သော နောင်တစ်ခေတ်၏ အောင်စစ်သည်သားကောင်းရတနာများကို ရွေးချယ်ပေးနေရသည့်အတွက် ဝမ်းသာကြည်နူးနေရပါသည်။ သူတို့ကို မကြာခဏ ထိတွေ့သင်ကြားခွင့်ရ၍လည်း အထူးတလည်လည်း ကျေနပ်ခဲ့ပါ၏။

* * *

အကယ်၍သာ စစ်သည်တော်ကြီး မောင်မောင်တစ်ယောက် ယနေ့သူ နောက်ဆုံးစစ်ဆေးပြီး အောင်မှတ်ပေးခဲ့သည့် လူငယ်လေး မောင်သက်လွင်အောင်သည် မမထား တစ်ယောက်တည်းသာ သိထားသော လွန်ခဲ့သည့်အနှစ်နှစ်ဆယ်ကျော်က မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သနေ့တည်သွားခဲ့သည့်သူနဲ့ မမထားတို့ရဲ့ တစ်ဦးတည်းသော သားဆိုသည်ကိုသာ သိသွားခဲ့မည်ဆိုပါက-

"စစ်တပ်ဆိုတာ အမှန်သာ လိုက်နာနိုင်ရင် တကယ့်ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကို သင်ကြားပေးတဲ့ ကျောင်းကြီးပေါ့ သားရေ"

ဟု သူ့ဘဝအတွေ့အကြုံတွေကို ထိုသားကြီးများ သွားပြီး ပြောနေဦးမလား မသိနိုင်ပါပြီ။

* * *

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်



(၁၉၉၅ ခုနှစ်၊ အောက်တိုဘာလတွင် ဗိုလ်လောင်းရွေးချယ်ရေးအဖွဲ့ (O.T.T) ၌ ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ခေတ္တထမ်းဆောင်ရစဉ်က ကြုံခဲ့ရသည့် ဖြစ်စဉ်တစ်ခုအား ဇာတ်လမ်းဖွဲ့ရေးသားပါသည်)

(သော်င်းဝေဦး)

၂၇-၈-၂၀၀၁

လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတိုက်

www.burmeseclassic.com